နန္ဒကျော်သူ

# ချင်းမိန့်သိုင်းလုလင်

(ဒုတိယပိုင်း ဇာတ်သိမ်း)

### ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | .... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | .... | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | .... | ဒို့အရေး |

---

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

---

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် တိုက်ခိုက်ချေမှုန်းကြ။

ဖူဝမ်စင်း မျက်လုံးအိမ်မှ မျက်ရည်များ စီးကျနေသည်။

ချင်းမိန်ဂိုဏ်း အဆောက်အအုံကား ပြာပုံအတိ ဖြစ်နေချေပြီ။

'ဘယ်သူ့လက်ချက်လဲ'

ဖူဝမ်စင်း တွေးတောလိုက်၏။

ရန်သူ ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းမျိုး မဖြစ်နိုင်ဟု တွေးမိသည်။

ဤသို့ဆိုလျှင်....

'ငါ့ကြောင့်ပဲလား'

သူ၏ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားသည်။

ချင်းမိန်ဂိုဏ်းသည် သူ့အပေါ် အလွန်အားထားခဲ့သည်။

သို့သော် သူသည် ယှဉ်ပြိုင်ပွဲကို အချိန်မီ မသွားနိုင်ခဲ့ပါ၊ ထို့အတွက်ကြောင့်ပင်လား။

ဖူဝမ်စင်း ဝမ်းနည်းစွာ ငိုကြွေးလိုက်လေတော့သည်။

'ဟူး – မောလိုက်တာ'

မိုးယက္ခသည် သစ်ပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

သူသည် ကျားသစ်လက်မှ လွတ်အောင် အသည်းအသန် ပြေးလာခဲ့ရသည် မဟုတ်ပါလား။

ကျားသစ်သည် အလွန်ကျောက်စရာကောင်းလှသော ကြေးတန်းစား လူသတ်သမား ဖြစ်သည် မဟုတ်ပါလား။

သူသည် ကျားသစ်အား မည်သို့မျှ ယှဉ်ပြိုင်ခုခံနိုင်မည် မဟုတ်ပါ။



မိုးယက္ခ ချုံချစ်လုံ အံကိုကြိတ်လိုက်၏။

'ဒါဟာ မင်းသားလေးရဲ့ လက်ချက်ပဲ၊ ငါ့ကို နှုတ်ပိတ်ပစ်ဖို့ ကြံစည်နေတာပဲ၊ တွေ့ကြသေးတာပေါ့'

သူက စိတ်ထဲမှ ခံပြင်းစွာဖြင့် ကြုံးဝါးလိုက်သော်လည်း မင်းသားလေးထံ သွားရောက်တိုက်ခိုက်ရန် စိတ်ကူးမရှိပါ။

ကျားသစ်လက်မှ လွတ်မြောက်အောင် ပြေးရန်သာ တွေးနေ၏။

အနည်းငယ်အမော ပြေသည်နှင့် သူသည် တစ်ရှိန်ထိုးပင် ရှေ့သို့ ပြေးလွှားသွားခဲ့လေတော့သည်။

မိုးယက္ခ ပြေးလွှားနေရာမှ ရုတ်တရက် ရပ်တန့်မိ၏။

'ငါဒီလိုပြေးနေလို့ ဘယ်ဖြစ်မှာလဲ

ဟူသော အတွေးဝင်လာသောကြောင့်ပင် ဖြစ်ပါသည်။

မိုးယက္ခ ချုံချစ်လို့ စဉ်းစားလိုက်သည်။

သူ ဤအတိုင်း ပြေးနေလျှင် ကျားသစ်၏ လက်ချက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။

ကျားသစ်သည် သူ့အား မရအရ ရှာဖွေကာ လုပ်ကြံမည် မှာ ဖြစ်သည်။

ကျားသစ်၏လက်မှ လွတ်မြောက်နိုင်မည့် နည်းလမ်းကား တစ်ခုသာ ရှိပေသည်။

ထိုနည်းလမ်းကား ကျားသစ်က သူ့အား မသတ်မီ သူက ကျားသစ်အား သတ်ပစ်ရန်ပင် ဖြစ်ပါသည်။

သို့သော် သူတစ်ယောက်တည်း ကျားသစ်အား သတ်ပစ်နိုင်သော အရည်အချင်း မရှိပါ။

ကျားသစ်အား သတ်ရန်အတွက် အကူအညီလို၏။

သူက ချက်ချင်းပင် လူတစ်ယောက်အား သတိရသွား၏။

သူ၏မျက်နှာ ပြုံးရွှင်သွားသည်။

စိတ်လည်း ပေါ့ပါးသွားသည်။

ထို့နောက် သွက်လက်သော ခြေလှမ်းများဖြင့် ရှေ့သို့ ဆက်လက်၍ ပြေးလွှားသွားလေတော့သည်။



ဝမ်ကျားပေါင်....

သိုင်းလောကတွင် လူထူးလူဆန်း မြောက်မြားစွာ ရှိ၏။

သာမန်လူနှင့်မတူ ကွဲပြားသော စိတ်ထားရှိသော သိုင်းပညာ ထူးဆန်းသော သိုင်းသမားများကို သိုင်းလောကသားတို့က လူထူးလူဆန်းဟု ခေါ်တတ်ပေသည်။

ဝမ်ကျားပေါင်သည်လည်း လူထူးလူဆန်းတစ်ယောက်ဟု သတ်မှတ်ခြင်း ခံရသူ တစ်ယောက်ပင် ဖြစ်သည်။

သူ၏ ရုပ်ရည်ရူပကာ ထူးခြားခြင်းမရှိပါ။

သာမန်လူတစ်ယောက်လိုပင် ဖြစ်သည်။

သို့သော် သူ့တွင် အလွန်ထူးခြားသောစရိုက်ရှိသည်။

သူသည် သိုင်းလောကတွင် အသိကျွမ်းမိတ်ဆွေ အလွန်ပေါများသူဟုဆိုနိုင်သလို မိတ်ဆွေတစ်ယောက်မှမရှိဟုလည်း ပြောဆိုနိုင်ပြန်သည်။

အဘယ်ကြောင့်ဆိုသော်....

သူသည် လူတစ်ယောက်အတွက် မည်သည့်အကူအညီမပေးသလို အကူအညီလည်း မတောင်းပါ။

အကယ်၍ သူက အကူအညီတောင်းမည် ဆိုလျှင်လည်း ထိုက်သင့်သော အခကြေးငွေပေးတတ်ပြီး ကျေးဇူးတင်ခံသူ မဟုတ်ပါ။

သူက မည်သူ့ကိုမျှ အရက်တစ်ခွက် ရေနွေးတစ်ခွက်ပင် အလကားမတိုက်ပါ။

အကယ်၍ သင်က သူ့အိမ်ရောက်ခဲ့လျှင် ရေတစ်ခွက်ပင် အလကားသောက်ရလိမ့်မည်မဟုတ်ပါ။

ဝမ်ကျားပေါင်တွင် ထူးဆန်းသော ဝါသနာတစ်ခုလည်း ရှိသည်။

ထိုဝါသနာမှာ အခြားမဟုတ်ပါ။

လက်နက်များစုဆောင်းခြင်းပင် ဖြစ်သည်။

သင်သည် ဝမ်ကျားပေါင်၏ အိမ်တွင်းဝင်မိလျှင် ထိုင်စရာ ကုလားထိုင် တစ်လုံးကိုမျှ တွေ့မည်မဟုတ်ပါ။

သို့သော် တစ်အိမ်လုံးတွင် လက်နက်များဖြင့် ရှုပ်ထွေးနေသည်ကိုသာ တွေ့ရမည်ဖြစ်ပေသည်။

သူ့ထံတွင် ရှေးဟောင်း ကျောက်ခေတ် လက်နက်မှ ဈ ယနေ့ခေတ်လက်နက်များ စုံသင့်သလောက် ရှိနေပေသည်။



ဝမ်ကျားပေါင်သည် သူ၏ အိမ်သို့ မိုးယက္ခ ချုံချစ်လုံ ရောက်ရှိလာသောအခါ ဝမ်းသာလှိုက်လှဲစွာကြိုဆိုလိုက်သည်။

ရေနွေးကြမ်းဖြင့်လည်း ဧည့်ခံလိုက်သည်။

မိုးယက္ခ အံ့သြသွား၏။

ဝမ်ကျားပေါင်အပြုအမူက ထူးခြားနေသည်။

ဝမ်ကျားပေါင်သည် အကူအညီလိုအပ်နေဟန်ရှိသည်။

မိုးယက္ခက ရိပ်စားမိသည်နှင့် သူက စတင် အကူအညီ မတောင်းတော့ပါ။

ဝမ်ကျားပေါင် စကားစအလာကို စောင့်နေလိုက်သည်။

အကူအညီခြင်း လဲလှယ်ရသော် မိမိက အသာစီးရ ရမည် မဟုတ်ပါလား။

ဝမ်ကျားပေါင်က....

'ချုံချစ်လုံ မင်း ရောက်လာတာ အတော်ပဲ'

မိုးယက္ခချုံချစ်လုံက....

'ဟုတ်လား ပြောပါဦး'

'မင်း ကျုပ်နဲ့ လက်ဆွဲပြီး အလုပ်တစ်ခု လုပ်နိုင်မလား မင်းအတွက်အကျိုးမယုတ်စေရဘူး'

မိုးယက္ခချုံချစ်လုံက....

'ဘာအလုပ်လဲ'

ဝမ်ကျားပေါင်က....

'ဘာအလုပ်လဲဆိုတာ သိရမှာပေါ့၊ ဒီကိစ္စအောင်မြင်ရင် မင်းအတွက်ငါးထောင်တိတိရမယ်'

မိုးယက္ခချုံချစ်လုံ အံ့အားသင့်သွားသည်။

အလွန်များပြားသော ငွေကြေးပမာဏပင် ဖြစ်သည်။

'မက်မောစရာပါလား'

ဝမ်ကျားပေါင်က....

'ဟုတ်တယ်'

'ကျုပ်က ဘာလုပ်ပေးရမှာလဲ'

'ငါခိုင်းတာလုပ်တာပဲ'

မိုးယက္ခက....

'ကျုပ်ဘာလုပ်ရမှန်းမသိဘဲ ဘယ်လိုသဘောတူရမှာလဲ'

ဝမ်ကျားပေါင်က ရယ်မောလိုက်သည်။

ထို့နောက် မိုးယက္ခအား စိုက်ကြည့်လိုက်ပြီး....



'မင်းရဲ့ သိုင်းပညာဟာ အားကိုးလောက်တာမဟုတ်ဘူး၊ မင်းကို ငါအလုပ်ပေးတာက မင်းမှာဉာဏ်ရှိတယ်၊ ပြီးတော့ အလုပ်လုပ်ပြီဆိုရင် တိကျတယ်၊ ဒါကြောင့် အားလုံးထဲမှာ မင်းကိုရွေးဖို့ စိတ်ကူးထားတာ မင်းထက်အရည်အချင်း သာလွန်တဲ့ လူတွေ သိုင်းလောကထဲမှာ တစ်ပုံကြီးပဲ၊ မင်းကို ကြုံကြိုက်တုန်း အသင်ပြေအောင် ငါကကမ်းလှမ်းတာ မင်းက သဘောမတူအနေပေါ့'

ဟု ခပ်တင်းတင်းပင် ပြောလိုက်၏။

မိုးယက္ခက ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား ဒီလောက်ကောင်းတဲ့အခွင့်အရေးကို ကျုပ်ကဘာကြောင့်ငြင်းပယ်ရမှာလဲဗျာ၊ ဒါပေမယ့် ကျုပ်က တစ်ခုထပ်ပြီး တောင်းဆိုချင်တယ်'

ဝမ်ကျားပေါင်က....

'ငွေနည်းလို့လား'

'မဟုတ်ဘူး'

'ဒါဆိုဘာလဲ'

'ကျုပ်အတွက် ခင်ဗျားက လူဆန်းတစ်ယောက်ကို ကူညီ တိုက်ခိုက်ပေးရလိမ့်မယ်'

ဝမ်ကျားပေါင် မျက်မှောင်ကြုတ်သွားပြီး....

'မင်းမှာ ရန်သူရှိနေတယ်'

'ဟုတ်တယ်'

'ဘယ်သူလဲ'

မိုးယက္ခက တစ်လုံးချင်းဖြေလိုက်သည်။

'ကျားသစ်'

ဝမ်ကျားပေါင် ပြုံးသွား၏။

'ကျားသစ်က ကြေးတန်းစားပဲကွ၊ သူ့ကို ခိုင်းတဲ့လူ ရှိပြီပေါ့'

မိုးယက္ခက ခေါင်းညိတ်လိုက်သည်။

'ရှိတယ်၊ ဒါပေမယ့် အခု လက်ရှိ ကျုပ်ကိုဒုက္ခပေးမှာက ကျားသစ် ဖြစ်နေတယ်ဗျ'

ဝမ်ကျားပေါင်က....

'ဒါဆိုရင် ! အခု လောလောဆယ် မင်းအတိုက် ငါက ကျားသစ်ကို ဖြေရှင်းပေးရမယ်ပေါ့'

'ဟုတ်တယ်'

ဝမ်ကျားပေါင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး—

'ကောင်းပြီ၊ ဒါပေမယ့် မင်းက ဒီအလုပ်ကို လုပ်ပေးတဲ့ အခါ ငွေငါးရာပဲပေးနိုင်တော့မယ်'



မိုးယက္ခက....

'ဘာဆိုင်လို့လဲဗျ'

ဝမ်ကျားပေါင်က နှာခေါင်းရှုံ့လိုက်ပြီး....

'ဒီမှာ ချုံချစ်လို့၊ ကျားသစ်ဟာ အခုလို ဒီကိုလာတဲ့လမ်းမှာ ရှိနေလောက်ပြီကွ၊ ငါခိုင်းတဲ့ အလုပ်က မင်းအလုပ်လောက် တောင် အန္တရာယ်မများဘူး၊ မင်း သဘော တူချင်တူ မတူ ချင်နေ'

မိုးယက္ခ သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီဗျာ'

ဝမ်ကျားပေါင်က ရယ်မောလိုက်သည်။

'ကဲ...ကဲ....ကဲ လာသွားကြစို့'

'ဘယ်သွားမှာလဲဗျ'

'ကျားသစ်အလာကို မင်းကထိုင်စောင့်မလို့လား၊ မင်းကိစ္စ မြန်မြန်ပြီးတော့၊ ငါ့ကိစ္စစလို့ရတာပေါ့'

မိုးယက္ခ ဘာမှမပြောတော့ပါ။

ဝမ်ကျားပေါင် စိတ်ပြောင်းသွားလျှင် သူ့အတွက် အခ က် အခဲနှင့် ကြုံတွေ့ရနိုင်မည် မဟုတ်ပါလား။

'မင်း ကျုပ်လက်က ပြေးလို့ လွတ်မှာ မဟုတ်ဘူး ဆိုတာ သိပြီလား'

အေးစက်သော စကားသံနှင့်အတူ ကျားသစ် ရောက်ရှိလာသည်။

သူသည် ကျောက်တုံးပေါ်တွင် ထိုင်နေသော မိုးယက္ခ ချုံချစ်လုံးအား စိုက်ကြည့်ကာ ထပ်ပြောလိုက်သည်။

'ပထမအကြိမ် မင်း ကံကောင်းလို့လွတ်မြောက်သွားတယ်၊ ဒါပေမယ့် မင်းအတွက် ဒုတိယအကြိမ်ဆိုတာ မရှိဘူး'

သူ့စကားအဆုံးတွင် မိုးယက္ခက ရယ်မောလိုက်သည်။

'ကျားသစ်၊ မင်းက အတော်ညာဏ်နည်းတာပဲ၊ ကျုပ်က မပြေးနိုင်တာလဲ မပြေးဘဲ စောင့်နေတာလားဆိုတာတောင်မှ ခွဲခြားပြီး မသိပါလား'

ကျားသစ် မျက်မှောင်ကြုတ်သွား၏။

မိုးယက္ခက ဆက်ပြောလိုက်သည်။

'ကျုပ်က မင်းလက်က လွတ်အောင်ပြေးချင်ရင် မင်းက ကျုပ်ကို ရှာတွေ့မယ်မထင်နဲ့၊ အခု တမင် မင်းကို စောင့်နေတာကွ'



ကျားသစ်က ...

'ဒါဆို မင်းက ကိုယ့်သေတွင်း ကိုယ်တူးတာပဲ၊ မင်းရဲ့ သိုင်းပညာနဲ့ ကျုပ်ကို ယှဉ်ဖို့ စိတ်ကူးတာမှ ပိုပြီး ညာဏ်မရှိတာပဲ'

ဟု ပြန်လည်ချေပ ပြောဆိုလိုက်သည်။

မိုးယက္ခက....

'မှန်တယ်၊ ကျုပ်တစ်ယောက်တည်းဆိုရင်တော့ ခင်ဗျားကို ကျုပ်က ဘယ်ယှဉ်လို့ရမှာလဲ'

ထိုစကားကြားလိုက်ရသောအခါ ကျားသစ် မျက်နှာပျက်သွားသည်။

မိုးယက္ခသည် တမင် သူ့အား ရှင်းပစ်ရန် စောင့်ဆိုင်းနေခြင်း ဖြစ်သည်ကို နားလည်သဘောပေါက်ထားသည်။

ကျားသစ် ဒေါသထွက်သွားသည်။

'ကောင်းပြီ၊ မင်း ကျုပ်ကို ရှင်းနိုင်ရင် ရှင်းစမ်း'

သူက စကားဆုံးသည်နှင့် ထိုင်နေသော မိုးယက္ခထံ လျင်မြန်စွာပင် ခုန်အုပ်လိုက်သည်။

သူ၏လှုပ်ရှားမှုသည် ကျားသစ်တစ်ကောင်အလား လျင်မြန်လှသည်။

ရိပ်ခနဲပင် မိုးယက္ခအနီး ရောက်ရှိသွားပြီး သူ့လက် ငါးချောင်းက မိုးယက္ခ၏လည်မျိုကို ကုပ်ဆွဲလိုက်သည်။

မိုးယက္ခ လုံးဝ မရှောင်တိမ်းပါ။

အေးအေးဆေးဆေးပင် ထိုင်နေသည်။

ထိုစဉ် ကျောက်တုံးနောက်ကွယ်မှ လူရိပ်တစ်ရိပ် ခုန်ထွက်လာပြီး ကျားသစ်အား ဓားနှင့် ခုတ်ချလိုက်သည်။

ကျားသစ် ထိတ်လန့်သွားသည်။

ထိုကျောက်တုံးအနောက်တွင် လူရှိနေမည်ဟု သူမထင်ပါ။

ယခု အလစ် တိုက်ခိုက်ခြင်း ခံလိုက်ရသောအခါ လုံးဝ ရှောင်တိမ်းရန် အချိန်မရှိတော့ပါချေ။

'အား'

ကျားသစ်မှာ နာကျင်စွာ အော်ဟစ်ရင်း မြေပေါ် ပြုတ်ကျသွားသည်။

ကျားသစ်အား ဓားနှင့်ခုတ်လိုက် သူကား ဝမ်ကျားပေါင်ပင် ဖြစ်ပါသည်။

ဝမ်ကျားပေါင်က ဓားကို ရုတ်သိမ်းလိုက်ပြီး....

'ကျုပ်တစ်သက်မှာ လူတစ်ယောက်ကို အလစ်တိုက်ခိုက်တာ ဒါပထမဆုံးအကြိမ်ပဲ'



မိုးယက္ခ ပြုံးလိုက်သည်။

'ကျားသစ်ဟာ သေသင့်တဲ့လူပါဗျာ'

'ကျုပ်သိတယ်၊ ဒါပေမယ့် ဒီလိုတိုက်ခိုက်ရတာကို ကျုပ်က မလုံမလဲ ခံစားရတယ်ဗျ'

မိုးယက္ခက....

'ဒီမှာ ဝမ်ကျားပေါင်၊ ခင်ဗျားက အခုမှ သူတော်ကောင်းဟန်ဆောင်မနေနဲ့၊ ကျားသစ်လိုလူကို အခုလို ဉာဏ်မဆင်ရင် ရှင်းလင်းဖို့ မလွယ်ကူဘူးဆိုတာ ခင်ဗျားသိတယ်'

ဝမ်ကျားပေါင် မျက်နှာတင်းသွား၏။

'ကဲ... မင်းအတွက် ကျုပ်လုပ်ပေးပြီးပြီ'

မိုးယက္ခ ထိုင်ရာမှ ထလိုက်သည်။

'ခင်ဗျားအတွက်လဲ ကျုပ်က ကတိအတိုင်း ဆောင်ရွက်ပေးမှာပေါ့ဗျာ၊ ကဲ ပြော၊ ကျုပ် ဘာလုပ်ရမလဲ'

ဝမ်ကျားပေါင်က တစ်ချက် စဉ်းစားလိုက်ပြီး....

'အိမ်ပြန်မယ်၊ ညစာ စားသောက် အကြံထုတ်ကြမယ်၊ မင်းရဲ့ဉာဏ်နီဉာဏ်နက်တွေက ကျုပ်အတွက် ကောင်းကောင်း အသုံးဝင်နိုင်တယ်'

မိုးယာစွေ့ချက်နှာ ရှုံ့မဲ့သွား၏။

ထို့နောက် သူတို့နှစ်ယောက်သည် တောလမ်းအတိုင်း ထွက်ခွာသွားကြလေတော့သည်။

ဖူဝမ်စင်းသည် မီးလောင်ပြင်ရှေ့တွင် ဒူးထောက်နေဆဲ ဖြစ်၏။

သူသည် ဆရာဖြစ်သူ၏ပြောစကားများကို ပြန်လည်ကြား ယောင်နေ၏။

သူ၏ အတွေးအာရုံထဲဝယ် ချင်းမိန်ဂိုဏ်း၏ အတိတ် အကြောင်းများသည် အရိပ်သဖွယ် ပေါ်ထွက်လာ၏။

ထိုအချိန်တွင် သူသည် မေ့ပင်မေ့ဖွားဦးမည် မထင်ပါ။

သူ့ဘဝသည် ချင်းမိန်ဂိုဏ်းနှင့် ပတ်သက်လာမည်ဟုလည်း သူ မသိခဲ့ပါ။



ကံကြမ္မာကြောင့် သူသည် ချင်းမိန်ဂိုဏ်း၏ အကျိုးအတွက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

ချင်းမိန်ဂိုဏ်းအတွက် သူ ဆောင်ရွက်ပေးရမည်။

အောင်မြင်အောင် သူကြိုးစားရမည်။

သူ့ လက်သီးကို တင်းတင်းပါအောင် ဆုပ်ထားလိုက်မိ လေသည်။

သိုင်းလောကအတွင်းဝယ် ယခုနှစ်ပိုင်းတွင် လူငယ် သိုင်း သမား အများအပြားပင် ထွက်ပေါ်လာခဲ့လေသည်။

လူငယ်သိုင်းသမားများထဲမှ အချို့သည် အလွန်ပင် ကျော် ကြားကြသည်။

သိုင်းလောကမှာ ဝါရင့်သိုင်းသမားကြီးများပင် သတိ ထားကြည့်လာရသော အနေအထားပင် ဖြစ်၏။

လူငယ်သိုင်းသမား အများအပြား ပေါ်ထွက်လာသည့်နည်းတူပင် အဖွဲ့အစည်းအသစ်များစွာလည်း အလျှိုအလျှို ပေါ်ထွက်လာခဲ့ပေသည်။

မည်သို့ဆိုစေ သိုင်းသမား များပြားလာခြင်းက သိုင်းလောက စည်ကားလာခြင်းပင် မဟုတ်ပါလား။

❦

ယန်ကြူးမြို့....

ယန်ကြူးမြို့သည် အလွန်ကြီးမားသော မြို့တစ်မြို့ မဟုတ်ပါ။

ထို့အတူ သေးငယ်သောမြို့လည်း မဟုတ်ပါ။

လမ်းခရီး ဆက်သွယ်မှု ကောင်းမွန်ပြီး စည်ကားသော မြို့ကလေးတစ်မြို့ပင် ဖြစ်သည်။

ယန်ကြူးမြို့သည် လုယန်နှင့် ခိုင်ဖုံး ဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင် တည်ရှိ၏။



တစ်ဖန် ယန်ကြူးမြို့၏တောင်ဘက်တွင် မြစ်ဆိပ်တစ်ခုရှိပြီး ရေလမ်းခရီးဖြင့်လည်း ကူးလူးသွားလာနိုင်၏။

ထို့ကြောင့် ယန်ကြူးမြို့အဝင် လမ်းမကြီးတွင် ဆိုင်ခန်းများ၊ ပွဲရုံများဖြင့်သာ ပြည့်နေပေသည်။

ယန်ကြူးမြို့အဝင် လမ်းမကြီးမှာ ရှည်လျားသလောက် ဆိုင်ခန်း များပြားလှရာ လူလည်း မပြတ်ပေ။

ယနေ့ ထိုလမ်းမပေါ်တွင် အနီရောင် သစ်လွင်သော စေး ခြယ်သထားသည့် ဂေဟာတစ်ခုကို တွေ့ရမည် ဖြစ်၏။

ဂေဟာအဝင်တွင် အနီရောင် ပိတ်စတစ်ခု ရှိ၏။

ရောင်စုံမီးပုံးများလည်း ချိတ်ဆွဲထား၏။

ကြည့်ရသည်မှာ ယနေ့ ဂေဟာဖွင့်ပွဲ ကျင်းပမည်နှင့်တူ၏။

လမ်းသွား လမ်းလာများသည် ထိုဂေဟာကို ကြည့်သွားကြသည်။

မည်သည့်ဆိုင်ခန်းဖွင့်မည်နည်းဟု တွေးနေကြသည်။

သို့ရာတွင် ဂေဟာတံခါးဖွင့်ထားသဖြင့် အတွင်းသို့ မြင်နေရသည်။

ဂေဟာခန်းမအတွင်း ရောင်းချရန် ကုန်စည်ကို မတွေ့ရပါ။

စားပွဲကုလားထိုင်များကိုသာ ခင်းကျင်းထားပေသည်။

နံနက်ကတည်းက ပြင်ဆင်ထားခြင်းဖြစ်ရာ ညနေစောင်းမှစ၍ ဂေဟာအတွင်းသို့ ဧည့်သည် တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရမည် ဖြစ်၏။

ဂေဟာအမှုထမ်းများသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူတို့သည် ရောက်ရှိလာသော ဧည့်သည်များကို ကြိုဆိုကာ နေရာချထားပေးနေသည်။

ရောက်ရှိလာသော ဧည့်သည်များသည် ပုံစံအမျိုးမျိုးပင် ဖြစ်သည်။

အချို့ သူဌေးပုံစံ၊ အချို့သည် ဆင်းရဲသားပုံစံ၊ အချို့သည် ကုန်သည်ပွဲစားပုံစံ၊ အချို့က နယ်ခြား အလှူ့ပေါင်းစုံပင် ဖြစ်သည်။

ထိုဧည့်သည်များ အလှူ့ပေါင်းစုံဖြစ်သော်လည်း တူညီသော အချက်တစ်ခုရှိ၏။

ထိုအချက်ကား ရောက်ရှိလာသော ဧည့်သည်တိုင်းတွင် လက်နက်တစ်မျိုးမဟုတ်တစ်မျိုးပါရှိလာခြင်းပင် ဖြစ်ပါသည်။



ရောင်စုံမီးများ ထွန်းညှိထားပြီ ဖြစ်သည်။

ခန်းမအတွင်း၌ စားပွဲပေါင်းဆယ်စနစ်တွင် တစ်ဝက်နီးပါးမျှလည်း ဧည့်သည်များရောက်ရှိနေကြပြီဖြစ်၏။

ခန်းမထိပ်တွင်....

'ချင်းမိန်ဂိုဏ်း'

ဟူသော နဖူးစည်းစာတန်းကဝင့်ကြွားစွာရှိပေသည်။

မှန်သည်။ 'ယနေ့ဂေဟာဖွင့်ပွဲကား အခြားမဟုတ်ပါ။

ချင်းမိန်ဂိုဏ်း စတင် တည်ထောင်သော အခန်းအနားပင် ဖြစ်ပါသည်။

ချင်းမိန်ဂိုဏ်းသားအရေအတွက်မှာ စုစုပေါင်း ၂၀-ကျော်ခန့်မျှသာ ရှိပေသည်။

အားလုံးပင် အနီရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားကြ၏။

အားလုံးပင် အသက် ၄၀ မပြည့်သေးသော လူရွယ်များဖြစ်ကြသည်။

ဂေဟာအဝင်ဝတွင် ခန့်ငြားသောလူရွယ်သည် လာရောက်သမျှ ဧည့်သည်များကိုဆီးကြိုနေ၏။

ထိုလူငယ်ကား ချင်းမိန်ဂိုဏ်းချုပ် လျူဝမ်ဟန့်ပင် ဖြစ်ပါသည်။

လျူဝမ်ဟန့်သည် ဧည့်သည်များကို ကိုယ်တိုင်ကြိုဆိုနေခြင်းဖြစ်၏။

အနည်းငယ်သော သိုင်းသမားများကသာ လျူဝမ်ဟန့်ကို သိရှိပြီး ရောက်ရှိလာသူအများစုက မသိကြပါ။

လျူဝမ်ဟန့်ကို ဂိုဏ်းချုပ်တစ်ဦးဟုလည်း မထင်ကြပါ။

လျူဝမ်ဟန့်သည် အခြားသော ချင်းမိန်ဂိုဏ်းသားများနှင့် ဝတ်စားဆင်ယင်ပုံကအစ မခြားနားပါချေ။

ထိုစဉ် လျူဝမ်ဟန့်၏ညာလက်ရုံးရောက်ရှိလာပြီး...

'ဂိုဏ်းချုပ်ဧည့်ခံပွဲစဖို့ အချိန်ရောက်ပြီ'

ဟု တိုးတိုးသတိပေးလိုက်၏။

လျူဝမ်ဟန့်က သက်ပြင်းချလိုက်ပြီး....

'နာမည်ကျော်တွေ ရောက်မလာသေးဘူး၊ မင်း သေချာ ချာချာခဲ့ကာ ဖိတ်ကြားရဲ့လား'

ညာလက်ရုံးက....

'ဖိတ်ပါတယ် ဂိုဏ်းချုပ်၊ သူတို့ကိုစောင့်မနေပါနဲ့၊ သူတို့ အချိန်တန်ရင် ရောက်လာလိမ့်မယ်၊ ကိုယ့်အစီအစဉ်အတိုင်း သာပေါ့'



လျူဝမ်ဟန့်က ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ'

သူသည် အတွင်းခန်းသို့ ဝင်သွား၏။

ထို့နောက် အဝတ်အစားများကို သပ်သပ်ရပ်ရပ်ပြုပြင်ကာ စောင့်ဆိုင်းနေလိုက်သည်။

ခန်းမအတွင်း လူသံများဆူညံနေ၏။

ထိုစဉ် အနည်းငယ်မြင့်မားသော စင်မြင့်ကလေးပေါ်သို့ ချင်းမိန်ဂိုဏ်း၏ညာလက်ရုံးက ရောက်ရှိလာ၏။

သူသည် အသံကျယ်လောင်စွာဖြင့် ပြောဆိုလိုက်၏။

သူ၏ အသံက ဆူညံနေသော ပရိသတ်များ၏စကားသံကို ဖုံးလွှမ်းကာ ထွက်ပေါ်သွားလေသည်။

'ကြွရောက်လာတဲ့ ဧည့်ပရိသတ်များခင်ဗျာ'

ပရိသတ်များ၏ စကားသံ အနည်းငယ် တိတ်ဆိတ်သွား၏။

'အခုချိန်ကစတင်ပြီး ချင်းမိန်ဂိုဏ်းဟာ သိုင်းလောကထဲ တရားဝင် ရပ်တည်လိုက်ပါပြီ၊ အခုလို ကြွရောက် အားပေး ချီးမြှင့်တဲ့ မိတ်ဆွေများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်၊ မိတ်ဆွေများကို ဂါရဝပြုဖို့ ဂိုဏ်းချုပ်ကြွရောက်လာပါတော့မယ်'

ခန်းမအတွင်း စကားသံ လုံးဝတိတ်ဆိတ်သွား၏။

အသစ် စတင် တည်ထောင်လိုက်သော ချင်းမိန်ဂိုဏ်း၏ ဂိုဏ်းချုပ် မည်သူမည်ဝါဖြစ်သည်ကို အားလုံးက သိရှိလိုကြသည်မဟုတ်ပါလော။

ထိုစဉ်မှာပင် အတွင်းဆုံးမှ လူရွယ်တစ်ယောက်ထွက်လာပြီး စင်မြင့်ပေါ်သို့ရောက်ရှိလာ၏။

လူရွယ်သည် ပရိသတ်များအား ဦးညွှတ် အရိုအသေပြုလိုက်ပြီး....

'ကြွရောက်ချီးမြှင့်ကြတဲ့ မိတ်ဆွေအပေါင်းကို ချင်းမိန်ဂိုဏ်း ကိုယ်စား ကျုပ်လျူဝမ်ဟန့်က အရိုအသေပြုပါတယ်'

ပရိသတ်များသည် အသစ်တည်ထောင်သော ဂိုဏ်းအဖွဲ့ဝင် ဂိုဏ်းချုပ်မှာ လူငယ်တစ်ယောက်ဖြစ်နေသဖြင့် အထင်ကြီးမှုများ လျော့ကျသွားလေသည်။



လျူဝမ်ဟန့်က....

'မိတ်ဆွေတို့ ကျုပ်ရဲ့ ချင်းမိန်ဂိုဏ်းဟာ သိုင်းလောကရဲ့ အကျိုးကို တစ်အပ်တစ်အား သယ်ပိုးထမ်းရွက်ဖို့ လေးလေးနက်နက် ကတိပြုပါတယ်၊ ကဲ....အားလုံး ပျော်ပျော်ပါးပါး စားသောက်နိုင်ပါပြီ'

လျူဝမ်ဟန့်က ကြွရောက်လာသူများအား တရင်းတနှီးပင် နှုတ်ဆက်ကာ ဧည့်ခံနေလေသည်။

ထိုစဉ် သူ၏ ညာလက်ရုံး ရှီယု ရောက်ရှိလာသည်။

'ဂိုဏ်းချုပ်၊ ဝူတန်က ဧည့်သည်တွေ ရောက်လာပါပြီ'

လျူဝမ်ဟန့်က ချက်ချင်းပင် ဝူတန် ကိုယ်စားလှယ်တို့အား ကြိုဆိုကာ နေရာချထားပေးလိုက်၏။

မကြာမီ သိုင်းလောကမှာ နာမည်ကျော် အဖွဲ့အစည်းတို့၏ ကိုယ်စားလှယ်များ ရောက်ရှိလာသည်။

တစ်ကိုယ်တော်သိုင်းသမားလည်း ရောက်ရှိလာကြ၏။

လျူဝမ်ဟန့် ကျေနပ်ပျော်ရွှင်သွား၏။

ရှီယုသည် ဖိတ်ကြားမှုတွင် စေ့စပ်သေချာသည်။

သူ၏ဂိုဏ်းဖွင့်ပွဲအခန်းအနားမှာ အတော်ပင် စည်ကားသိုက်မြိုက်နေပြီ မဟုတ်ပါလော။

ည မှောင်လာပြီဖြစ်၏။

ခန်းမကျယ်အတွင်း စားသောက် ရယ်မောသံများဖြင့် ဆူနေ၏။

အလျှံပယ် ကျွေးမွေးပြုစုခြင်းဖြစ်ရာ ပရိသတ်များ သဘောခွေ့နေသည်။

လျူဝမ်ဟန့်သည် တစ်စားပွဲပြီး တစ်စားပွဲ ကူးပြီး ဧည့်ခံနေရသဖြင့် အတော်ပင် ငြီးစီစီဖြစ်လာသည်။

ရှီယုအား ခေတ္တထားခဲ့ပြီး ခေတ္တအနားယူရန် စိတ်ကူးလိုက်၏။

ထိုစဉ်မှာပင်....

ကျယ်လောင်သော စကားသံကို ကြားလိုက်ရသည်။

'သိုင်းလောကထဲဝင်ရင် သိုင်းပညာ ကောင်းမှ ဖြစ်မယ် ချင်းမိန်ရဲ့ ပညာပြစမ်းပါဦး၊ မကောင်းရင်တော့ သိုင်းလောကထဲ မဝင်ဖို့ ကျုပ် ယွက်ဖန်းက သတိပေးပါရစေ'

အားလုံးက ယွက်ဖန်းဆိုသူအား ကြည့်လိုက်သည်။

ယွက်ဖန်းသည် အတော်ပင် မူးနေဟန်ရှိ၏။

ယွက်ဖန်းကား မြစ်ပါမြစ်ကမ်းမှ ကျော်ကြားသော သိုင်းသမားများထဲတွင် တစ်ယောက် အပါအဝင်ဖြစ်သည်။



မာနလည်းကြီးပြီး မောက်မာသူတစ်ယောက်လည်း ဖြစ်သည်။

ရှီယုသည် ယွက်ဖန်း၏စကားကြောင့် ဒေါသထွက်သွား၏။

လျူဝမ်တန့်က ရှီယုအား မျက်ရိပ်ပြကာ ဟန့်တားလိုက်သည်။

ယွက်ဖန်းက....

သူသည် ကျယ်လောင်စွာ အော်ပြောလိုက်၏။

'အလုအပ ကစားပြတာ ကောင်းသကွာ၊ ဒါပေမယ့် ဒီလို သိုင်းကွက်မျိုးဟာ လမ်းဘေးမှာပြသပြီး ပိုက်ဆံတောင်းဖို့ပဲ ကောင်းမယ်'

လျူဝမ်တန့်က ယွက်ဖန်းအား ကြည့်လိုက်၏။

ယွက်ဖန်းသည် တမင်ပင် အပြစ်ပြောဆိုနေကြောင်း သိလိုက်၏။

သူကသည်းခံနိုင်သော်လည်း သူ၏တယ်သက်ရှံး ရှိကျိုကမူ အလွန်ပင် စိတ်ဆတ်သူတစ်ဦး ဖြစ်၏။

လုံးဝသည်းမခံနိုင်ဘဲ ပြန်ပြောလိုက်၏။

'မိတ်ဆွေက ဒီလို ဝေဖန်ရအောင် မိတ်ဆွေမှာ အရည်အချင်း ရှိလို့လား'

ယွက်ဖန်းက ဆရပ်လိုက်၏။

'ကျုပ်က မင်းတို့ရဲ့သိုင်းပညာကို လေ့လာချင်ပါတယ်'

သူ့စကားက စိန်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

ရှိကျို့က ချက်ချင်း လက်ခံလိုက်၏။

'ကောင်းပြီ'

လျူဝမ်ဟန့်သည် မလိုလားအပ်သော ပြဿနာကို ယနေ့ ဖွင့်ပွဲအခန်းအနားတွင် မဖြစ်ပေါ်စေလိုပါ။

သူက အလျင်အမြန် ဟန့်တားလိုက်၏။

'ရှိကျို့ နောက်ဆုတ်စမ်း'

ရှိကျို့သည် လျူဝမ်ဟန့်၏ အမိန့်ကြောင့် စင်မြင့်ကလေးပေါ် မတက်ခဲ့တော့ဘဲ နောက်ဆုတ်သွား၏။

ယွက်ဖန်းက လျူဝမ်ဟန့်အား စိုက်ကြည့်လိုက်ပြီး....

'ဘာလဲ၊ ဂိုဏ်းချုပ်ကိုယ်တိုင်မဲ့ သိုင်းကွက်ပြမလို့လားဗျ'

'ဟဲ...ဟဲ...ဟဲ'

လျူဝမ်ဟန့်က လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်ပြီး....

'မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေအနေနဲ့ ကျုပ်တို့ရဲ့သိုင်းကွက်ကို ကြည့်ရှုရရင် ကျေနပ်သင့်ပါပြီ'



ယွက်ဖန်းက ခေါင်းခါယမ်းလိုက်၏။

'ကြုံကြိုက်တုန်းမှာ လေ့လာခွင့် ရသင့်တာပေါ့ဗျာ၊ ပရိသတ် အားလုံးလဲ ချင်းမိန်ပညာကို တွေ့ရတာပေါ့၊ ဘာလဲဗျ ဂိုဏ်းချုပ်က ဟိဘ်ဟန်နဲ့ ဂိုဏ်းတည်ထောင်ပြီးမှ အရှက်ကွဲမှာ စိုးနေသလား၊ ကျုပ်က ညှာညှာတာတာပဲ ယှဉ်ပြိုင်ပါ့မယ်'

ရှိကျို့ ဒေါသထွက်သွား၏။

'ဂိုဏ်းချုပ်၊ ဒီလူ စော်ကားလွန်းနေပြီ၊ ကျွန်တော့်ကို ယှဉ်ပြိုင်ခွင့်ပြုပါ'

ယွက်ဖန်းက ရယ်မောလိုက်၏။

'အင်း.... ဂိုဏ်းချုပ်က သတ္တိမရှိဘူး၊ ဂိုဏ်းသားတွေကမှ နည်းနည်းသတ္တိရှိသေးတယ်'

လျူဝမ်ဟန့် ဒေါသထွက်သွား၏။

ယနေ့အဖို့ သူတို့ကပညာမပြလျှင် သူတို့ဂိုဏ်းသည် လူရယ်စရာဖြစ်တော့မည်မှာ သေချာလှပေသည်။

လျူဝမ်ဟန့်က....

'ကောင်းပြီလေ၊ မိတ်ဆွေက ဒီလောက် ဆန္ဒပြင်းပြနေမှတော့ ကျုပ်ကို ချင်းမိန်ဂိုဏ်းကလက်ခံရမှာပေါ့'

ယွက်ဖန်းက....

'ဒီလိုလုပ်စမ်းပါဗျာ'

သူသည် စကားဆိုးသည်နှင့် ကြမ်းပြင်အား ခြေတစ်ချက် ဆောင့်ချလိုက်လေသည်၊ သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ စင်မြင့်ကလေးပေါ်သို့ ရောက်ရှိသွားလေသည်။

ယွက်ဖန်းက....

'ကဲ...ကြိုက်တဲ့လူသာလာခဲ့ပါ'

ဟု စိန်ခေါ်လိုက်၏။

ရှိကျိုးကား အလွန်ဒေါသထွက်နေပြီ၊

'ဂိုဏ်းချုပ် ကျုပ်ယှဉ်ပြိုင်ပါရစေ'

လျူဝမ်ဟန့်က....

'ရှိကျို ဒီလူလေးကိုက မင်းကဆိုးမမယ်ဆိုရင် တို့ဂိုဏ်းရဲ့ သိက္ခာကျသွားမှာပေါ့၊ သူဟာ မင်းအတွက် ပြိုင်ဘက် ကောင်းမှ မဟုတ်ပဲ'

သူ့စကားကြောင့် ယွက်ဖန်းဒေါသထွက်သွား၏။

လျူဝမ်ဟန့်က ဂိုဏ်းသားတစ်ဦးကို ခေါ်ထုတ်လိုက်ပြီး...

'မင်း သူနဲ့ သွားယှဉ်ပါ'



'ဟုတ်ကဲ့ ဂိုဏ်းချုပ်'

'ဩော် မင်းကို တစ်ခုသတိပေးလိုက်မယ်'

'အမိန့်ရှိပါ ဂိုဏ်းချုပ်'

'မင်း သူ့ကို သိုင်းကွက် သုံးကွက်ထက်ပိုပြီး ယှဉ်ပြိုင်မယ် ဆိုရင်တော့ မင်းကို ဂိုဏ်းက ထုတ်ပစ်တဲ့အထိ ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ရမယ်'

သူ့စကားက ခန်းမတွင်းရှိ လူအားလုံးကြားလေ၏။

ယွက်ဖန်း စွေ့စွေ့ခုန်သွား၏။

လျူဝမ်ဟန့်၏ အထာစကားက သူ့အား အလွန်ပင် စော်ကားရာရောက်နေပြီမဟုတ်ပါလား။

ယွက်ဖန်း အံကြိတ်လိုက်သည်။

သူသည် ထိုချင်းမိန်ဂိုဏ်းသားအား အသေသတ်ပစ်ရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

❦

အားလုံးသော ပရိသတ်များသည် အလွန်ပင် စိတ်ဝင်စား နေကြ၏။

ဝူတန် ကိုယ်စားလှယ် မျက်မှောင်ကြုတ်သွားသည်။

သူသည် ယွက်ဖန်း၏ သိုင်းပညာအဆင့်ကို သိရှိထား၏။

ယွက်ဖန်း၏ သိုင်းပညာအဆင့်သည် ပထမတန်းစား မဟုတ်ပါ။

သို့သော် အတွေ့အကြုံရင့်ကျက်လှသော ယွက်ဖန်းအား သိုင်းကွက်သုံးကွက်အတွင်း အနိုင်ယူရန်ကား မလွယ်ပါချေ။

သူပင် ယွက်ဖန်းအား ၃ ကွက်အတွင်း အနိုင် ရမရ မသေချာပါ။

ထိုစဉ်မှာပင် ချင်းမိန် ဂိုဏ်းသားသည် စင်မြင့်ပေါ်သို့ ရောက်ရှိလာ၏။

သူသည် ပရိသတ်များအား ဦးညွှတ်လိုက်ပြီးနောက် ယွက်ဖန်းကိုလည်း ဦးညွှတ်ရိုသေပြုလိုက်သည်။

'ဂိုဏ်းချုပ်ရဲ့အမိန့်အရ ကျုပ်က သိုင်းကွက် ၃ကွက်ထက် ပိုပြီး တိုက်ခိုက်ခွင့် မရတာကြောင့် ကြိုးစား ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်၊ ဒီကမိတ်ဆွေကို မပေါ့ဆဖို့ ကြိုတင် သတိပေးပါရစေ'



ယွက်ဖန်းက မဲ့လိုက်၏။

'ကောင်းပြီ၊ မင်း လက်နက်ထုတ်ပါ'

ချင်းမိန်ဂိုဏ်းသားက ခေါင်းခါယမ်းလိုက်၏။

'မိတ်ဆွေ ကြိုက်ရာလက်နက် အသုံးပြုပါ'

ယွက်ဖန်းက ဓားကိုဆွဲထုတ်လိုက်သည်။

သူသည် ချင်းမိန်ဂိုဏ်းသားအား သိုင်းကွက်၃ကွက်အတွင်း သတ်ပစ်ရန် ဆုံးဖြတ်ထားသဖြင့် ဓားကို ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။

ယွက်ဖန်း ကျေနပ်စွာ ပြုံးလိုက်သည်။

အခြေအနေအရ သူက အသာစီးမှ ရရှိနေသည်။

လက်နက်နှင့်လည်း တိုက်ခိုက်ခွင့်ရသည့်အပြင် သိုင်းကွက် ၃ ကွက်တည်းသာ တိုက်ခိုက်ရမည် ဖြစ်သည်။

သူက ကောင်းစွာ တိုက်ခိုက်လိုက်လျှင် သိုင်းကွက် ၃ ကွက်သည် တစ်ခဏနှင့် ပြည့်သွားပေမည်။

ထိုသိုင်းကွက်အတွင်း သူက ချင်းမိန် ဂိုဏ်းသားအား မသတ်နိုင်လျှင်သော်မှ သူက အနိုင်ရခဲ့ပြီး ချင်းမိန်ဂိုဏ်း အရှက်ကွဲပြီ ဖြစ်သည်။

ယွက်ဖန်းက ဓားကို အသာဆလိုက်ပြီး....

'ကဲ....သတိထား'

သူသည် စကားဆုံးသည်နှင့် ချင်းမိန်ဂိုဏ်းသားအား ဓားနှင့် ခုတ်ချလိုက်လေသည်။

သူ၏ဓားချက်က လျင်မြန်၏။

ကွက်ပြောင်း ငါးကွက် ပါဝင်၏။

ထိုဓားကွက်သည် စင်စစ် ဟန်ပြသာဖြစ်၏။

ထိုပြင်းထန်သော ဓားကွက်ကြောင့် ချင်းမိန်ဂိုဏ်းသား နောက်ဆုတ်သည်နှင့် သူ၏ ဒုတိယဓားကွက်က ထိုချင်းမိန်ဂိုဏ်းသား၏ ဝမ်းဗိုက် သို့မဟုတ် ပေါင်ကို ခုတ်ချလိုက်မည်သာ ဖြစ်၏။

ထိုသိုင်းကွက်ကိုအသုံးပြုပြီး သူက တိုက်ပွဲအတော်များများ အနိုင်ယူခဲ့သည် ဖြစ်၏။

ယခု သူဓားထုတ်လိုက်သောအခါ ချင်းမိန် ဂိုဏ်းသားသည် နောက်ဆုတ်သွားခြင်း မရှိပါ။

သူသည် ဓားကို လွတ်ရုံသာ ရှောင်ပေးလိုက်ပြီး ညာလက်ဝါးဖြင့် ယွက်ဖန်း၏ဓားကို ရိုက်ချလိုက်၏။



ယွက်ဖန်း ထိတ်လန့်သွား၏။

နောက်တစ်လှမ်းဆုတ်ကာ ရှောင်တိမ်းလိုက်သည့်ခဏဝယ် သူ၏ညာလက် နာကျင်သွား၏။

ချင်းမိန်ဂိုဏ်းသားက ဦးညွှတ်၍....

'မိတ်ဆွေ့ရဲ့ဓား ပြန်ယူပါ'

ဟု ဓားကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပြန်လည်ပေးကပ်လိုက်လေသည်။

ယွက်ဖန်း မျက်နှာ နီရဲသွား၏။

သိုင်းတစ်ကွက်နှင့်ပင် သူ၏ဓား အလုခံလိုက်ရသည် မဟုတ်ပါလား။

'ပြောင်း....ပြောင်း....ပြောင်း'

ပရိသတ်များ သဘောကျစွာဖြင့် လက်ခုပ်တီးလိုက်ကြ၏။

ချင်းမိန်ဂိုဏ်းသားက စင်မြင့်ပေါ်မှ ပြန်လည် ဆင်းရန် ဟန်ပြင်လိုက်၏။

ယွက်ဖန်းက...

'နေဦး'

ဟု ဟန့်တားလိုက်၏။

ချင်းမိန်ဂိုဏ်းသား ရပ်တန့်သွား၏။

ယွက်ဖန်းက....

'ကျုပ် ခုချိန်ထိ လဲကျမသွားခဲ့ဘူး၊ ဒါကို ရှုံးတယ်လို့ သတ်မှတ်လို့ ရမလားဗျ'

ချင်းမိန်ဂိုဏ်းသား ကြောင်အမ်းအမ်းဖြစ်သွား၏။

ယွက်ဖန်းက....

'တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်တယ်ဆိုတာ လဲကျသွားမှသာ အရှုံးအနိုင် သတ်မှတ်လို့ရမယ်မဟုတ်လား'

ချင်းမိန်ဂိုဏ်းသားက....

'ဒီမှာမိတ်ဆွေ၊ အခုဟာ ယှဉ်ပြိုင်တိုက်ခိုက်ကြတာ မဟုတ်ပါဘူး၊ ဒါကြောင့် သိုင်းကွက်သဘောဖလှယ်တာပါ၊ မိတ်ဆွေ စမ်းသပ်ကြည့်ခွင့်ရခဲ့ပြီပဲ၊ ကျေနပ်ပါတော့ခင်ဗျာ'

ယွက်ဖန်းက နှာခေါင်းရှုံ့လိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ယှဉ်ပြိုင်မိတော့မှ အရှုံးအနိုင်ကွဲပြားအောင် တိုက်ခိုက်သင့်တာပေါ့ဗျာ၊ ကဲ...မိတ်ဆွေသတိထား'

သူသည် စကားဆုံးသည်နှင့် ချင်းမိန် ဂိုဏ်းသားအား တရကြမ်းပင် တိုက်ခိုက်လိုက်လေသည်။



'ယား'

'ဖွစ်'

ချင်းမိန်ဂိုဏ်းသား ထိတ်လန့်သွား၏။

သူသည် ယွက်ဖန်းက ယခုလို ဆက်လက်တိုက်ခိုက်လာလိမ့်မည်ဟု မထင်ခဲ့ပါချေ။

ထို့ကြောင့် ယွက်ဖန်း တိုက်ခိုက်လာသောအခါ အထိတ်တလန့်ဖြင့် ရှောင်တိမ်းပေးလိုက်ရ၏။

တစ်ကွက် ရှောင်လိုက်ရသည်နှင့် ယွက်ဖန်း၏ တိုက်ကွက်အောက်သို့ ကျရောက်သွားရလေသည်။

ယွက်ဖန်းသည် ခြေချက်များ တစ်ချက်ပြီးတစ်ချက် ထုတ်ဖော်ရင်း ချင်းမိန်ဂိုဏ်းသား လဲကျသွားစေရန် အားထုတ်နေသည်။

ယခု ချင်းမိန်ဂိုဏ်းသားသည် သူ၏ ခြေစက်ကွင်းအောက်တွင် ကျရောက်သွားပြီ ဖြစ်သည်။

နောက်ထပ် သိုင်းကွက်ဆယ်ကွက်ခန့်အတွင်းတွင် ချင်းမိန်ဂိုဏ်းသားအား သတ်ပစ်နိုင်မည်ဟု ယုံကြည်ထားပေတော့သည်။

ခန်းမတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။

ပရိသတ်များ ရင်တမမ ဖြစ်နေ၏။

ယွက်ဖန်း၏ ပြင်းထန်လှသော ဓားချက်အောက်ဝယ် ချင်းမိန် ဂိုဏ်းသား ပိတ်မိနေပြီး မကြာခင် ဒုက္ခရောက်တော့မည် မဟုတ်ပါလား။

လျူဝမ်ဟန် သက်ပြင်းချလိုက်၏။

သူသည် ရိုကျိုအား ခေါင်းဆတ်ပြလိုက်သည်။

ရိုကျိုသည် ရုတ်ခြည်းပင် စင်မြင့်ပေါ် ပြေးတက်သွား၏၊

သူသည် လျင်မြန်စွာပင် ဓားကွက်ကြားကို တိုးဝင်က ချင်းမိန်ဂိုဏ်းသားကို ဆွဲထုတ် ကယ်တင်လိုက်၏။

အလွန်လှပသော လုပ်ဆောင်ချက်ပင် ဖြစ်သည်။

ယွက်ဖန်းက ရယ်မောလိုက်၏။

'ဘာလဲ၊ မင်းတို့က တစ်ယောက်နဲ့မနိုင်လို့ နှစ်ယောက် တိုက်ခိုက်ချင်တာလား'

ရိုကျိုလည်း ဒေါသကိုထိန်းလိုက်ပြီး ချင်းမိန်ဂိုဏ်းသားနှင့် အတူ စင်မြင့်ပေါ်မှ ပြန်ဆင်းရန် ဟန်ပြင်လိုက်၏။

'ချမ်း'



ယွက်ဖန်း၏ဓားချက်က ရိုကျိုအား ပိတ်ဆို့ထားလိုက်၏။

ရိုကျို ဒေါသတကြီး လှည့်ကြည့်လိုက်၏။

ယွက်ဖန်းက....

'သူသွားရင် သွားပါစေ၊ ခင်ဗျားက သွားချင်ရင်တော့ ကျုပ်ကို တောင်းပန်ပြီးမှ သွားလို့ရမယ်'

ရိုကျို ရယ်မောလိုက်၏။

'တကယ်ဆို မိတ်ဆွေက ညှို့သည်လိုမနေတဲ့ အိမ်ရှင်တွေကို စော်ကားနေတာပဲ၊ တောင်းပန်သင့်တာ ခင်ဗျားပဲ'

ယွက်ဖန်းက....

'စကားမရှည်နဲ့၊ မင်းစင်မြင့်ပေါ်ကဆင်းချင်ရင် နှစ်လမ်းပဲ ရှိတယ်၊ ကျုပ်ကို ဒူးထောက်မလား၊ ဒါမှမဟုတ် ကျုပ်ကို အနိုင်ယူမလား'

ရိုကျိုက....

'ဂိုဏ်းချုပ် ကျွန်တော့်ကို ခွင့်ပြုပါ၊ ဒီ လေထွားတဲ့လူကို မဆုံးမရင် ဖြစ်မှာမဟုတ်လို့ပါ'

ဟု လှမ်း၍ ခွင့်တောင်းလိုက်၏။

လျူဝမ်ဟန်လည်း သက်ပြင်းချကာ ခေါင်းညိတ် ခွင့်ပြု လိုက်၏။

ရိုကျို ပြုံးရှင်သွား၏။

သူသည် ယွက်ဖန်းဘက်သို့ လှည့်ရိုက်ပြီး....

'ခင်ဗျား အစွမ်းကုန် တိုက်နိုင်ပြီ'

ယွက်ဖန်းကလည်း တုံ့နေးမနေပါ။

သူသည် ချက်ချင်းပင် ရိုကျိုရှေ့သို့ ခုန်တက်ကာ ရိုကျို၏ ရင်ဝသို့ ဓားတစ်ချက် ထိုးသွင်းလိုက်၏။

ဤဓားကွက်မှာ တောင်ပိုင်းပြည်နယ်တွင် ကျော်ကြားသော လျှပ်စီး ဓားကွက်ပင်ဖြစ်သည်။

လျင်မြန်မှုကို အခြေခံထား၏။

ရန်သူကို တစ်ကွက်တည်းနှင့် ရှင်းလင်းလိုသော အခါမျိုးတွင် သိုင်းသမားတို့က သုံးစွဲလေ့ရှိ၏။

ရိုကျို မဲ့လိုက်ပြီး....

'ဒါပဲလားဗျ'

သူသည် ကိုယ်ခန္ဓာအား တစ်ပတ်လှည့်ကာ ဓားချက်ကို ရှောင်၍ လက်ဝါးဘစ်ချက် ရိုက်ချလိုက်၏။

'ဝုန်း'

ယွက်ဖန်းမှာ ဓားတခြား လူတခြား လွင့်စဉ်သွား၏။



စင်မြင့်ပေါ်မှ အောက်သို့ ပြုတ်ကျသွားလေသည်။

ယွက်ဖန်းသည် ရင်ဝတွင် အလွန်နာကျင်သော ဝေဒနာကို ခံစားလိုက်ရလေ၏။

သူသည် လူးလဲထလိုက်၏။

ရိုကျိုက ပြုံးလျက်....

'မိတ်ဆွေက လဲကျမှသာ အရှုံးအနိုင်ခွဲခြားတတ်တဲ့အတွက် ကြောင့် အခုလို တိုက်ခိုက်ရတာ ခွင့်လွှတ်ပါ'

ယွက်ဖန်းက မျက်နှာနီရဲသွားပြီး ...

'မင်းကိုယ်မင်း အထင်မကြီးနဲ့၊ ကျုပ်က မေ့ါဆလို့သာ အခု ခံလိုက်ရတာ'

သူသည် ရှုံးနိမ့်ခြင်းကို ဝန်မခံဘဲ ပြန်ပြောလိုက်၏။

ရိုကျို ဒေါသထွက်သွား၏။

'ခင်ဗျားပညာလောက်ဟာ ကျုပ်တို့ ချင်းမိန်ဂိုဏ်းရဲ့ သန့်ရှင်းရေးသမားကိုတောင် ခြေဖျားမမီသေးဘူးဆိုတာ နားလည်ထားစမ်းပါ'

ယွက်ဖန်း မျက်နှ ပျက်သွား၏။

စူတန်ကိုယ်စားလှယ်များလည်း ရိုကျိုအား ဆတ်ခနဲ မော့ကြည့်လိုက်၏။

ဝူတန်ကိုယ်စားလှယ်က—

'ဘာလဲ၊ မင်းစကားက မင်းတို့ ချင်းမိန်ပညာကို ဘယ်သူမှ မယှဉ်နိုင်ဘူးလို့ ဆိုလိုတာလား'

ရှိကျိသည် ဝူတန်ကိုယ်စားလှယ်အား မသိပါ။

'ဒီမှာရောက်နေတဲ့လူတွေဟာ ကျုပ်တို့ရဲ့ ဂိုဏ်းရဲ့ ပညာကို ကျော်နိုင်တဲ့လူ မပါဝင်တာ သေချာပါတယ်'

သူက—

သူက ဒေါသထွက်ထွက်နှင့် ပြောလိုက်ခြင်း ဖြစ်၏။

ဝူတန်ကိုယ်စားလှယ်က ရယ်မောလိုက်၏။

'ဟား— ဟား— ဟား'

'ကောင်းပြီ၊ ကျုပ်တို့ ဝူတန်ကိုယ်စားလှယ်က မင်းတို့ ချင်းမိန်ရဲ့ပညာကို လေ့လာပါရစေ'

ဟု စိန်ခေါ်လိုက်၏။

လျူဝမ်ဟန် မျက်လုံးပြူးသွား၏။

သူသည် ချက်ချင်းပင် စင်မြင့်ပေါ် ရောက်ရှိသွားပြီး ရှိကျိအား မာန်မဲလိုက်၏။

'ရှိကျိ—မင်း ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ'



ရှိကျိမှာ စကားလွန်သွားသည်ကို သိလိုက်၏။

ထို့ကြောင့် သူသည် ချက်ချင်း ဒူးထောက်လိုက်၏။

လျူဝမ်ဟန်က....

'ကဲ....မိတ်ဆွေတို့၊ အေးအေးဆေးဆေး ပျော်ပျော်ပါးပါး စားသောက်ကြပါလို့ မေတ္တာရပ်ခံပါတယ်'

'ဒီကမိတ်ဆွေကြီးလဲ ကျုပ်ရဲ့ငယ်သား အပြောအဆို မတတ်တာကို ခွင့်လွှတ်စေချင်ပါတယ်'

ဟု တောင်းပန်လိုက်၏။

ဝူတန်ကိုယ်စားလှယ်မှာ အတင်းတိုက်ခိုက်ရန် မသင့်သဖြင့် တွေဝေသွား၏။

ထိုစဉ် ချင်းမိန်ဂိုဏ်းသားတစ်ဦး အပြေးအလွှားဝင်ရောက်လာ၏။

'ဂိုဏ်းချုပ် ခင်ဗျာ အမှတ်(၁၀) ပြန်ရောက်လာပါပြီ၊ တာဝန်အောင်မြင်ခဲ့ပါတယ်'

'သူ့ကို ချက်ချင်းဝင်ခွင့်ပြု'

အားလုံးက စိတ်ဝင်စားသွားသည်။

လျှုဝမ်ဟန့်က....

"မိတ်ဆွေများ ကျုပ်တို့ ချင်းမိန်ဂိုဏ်း တည်ထောင်ရတဲ့ ရည်ရွယ်ချက်ဟာ သိုင်းလောက အေးချမ်း သာယာရေးကို အထောက်အကူပြုနိုင်ဖို့ပါပဲ၊ ဒီကနေ့ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကုသိုလ်ကောင်းမှုတစ်ခုကိုပြုလုပ်ဖို့ ကျုပ်ရဲ့ အဖွဲ့ဝင်တစ်ဦးကို စေလွှတ်ခဲ့ပါတယ်'

သူက စကားကိုခေတ္တရပ်ပြီးမှ ဆက်ပြောလိုက်သည်။

'ဟန်ကြူးနယ်မှာ ဓားဘီလူးဆိုတဲ့သူ သောင်းကျန်းနေတာကြာပါပြီ၊ အခုချင်းမိန်ဂိုဏ်းဖွင့်ပွဲအဖြစ် သူ့ကိုရှင်းလင်းလိုက်ကြောင်း အားလုံးကို ဝမ်းသာစကား ပြောကြားပါရစေ'

'ဟာ'

'ဟင်'

အားလုံးပင် အံ့အားသင့်သွားကြလေသည်။

ထိုစဉ် အမှတ်(၁၀)သည် စင်မြင့်ပေါ် ရောက်ရှိလာပြီး လျှုဝမ်ဟန့်အား ဒူးထောက်ဂါရဝပြုလိုက်သည်။

ထိုနောက် လက်နှစ်ဘက်ဖြင့် ဓားတစ်လက်ကို ရိုရိုသေသေ ပေးအပ်လိုက်လေသည်။



လျှုဝမ်ဟန့်က ထိုဓားကိုပရိသတ်အားလုံး မြင်ရအောင် ထောင်ကာ ပြလိုက်လေသည်။

ဓားအိမ်သည် အနက်ရောင် ဖြစ်သည်။

ဓားရိုးတွင် လူခေါင်းခွံပုံစံကို ထုလုပ်ထားသည်။

ဓားကိုကြည့်ရသည်မှာ ကျောချမ်းစရာ ကောင်းလှသည်။

ထိုဓားသည် ဓားဘီလူး အမြဲကိုင်ဆောင်သော ဓားဖြစ်ကြောင်းကို ခန်းမအတွင်းရောက်ရှိနေသော ပရိသတ် အားလုံးက ကောင်းစွာသိရှိမှတ်မိနေကြသည် မဟုတ်ပါလား။

ဓားဘီလူး....

ဟန်ကြူးနယ်တွင် သောင်းကျန်းနေသော တစ်ကိုယ်တော် ဓားပြကစ်ယောက်ပင် ဖြစ်သည်။

သူသည် သာမန်လမ်းဓားပြမဟုတ်ပါ။

သိုင်းပညာအဆင့်မြင့်သော ခေးပြတစ်ယောက် ဖြစ်သည်။ သူ၏ လှုပ်ရှားမှုသည် အလွန်ပင်လျှို့ဝှက်သည်။ သူ မည်သည့်နေရာတွင်နေထိုင်သည်ကို မသိကြပါ။

ထိုကြောင့် ခေးဘီလူးသည် သူ့အားလိုက်လံရှာဖွေသော သိုင်းသမား သတင်းရလျှင် လက်ဦးမှုယူကာ လုပ်ကြံတတ်ပြန်သည်။

ထို့ကြောင့် သိုင်းသမားများသည် ခေးဘီလူးအား ရှင်းလင်းလိုသော်လည်း ရှာဖွေမတွေ့နိုင်ပဲ လက်လျှော့ရသည်။

ထိုကြောင့်လည်း ခေးဘီလူးသည် နှစ်ပေါင်း ၁၀-နှစ်ကျော်ကြာအောင်ပင် ဟန်ကြူးနယ်တွင် ကျက်စားနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့တွင်မူ ခေးဘီလူး သေဆုံးသွားသည်မှာ သေချာလှသည်။

ခေးဘီလူးသည် သူ၏ခေးကို အစဉ် ကိုယ်နှင့်မကွာထားသူဖြစ်သည်။

ခေးရှိလျှင် လူရှိမည်။

ခေးမရှိလျှင် လူမရှိဟု ခံယူထားပေသည်။

အားလုံးသည် မင်သက်မိနေသည်။



ပြီးမှ လက်ခုပ်ဩဘာပေးလိုက်ကြလေသည်။

ဝူတန်ကိုယ်စားလှယ် သက်ပြင်းချလိုက်သည်။

'ခေးဘီလူးအား အနိုင်ယူလာခဲ့သူဟာ ချင်းမိန်ဂိုဏ်းသားတစ်ဦးသာဖြစ်တယ်၊ ဂိုဏ်းချုပ်ဆိုရင် သိုင်းပညာ အလွန်တော်မှာသေချာတယ်'

ဟုလည်း တွေးတောလက်ခံလိုက်လေတော့သည်။

တစ်လ....

တစ်လဟူသောအချိန်မှာ ကြာမြင့်လှသည်မဟုတ်ပါ။

သို့ရာတွင်မူ တစ်လအတွင်း ချင်းမိန်ဂိုဏ်း၏ ဂုဏ်သတင်းသည် သိုင်းလောကအတွင်း အလွန်ပင်မွှေးပျံ့လာလေသည်။

တစ်လအချိန်အတွင်း သိုင်းလောကတွင် ကျင်လည်နေသော သိုင်းဒုစရိုက်သမား ဆယ်ယောက်ကျော်မျှ သုတ်သင်ရှင်းလင်းခဲ့သည်။

ထိုအထဲတွင် သိုင်းလောကကို ခေါင်းခဲ့ရသော ရင်ခုန်အဆိုပ်ဘုရင်လည်း အပါအဝင် ဖြစ်ပေသည်။

ချင်းမိန်ဂိုဏ်း နာမည်ကျော်လှသော ဂိုဏ်းချုပ်လျူဝမ်ဟန့်မှာလည်း ပို၍ကျော်ကြားလာလေလေပင် ဖြစ်ပါသည်။

ခြောက်လ....

ခြောက်လဟူသောအချိန် လျင်မြန်စွာ ကုန်ဆုံးသွားသည်။

ချင်းမိန်ဂိုဏ်းသည် သိုင်းလောကအတွင်း ကောင်းစွာဝင်ခဲ့ပြီဖြစ်သည်။

သိုင်းလောကအဖွဲ့အစည်းများတို့သည် ချင်းမိန်ဂိုဏ်းအား ထိပ်တန်းဂိုဏ်းတစ်ခုအဖြစ် အသိအမှတ်ပြုလာခဲ့ကြလေသည်။

လျူဝမ်ဟန့်နှင့်အဖွဲ့သားများသည် မနားမနေ ကြိုးစားဆောင်ရွက်ခဲ့ကြခြင်းကြောင့် ယခုလိုအချိန်တိုတိုနှင့် အောင်မြင်ကျော်ကြားလာခဲ့ခြင်းပင် ဖြစ်သည်။



ယခု ဟန်ကြူးမြို့သည် ချင်းမိန်ဂိုဏ်းကြောင့် ပို၍လူသိများ ထင်ရှားလာခဲ့ရလေတော့သည်။

သီးသန့်ခန်း....

ချင်းမိန်ဂိုဏ်း၏ သီးသန့်ခန်း ဖြစ်သည်။

သီးသန့်ခန်းတွင်းဝယ် ဂိုဏ်းချုပ်လျူဝမ်ဟန်သည် သူ၏ ဇာယ်ညာလက်ရုံး နှစ်ယောက်နှင့်အတူ ဆွေးနွေးတိုင်ပင် နေသည်။

လျူဝမ်ဟန့်က....

'ရှိုကျိနဲ့ ရှိယု မင်းတို့အားလုံး ကြိုးစား ဆောင်ရွက်လို့ ကျုပ်ရဲ့ချင်းမိန်ဂိုဏ်းထင်ရှားလာခဲ့ပြီး မင်းတို့ အဖွဲ့သားတွေ အားလုံးကို ကျုပ်က ကျေးဇူးတင်ကြောင်း ပြောပါရစေ'

ရှိုကျိက....

ကျုပ်တို့အပေါ် ဂိုဏ်းချုပ်ရဲ့ ကျေးဇူးက ပိုများပါတယ်ဗျာ'

လျူဝမ်ဟာန်က....

'တို့တတွေဟာ ညီအစ်ကိုမိသားစုဝင်တွေပဲ တစ်ဦးနဲ့တစ်ဦး ကြားမှာ ကျေးဇူးတရားဆိုတာ မရှိသင့်ပါဘူး'

ရှီကျီက....

'ဒါဆိုလည်း ဂိုဏ်းချုပ်ကကျေးဇူးမတင်ပါနဲ့ဗျာ'

လျူဝမ်ဟာန့်က ပြုံးလိုက်ပြီး....

'ကဲ.. ရှီကျီ အခု ချင်းမိန်အောင်မြင်လာတဲ့အတွက် ငါက မင်းတို့ကို ဘယ်လိုစကားမျိုး ပြောရမလဲဆိုတာ မင်းပဲပြော တော့'

ရှီကျီက ရယ်မောလိုက်ပြီး....

'ဒါဟာ အားလုံးရဲ့အောင်မြင်မှုပဲပေါ့ ဂိုဏ်းချုပ်'

ရှီကျီနဲ့ ရှီယုက....

'တစ်ခုတော့ရှိတယ် ဂိုဏ်းချုပ်'

လျူဝမ်ဟာန့်က....

'ဘာများလဲ'

ရှီယုက....

'အချိန်တိုတိုနဲ့ အောင်မြင်မှုရလာတာကို ဝမ်းသာဂုဏ်ယူ ရမှာဖြစ်သလို သတိလည်း အလွန်ထားရလိမ့်မယ်'



'ဘာဖြစ်လို့လဲ'

ရှီကျီက....

'ဟော....ရှီယု မင်းကအရာရာကိုအမြဲတန်းချိန်ဆပြီး အာရုံ ထုတ်နေပါလားကွ'

လျူဝမ်ဟာန့်က လက်ကာပြလိုက်ပြီး....

'ရှီကျီနေစမ်း၊ ကဲ....ရှီယုပြောပါ၊ ကျုပ်တို့ ဘာကိုသတိ ထားရမှာလဲ'

သူ၏လက်အောက်တွင် ရှီကျီနှင့် ရှီယု ဟူသော ဘယ်ညာ လက်ရုံးနှစ်ဆူရှိပေသည်။

ထိုနှစ်ယောက်၏ သိုင်းပညာသည် အလွန်ကောင်းလှသည်။

သို့သော် သူတို့၏စိတ်ထားများက တစ်ဦးနှင့်တစ်ဦး မတူ ကြပါ။

ရှီကျီသည် စိတ်ဆတ်သည်။

ဒေါသအလွန်ကြီးသော်လည်း စိတ်ပြေလွယ်သည်။

အငြိုးအမျက်မကြီးပါ။

အရာရာကို စောင့်ဆိုင်းမနေဘဲ ချက်ချင်းဖြေရှင်းတတ်သူ ဖြစ်သည်။

ခေါင်းကိုသိပ်မသုံးတတ်ပါချေ။

ရှီယုကမူ အလွန်စိတ်ရှည်သည်။

အရာရာအတေးအမှတ်ကြီးသည်။

မည်သည့်ကိစ္စမဆို မစဉ်းစားဘဲ မဆုံးဖြတ်ပါ။

သေသေချာချာစဉ်းစားဝေဖန်ပြီးမှသာလျှင် အမှားအမှန်ကိုပိုင်းခြားလုပ်သင့်သည်ကို လုပ်ကိုင်ဆောင်ရွက်တတ်ပေသည်။

မည်သို့ဆိုစေ သူတို့နှစ်ဦးသည် လျူဝမ်ဟန့်အပေါ် အလွန်သစ္စာရှိကြသော လူနှစ်ယောက်ပင် ဖြစ်ပါသည်။

ရှီယုက...

'သိုင်းလောကသားတွေရဲ့ စိတ်ထားဟာ ထူးဆန်းလှပါတယ်၊ အဖြူဝတ်သိုင်းသမားဆိုပေမယ့် တစ်ခါတရံမှာသူတို့ရဲ့စိတ်ထားတွေက အောက်တန်းကျလွန်းရာကိုလဲ တွေ့ရတတ်ပါတယ်'

ရိုကျို...

'ယွက်ဖန်းလိုပေါ့'

ယိုယုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တချို့သိုင်းသမားတွေကျတော့လဲ ကိုယ့်ရဲ့သိုင်းပညာမှသာ အကောင်းဆုံးလို့ ထင်မြင်ယူဆကြတယ်'



လျူဝမ်ဟာကန့်...

'ရှီယု မင်းဘာကိုဆိုလိုတာလဲ'

ရှီယုက...

'ကျွန်တော်တို့ ချင်းမိန်ဂိုဏ်းဟာ အချိန်တိုတိုအတွင်းမှာ အလွန်ကိုကျော်ကြားခဲ့တယ်၊ ကျွန်တော်တို့ရဲ့ဂုဏ်သတင်းဟာ ရှောင်လင်ဝူတန်ကိုလောက် မကြီးမားပေမယ့် သူတို့နီးပါးမွေးကြိုင်နေပြီ'

ရှီယုက...

'ကောင်းတယ်၊ ဒီလိုဖြစ်လာအောင်ငါတို့တစ်တွေ နေ့မအားညမအား ကြိုးစားဆောင်ရွက်ခဲ့တာပဲ မဟုတ်လားကွ'

ရှီယုက...

'ရိုကျို တဆိတ်လောက်ငြိမ်စမ်းပါ၊ မင်းဝင်ရှုပ်တာနဲ့ ငါ့စကားဆုံးတော့မှာ မဟုတ်ဘူး'

ရိုကျို မျက်စောင်းထိုးကာ ပါးစပ်ပိတ်သွားသည်။

ရှီယုက...

'အောင်မြင်မှုအတွက် ဝမ်းသာကြမယ့်လူရှိသလို မနာလိုကြဲ့ရှုတ်ချ ချင်တဲ့လူတွေရှိလာနိုင်တယ်'

လျှူဝမ်ဟန်က ...

'ရန်သူများလာမယ်ဆိုပါတော့'

'ဟုတ်ပါတယ်၊ ဒါ့အပြင် သိုင်းသမားတွေအထွန်းသောက် နာမည်ကြီးဖို့ ဖြတ်လမ်းနည်းနဲ့လိုက်တတ်တဲ့ သိုင်းသမားတွေကလဲ ကျွန်တော်တို့ဂိုဏ်းကို လာပြီးယှဉ်ပြိုင်ကြမှာ သေချာတယ်'

ရှီယုက....

'ကျုပ်တို့မှာ လူအင်အားက စုစုပေါင်းမှ ၂၃ ယောက်ပဲရှိတယ်၊ ကျော်ကြားမှုနဲ့အတူ ချင်းမိန်ဂိုဏ်းကို တိုးချဲ့ဖွဲ့စည်းသင့်တယ်ထင်ပါတယ်'

လျှူဝမ်ဟန်က ခေါင်းခါယမ်းလိုက်သည်။

'ရှီယု ငါတို့ချင်းမိန်ပညာဟာ အလွန် လျှို့ဝှက်တယ်၊ လေ့ကျင့်ဖို့လဲခက်တယ်၊ ပြီးတော့ ငါတို့အနေနဲ့ လူများများကိုအုပ်ချုပ်ဖို့ဆိုတာ မလွယ်ဘူးကွ'

ရှီကျူက....

'ဂိုဏ်းချုပ်ပြောဘူးသားပဲ ကျုပ်တို့ဟာ လူအင်အားနည်းနည်းနဲ့ သိုင်းလောကမှာနေရာတစ်ခုရရင်တော်ပြီပဲ'



ရှီယုက....

'ကိုယ့်မှာအင်အားတောင့်တင်းတဲ့အခါ ရန်သူကို ကောင်းကောင်းရင်ဆိုင်နိုင်မယ်၊ ကိုယ့်ရဲ့ဩဇာအာဏာလဲ ကျယ်ပြန့်လာမယ်'

လျှူဝမ်ဟန်က....

'ရှီယု ငါတို့တွေဟာ ဩဇာအာဏာကိုမက်လို့ ချင်းမိန်ကို တည်ထောင်ကြတာမှ မဟုတ်ဘဲ'

ရှီယုက....

'ကျွန်တော် အခုလိုစကားမျိုးပြောနေတာက ဩဇာအာဏာမက်လို့ မဟုတ်ပါဘူး၊ ဂိုဏ်းရဲ့နေ့ဝင်ရေး အရှည်သဖြင့် တည်တံ့ခိုင်မြဲရေးအတွက်ပါ''

လျှူဝမ်ဟန်က....

'ရှီယု မင်းစိတ်ထားကို ကျုပ်သိပါတယ်၊ လောကမှာ အရေအတွက်ထက်အရည်အချင်းသာအရေးကြီးပါတယ်'

ရှီကျူက....

'ဒါနဲ့ နေပါဦး၊ မနေ့က ဂိုဏ်းချုပ် ခရီးထွက်မလို့ဆို'

လျှုဝမ်ဟန်အ....

'ဟုတ်တယ်၊ ကျုပ် သိုင်းလောကထဲ လှည့်ပတ်သွားလာမလို့ စိတ်ကူးထားတယ်၊ ဒါပေမယ့် ဆယ်ရက်တည်းပါပဲ၊ ကျွန်းဒုန့်ကို သွားမလို့ပါ'

ရှိယုက....

'မီးပုံပွဲတော်ကိုလား'

'ဟုတ်တယ်'

'ဂိုဏ်းချုပ် စိတ်ချလက်ချသွားပါ'

ရှိကျိက....

ဂိုဏ်းချုပ်၊ ကျုပ်ရော လိုက်လို့ မရဘူးလား'

လျှုဝမ်ဟန် စဉ်းစားလိုက်၏။

ရှိယုနှင့် ရှိကျိနှစ်ယောက်မှာ ဘာကိစ္စမဆို ငြင်းခုံနေကြမည်သာ ဖြစ်၏။

ထို့ကြောင့် ရှိကျိကို သူနှင့်အတူခေါ်သွားရန် ဆုံးဖြတ်လိုက်၏။

'ကဲ ရှိကျို၊ မင်း လိုက်ချင်လိုက်ခဲ့၊ မနက်ဖြန် ခရီးသွားဖို့ အသင့်သာ ပြင်ဆင်ထားပေတော့'



'ဟေး'

ရှိကျိက ဝမ်းသာအားရ အော်ဟစ်လိုက်၏။

ထို့နောက်အခန်းအတွင်းမှပြေးထွက်သွားလေတော့သည်။

လျှုဝမ်ဟန်က ထလိုက်၏။

ထိုစဉ် ရှိကျို ပြန်ဝင်လာ၏။

'ဘာကိစ္စကျန်သေးလဲ ရှိကျို'

ရှိကျိက....

'အရှေ့မှာ ဂိုဏ်းချုပ်နဲ့တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက်ရောက်ရှိနေပါတယ်'

လျှုဝမ်ဟန်က မျက်မှောင်ကြုတ်သွားပြီး....

'ဘယ်သူလဲ'

'မသိဘူး၊ ဂိုဏ်းချုပ်ထွက်မလာရင် သူက အတင်းဝင်လာရလိမ့်မယ်လို့ ပြောနေကြောင်း သတင်းပို့လာပါတယ်'

ရှိယုက....

'မင်း သွားကြည့်လိုက်ပါကွ'

ရိုကျိုက—

'မင်းက ငါ့ဒေါသအကြောင်း သိလျက်သားနဲ့၊ အခုတောင် ငါက သိပ်စိတ်ရှည်ချင်တာ မဟုတ်တော့ဘူး၊ မင်းတို့ပဲ ငါ့ကို ဒေါသထိန်း ဒေါသထိန်းနဲ့ ပြောပြီးတော့'

လျူဝမ်ဟန့်က....

'ရှိယု မင်းပဲသွားကြည့်လိုက်ပါ'

ချင်းမိန်ဂိုဏ်းဌာနချုပ်ရှေ့....

ထွားကြိုင်းသော လူတစ်ယောက်သည် ဌာနချုပ်တံခါးဝ ရှေ့တွင် ခါးထောက်ကာ ရပ်နေ၏။

သူ့မျက်နှာပေါ်တွင် စိတ်မရှည်ဟန်က အထင်းသားပေါ် နေ၏။

ထိုလူသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထား၏၊



ခါးတွင် ဖြက်ကြီးမားသော ဓားမကြီးတစ်လက်ကို ထိုး စိုက်ထား၏။

ရှိယုက လက်နှစ်ဖက်ဆုပ် အရိုအသေပြုလိုက်ပြီး....

'ကျုပ်က ချင်းမိန်ညာလက်ရုံး ရှိယုပါ၊ မိတ်ဆွေက ဘယ် သူများလဲ၊ ဘာကိစ္စများ ရှိပါသလဲ'

ဟု မေးမြန်းလိုက်၏။

လူထွားကြီးက....

'မင်းတို့ တယ်စကားရှည်ပါလား၊ ငါတွေ့ချင်တာက မင်းတို့ရဲ့ဂိုဏ်းချုပ် လျူဝမ်ဟန့်ကွ'

ရှိယုက....

'ဂိုဏ်းချုပ်နဲ့ တွေ့ချင်တယ်ဆိုရင်တော့ သိုင်းလောကရဲ့ စည်းကမ်းအရ မိတ်ဆွေရဲ့နာမည်ရယ်, အဖွဲ့ရယ်, ကိစ္စရယ်ကို အရင်ပြောသင့်တာပေါ့ဗျာ'

လူထွားကြီးက မဲ့လိုက်၏။

'ကောင်းပြီ၊ မင်းအခု သွားခေါ်မလား၊ ဒါမှမဟုတ် ကျုပ်က အထဲကို အတင်းဝင်ရမလား'

ရှိယုက ပြုံးလိုက်ပြီး....

'ဒီနေရာဟာ မိတ်ဆွေ ထင်တိုင်းကဲလို့ရတဲ့ ကြေးတန်းစားမယ်ဂေဟာ မဟုတ်ပါဘူး'

'ဘာကွ'

လူထွားကြီး ဒေါသထွက်သွား၏။

'ကောင်းပြီ၊ မင်းတို့ခေါ်မပေးရင် ကျုပ် အတင်းဝင်ရမှာပေါ့'

'ချမ်း'

သူသည် ခါးစည်းကြိုးကြားမှ ဓားမကြီးကို ဆွဲထုတ်လိုက်၏။

ရှိယုက....

'သဲကန္တာရကလာတဲ့ လာမားကြီးရဲ့ အသုံးမကျဆုံးတပည့် ရင်စွေ့က ချင်းမိန်ကို လာစော်ကားထားကြောင်းရှိမယ် ထင်ပါတယ်'

ဟု တစ်လုံးချင်းပြောလိုက်သည်။

လူထွားကြီး မျက်လုံးပြူးသွားသည်။

ရှိယုက ရာဇဝင်ကို ထုတ်ဖော်ပြောလိုက်နိုင်သည် မဟုတ်ပါလော။



ထို့ကြောင့် တိုက်ခိုက်မည်ပြုသောသူ၏ ကိုယ်ဟန်ပန်ပျက်ယွင်းသွားရလေသည်။

လူထွားကြီးက ရှိယုအား ကြည့်လိုက်ပြီး....

'မင်း....မင်းကငါ့ကို သိဘယ်ဟုတ်လား'

ရှိယုက....

'ခင်ဗျားရဲ့ ရိုင်းစိုင်းတဲ့ အပြုအမူကြောင့် မှတ်မိလိုက်တာပါ'

ရင်စွေ့က ဒေါသထွက်သွားသည်။

ရှိယုက....

'ခင်ဗျားနဲ့ ကျုပ်တို့ကြားမှာ ပတ်သက်မှုမရှိပါဘူး၊ ဘာကိစ္စရှိသလဲဆိုတာပြောပြပါ'

သူက တစ်လုံးချင်းမေးလိုက်သည်။

ရင်စွေ့က....

'ကိစ္စက တခြားမဟုတ်ဘူး၊ မင်းတို့ဂိုဏ်းချုပ်နဲ့ သိုင်းပညာဖလှယ်ချင်လို့ပါ'

ရှိယုက....

'ကျုပ်တို့ဂိုဏ်းချုပ်ဟာ ဒီလို အရေးမရအဖတ်မရ ကိစ္စမျိုးတွေ မလုပ်ပါဘူး'

ရင်စွေ့က....

'ဘာပဲဖြစ်ဖြစ် ကျုပ်ဆီကို သတ္တိရှိရင် လဆန်းငါးရက်နေ့ အရောက်လာခဲ့ဖို့ပြောလိုက်ပါ'

ယိုယု ရင်ထိတ်သွားသည်။

ဂိုဏ်းချုပ်သည် မကြာမီ ကျွန်းဒုန်သို့သွားမည် ဖြစ်သည်။

ထိုအခါ စိန်ခေါ်ချက်ကို လက်ခံသလို ဖြစ်သွားပေမည်။

ထို့ကြောင့် သူကရှေ့ဆက်လုပ်ပြီး ရင်စွေ့၏ ဓားမကြီးကို လက်ညှိုး လက်ခလယ်ဖြင့် တောက်လိုက်သည်။

'ချွမ်း'

အသံတစ်ချက်ထွက်ပေါ်လာပြီး ရင်စွေ့၏ ဓားမကြီးဟာ ထက်ပိုင်းကျိုးသွားရလေသည်။

ရင်စွေ့ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားသည်။

မျက်နှာလည်း ဖြူရော်သွားသည်။

'မင်း... မဲ့င်း'

ရှိယုက....

'လဆန်းငါးရက်နေ့အထိစောင့်စရာ မလိုအပ်တော့ဘူးလို့ ထင်ပါတယ်ဗျာ'



ရင်စွေ့ ဘာမျှမပြောတော့ပါ။

လက်ထဲမှ ဓားကျိုးကိုလွှင့်ပစ်လိုက်ပြီး ချင်းမိန်ဂိုဏ်းရှေ့မှ လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

လဆန်း (၃)ရက်....

ကျွန်းဒုန်တွင် အလွန်စည်ကားနေသည်။

လမ်းမပေါ်တွင် လူများ ရာစ်ဦးနှင့်တစ်ဦးတိုးဝှေ့ကာပင် သွားလာနေရလေသည်။

ကျွန်းဒုန်သည် အလွန်နာမည်ကျော်ကြားသောနေရာတစ်ခု ဖြစ်သည်။

ရှုခင်းများကောင်းသလို ကျော်ကြားသော အဆောက်အအုံများစွာလည်း ရှိပေသည်။

ထို့အတူ အခမ်းအနားများလည်း ကျင်းပလေ့ ရှိသည်။

နှစ်စဉ် လဆန်းငါးရက်တွင် မီးပုံပွဲတစ်ခုကို ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်မျှ ရှိလာပြီဖြစ်သည်။

ထိုမီးပုံပွဲသည် အလွန်စည်ကားသည်။

အနယ်နယ်အရပ်ရပ်မှလူများရောက်ရှိလာကြပြီး လက်စွမ်းပြတတ်ကြသည်။

ထိုရက်ပိုင်းတွင် ကျွန်းဒုန်၏ ကောင်းကင် တစ်ခုလုံးတွင် အရောင်အသွေးစုံလင်လှသော မီးပုံးပျံများကိုသာ တွေ့ရမည်ဖြစ်သည်။

ထိုမီးပုံးပျံပွဲ၏ စည်ကားမှုကြောင့် ဈေးသည်များလည်း အလိုလိုရောက်ရှိ ဖွင့်လှစ်ကာ ကျွန်းဒုန်တွင် အကြီးဆုံးဈေး တစ်ခုလည်း ဖြစ်လာသည်။

တစ်ဖန် ကျွန်းဒုန်မြို့သူမြို့သ… ဂိက စေတနာဖြင့် ကျွေးမွေးသော အခမဲ့စားသောက်ဆိုင်ချန်ခ…ည်း ရှိသည်။

အလွန်ပျော်စရာကောင်းလှသောပွဲတော်ပင် ဖြစ်ပါသည်။



ညနေဆည်းဆာ....

နေအပူရှိန်လျော့ကျသွားပြီ ဖြစ်သည်။

လမ်းမပေါ်တွင် လူပို၍များပြားလာသည်။

ကြက်ပျံမကျစည်ကားလှပေသည်။

ထိုများပြားလှသောသူများထဲတွင် လူရွယ် နှစ်ယောက်လည်း တွန်းတိုးကာ သွားလာနေသည်။

ထိုလူရွယ်နှစ်ယောက်သည် အနီရောင်ဝတ်စုံကို ဆင်မြန်းထားသည်။

သူတို့ကား လျူဝမ်ဟန်နှင့် ရီယူတို့ပင် ဖြစ်ပါသည်။

လျူဝမ်ဟန်က....

'ရီယူ ငါတို့တည်းခိုစရာနေရာတောင်ရပါ့မလား'

ရီယူက....

'မပူပါနဲ့၊ ကျွန်တော် ဟိုနေ့ကကတည်းကဲ့ အခန်းတစ်ခန်း ချန်ထားဖို့ အမှာစာပေးပို့ထားပါတယ်'

သူတို့သည် လူများကြားတိုးဝှေ့သွားလာရင်းမှ လမ်းမကြီး၏ညာဘက် လမ်းချိုးတစ်ခုအတွင်းကွေ့လိုက်သည်။

ထို့နောက် လမ်းဖြတ်နှစ်ခုကိုဖြတ်ကျော်အပြီးတွင် လမ်းမကြီးတစ်ခုပေါ် ပြန်ရောက်လာသည်။

ထိုလမ်းမတွင်လည်း လူကများပြားနေပြန်သည်။

ယိုကျိနှင့် လျူဝမ်ဟန်တို့ လမ်းမအတိုင်း ဆက်လျှောက်လာရာ မကြာမီခြံဝင်းတစ်ခုရှေ့သို့ရောက်ရှိလာသည်။

ခြံဝင်းထိပ်တွင်....

'မိုင်ဟွားတည်းခိုခန်းနှင့်စားသောက်ဆိုင်'

ဟူသော ဆိုင်းဘုတ်ကြီးတစ်ခုချိတ်ဆွဲထားသည်။

'ဒါပဲ ဂိုဏ်းချုပ်'

ရိုကျိနှင့် လျူဝမ်ဟန်တို့သည် ခြံဝင်းကို လှမ်းဝင်လိုက်ရာ ပန်းဥယျာဉ်ငယ်ကလေးနောက်တွင် ခမ်းနားသော ဆိုင်ခန်းကို တွေ့လိုက်ရသည်။

သူတို့က ဆိုင်တံခါးဝရှေ့သို့ ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

ဆိုင်အရောက်တွင် အထဲမှထွက်လာသောလူတစ်ယောက်နှင့် လျူဝမ်ဟန် ဝင်တိုက်မိသွားသည်။

'ဝုန်း'



နှစ်ယောက်စလုံး နောက်သို့ယိုင်သွားသည်။

လျူဝမ်ဟန်ကကြည့်လိုက်ရာ ထိုလူသည် သူ့ထက်အနည်းငယ် ငယ်ရွယ်သူတစ်ယောက် ဖြစ်သည်။

အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ရွှေခါးပတ်ကို ဝတ်ထားပြီး ထိုရွှေခါးပတ်ကြားတွင် ရွှေဓားတိုတစ်လက်ကို ချိတ်ဆွဲထားသည်။

ထိုလူငယ်က....

'စိတ်မရှိပါနဲ့'

လျူဝမ်တန့်က....

'ရပါတယ်ဗျာ'

သူက အထဲသို့လှမ်းဝင်လိုက်သည်။

ရိုကျိက ဆိုင်လုလင်အား....

'ကျုပ်က ရိုယ်အား ကျုပ်တို့အတွက် အခန်းမှာထားပါတယ်'

ဆိုင်လုလင်က....

'ဟုတ်ကဲ့....ဟုတ်ကဲ့၊ နေရာကောဝ်းချန်ထားတယ်၊ လာလာ ကျုပ်လိုက်ပြမယ်၊ ခြံဝင်းထောင့်မှာ သီးသန့်အခန်းပါ'

ဆိုင်လုလင်က ရှေ့မှဦးဆောင်လျှောက်လိုက်သည်။

သို့ရာတွင် ခြေလှမ်းငါးလှမ်းမပြည့်မီ ရပ်တန့်လိုက်ရသည်။

မပြာရောင်ဝတ်စုံနှင့်လူရွယ်က ဆိုင်လုလင်၏ သွားလမ်းကို ပိတ်ဆို့ထားသောကြောင့်ပင် ဖြစ်သည်။

ဆိုင်လုလင်က…

'သခင်လေး လမ်းဖယ်ပေးပါ'

ဝတ်စုံပြာနှင့်လူငယ်က …

'မင်းတို့ ဘယ်လိုသဘောလဲ၊ ကျုပ်ကို အခန်းလွတ်မရှိဘူး ပြောတယ်၊ သူတို့ကိုတော့အခန်းပေးတယ်၊ ဒါဟာ တရားသလားကွ'

ဆိုင်လုလင်က….

'သခင်လေး အထင်မှားနေပြီ'

'ဘာအထင်မှားရမှာလဲ၊ မင်း မလိမ်နဲ့ သူတို့သုံးယောက် ငါ့နောက်မှရောက်လာတယ်၊ ဘာငြင်းမလဲ'

သူသည် ဆိုင်လုလင်အား ကုတ်မှဆွဲမြှောက်လိုက်သည်။

ဆိုင်လုလင်မှာ ခြေကားယားလက်ကားယား ဖြစ်သွားပြီး

'သခင်လေး ကျုပ်ရှင်း….'

'စကားမရှည်နဲ့ သွားစမ်း'



သူသည် ဆိုင်လုလင်အား တွန်းထုတ်လိုက်သည်။

'ဝုန်း'

ဆိုင်လုလင်မှာ မြေပေါ်ခွေခွေကလေး လဲကျသွားသည်။

ဆိုင်လုလင်က လူးလဲပြန်ထလိုက်ပြီး …

'သူတို့က သခင်လေး နောက်မှ ရောက်တာ မှန်တယ်၊ ဒါပေမယ့် သူတို့အတွက်အခန်းချန်ထားဖို့ လွန်ခဲ့တဲ့လေးငါးရက်ကတည်းက ကြိုတင်မှာကြားထားတာပါ'

ဝတ်စုံပြာနှင့်လူငယ်က လျူဝမ်ဟန့်အားကြည့်လိုက်ပြီး….

'မင်းတို့ တခြားသွားနိုင်မလား၊ ဒီအခန်း ကျုပ်လိုချင်တယ်'

ရှိကျို ဒေါသထွက်သွားသည်။

လျူဝမ်ဟန့်က ရှိကျိုအားဆွဲထားလိုက်ပြီး…

'မိတ်ဆွေက အခန်းရဖို့ အခက်အခဲဖြစ်နေရင် ယူလိုက်ပါဗျာ၊ ကျုပ်တို့တခြားသွားရှာပါမယ်'

ဝတ်စုံပြာနှင့်လူငယ်က ရယ်မောလိုက်ပြီး….

'ဟား… ဟား… ဟား… မဟုတ်ပါဘူး၊ မင်းတို့ကြည့်ရတာ သိုင်းလောကသားပုံမို့ စမ်းကြည့်တာ တကယ်တော့ ရေးမြွေတွေပါလားကွ'

ဟု လျှောင်ပြောင်ကာ ထွက်ခွာသွားလေတော့သည်။

❦

ရိုကျိုသည် ထွက်ခွာသွားသော ဝတ်စုံပြာ၏နောက်ကျော ကိုကြည့်ရင်း မကျေမနပ်နှင့်ပြောလိုက်သည်။

'ဂိုဏ်းချုပ် သူ့ကိုဆုံးမသင့်တာပျ၊ ဘာလို့အ လျှော့ပေးရ တာလဲ'

လျူဝမ်ဟန်က....

'ကျုပ် ဒီကိုလာတာ မီးပုံးပျံလွှတ်ဖို့ တခြားပြဿနာတွေ မယူချင်ဘူးလေ'

ရိုကျိုက....

'ဒါပေမယ့်.... ဒီ မောက်မာလှန်းတဲ့ လူငယ်ကိုတော့ အကြောင်းသိအောင် ပြလိုက်သင့်တယ်'



လျူဝမ်ဟန်က....

'ရိုကျိုရယ် တဆိတ်ရှိ ရန်ဖြစ်ဖို့ စိတ်မကူးနဲ့၊ ကဲလာ...လာ အခန်းကိုသွားရအောင်'

❦

ည—

လျူဝမ်ဟန်နှင့်ရိုကျိုတို့သည် ကျန်းဒုန်မြို့ပြင်ဘက်သို့ထွက် လာခဲ့ကြသည်။

မြို့ပြင်ရှိ ကွက်လပ်ထဲတွင် မီးပုံးပျံ ပြုလုပ်နေသူများဖြင့် စည်ကားလှသည်။

ရိုကျိုက....

'ဂိုဏ်းချုပ်'

'ဘာလဲ ရိုကျို'

'မီးပုံးပျံတွေအများကြီးပဲဗျ၊ ကျွန်တော်တို့က အားလုံး ထက်လှအောင် ဘယ်လိုလုပ်ရမယ်ဆိုတာမသိတော့ဘူး'

လျှုဝမ်ဟန်က ရယ်မောလိုက်သည်။

'လူတိုင်း လူတိုင်းက ကိုယ်ရဲ့ မီးပုံးပျံကို အလှဆုံးဖြစ် အောင်ပြုလုပ်ကြတာပဲ၊ ဒီတော့ အားလုံးဟာ ကြည့်နေရမှာပဲ အရေးကြီးတာက ကိုယ့်မီးပုံးပျံဟာ ကိုယ့်မျက်စိထဲ လှနေဖို့ပဲ မဟုတ်လားကွ'

'ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော်တို့မနက်ဖြန်စောစော လာပြီး မီးပုံးပျံလုပ်မယ်'

လျှုဝမ်ဟန်က....

'အေး.... မနက်ဖြန်ဆိုရင် အားလုံးက တစ်ပြိုင်တည်းလွှတ် ကြမှာ အလွန်ကြည့်လို့ကောင်းတယ်ကွ'

သူတို့သည် စကားတပြောပြောဖြင့် တခြားသူများပြုလုပ် နေသည့် မီးပုံးပျံများကို လှေ့လာကြည့်ရှုနေကြသည်။

ညဥ့်အတော်နက်မှပင် တည်းခိုခန်းဘက်သို့ ပြန်လာခဲ့ကြ လေတော့သည်။



ညဥ့်အတော်နက်ပြီဖြစ်၍ လမ်းမပေါ်ဝယ် လူရှင်းနေ၏။

လျှုဝမ်ဟန်နှင့်ရှီကျိုတို့သည် တည်းခိုခန်းဘက်သို့ ဦးတည် ကာ ပြန်လာခဲ့သည်။

ထိုစဉ် အရှေ့ဘက်မှ လမ်းကြားတစ်ခုအတွင်းမှ တိုက်ခိုက် သံကို ကြားလိုက်ရလေသည်။

'ယား'

'ချွမ်း'

'မင်းတို့က အများနဲ့တိုက်ခိုက်ချင်သလား'

လျှုဝမ်ဟန်နှင့် ရှီကျိုတို့ ခြေလှမ်းများ ရပ်တန့်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။

လမ်းကြားအတွင်း တိုက်ပွဲသံက ဆူညံနေသည်။

ရှီကျိုက....

'ဘယ်သူများ ပြဿနာတက် နသလဲ'

လျှုဝမ်ဟန်က တစ်ချက်စဉ်းစားလိုက်ပြီး ....

'လာ တို့သွားကြည့်ရအောင်'

သူတို့သည် တိုက်ပွဲသံကြားရာ လမ်းကြားဘက်သို့ ပြေး လွှားသွားလိုက်ကြလေလည်။

လမ်းကြားအတွင်း အလင်းရောင်သိပ်မရှိပါ။

သို့သော် လမ်းကြားတွင်း၌ လူတစ်ယောက်အား လူငါးယောက်ခန့်က ဝိုင်းရံတိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရသည်။

ရှိကျိုက....

'ဂိုဏ်းချုပ် ကျွန်တော်တို့ဝင်ကူမလား'

လျှူဝမ်ဟန့်က....

'အများနဲ့ တစ်ယောက် ကြည့်မကောင်းဘူး၊ ဝင်ကူသင့်တယ်၊ ဒါပေမယ့် လက်မလွန်စေနဲ့'

'ဟုတ်ကဲ့ ဂိုဏ်းချုပ်'

ရှိကျိုက....

'မိတ်ဆွေ ဘာမှမပူနဲ့ ကျုပ်လာပြီ'

သူက အသံပြုကာ တိုက်ပွဲအတွင်းပြေးဝင်သွားသည်။

ထို့နောက် ဝိုင်းရံထားသောလူငါးယောက်ကို ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လျှူဝမ်ဟန့် ကမူ တိုက်ပွဲအပြင်ဘက်၌ လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေးရပ်ကြည့်နေသည်။

ဝိုင်းရံ တိုက်ခိုက်နေသူ ငါးယောက်သည် ရှိကျိုရောက်ရှိလာပြီးနောက် အခြေအနေ မဟန်မှန်းသိလိုက်ကြသည်။



'ရှိကျို'

အချက်ပေးလိုက်ပြီးနောက် ချက်ချင်းပင် ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

တိုက်ပွဲကား လျင်မြန်စွာပြီးဆုံးသွားသည်။

ထိုအခါ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

'ဟင်'

ထိုလူကား ညနေပိုင်းက တည်းခိုခန်းတွင် သူတို့နှင့်တွေ့ခဲ့သော ဝတ်စုံပြာလူငယ်ပင် ဖြစ်နေသည်။

ဝတ်စုံပြာ လူငယ်သည် ရှိကျိုနှင့် လျှူဝမ်ဟန့်တို့အား တစ်ချက်ကြည့်လိုက်ပြီးနောက် လမ်းကြားလေးထဲမှ ထွက်သွားလေသည်။

ရှိကျို မကျေနပ်ဖြစ်သွားသည်။

'တော်တော် ရှိင်းပြတာပဲ၊ ကျေးဇူးတင် စကားတောင်မှ မပြောပါလား'

ဟု ရေရွတ်လိုက်သည်။

ရှိကျို၏ရေရွတ်သံကြောင့် ဝတ်စုံပြာလူငယ်ရပ်တန့်သွားပြီး ပြန်လှည့်လာသည်။

'မင်း ဘာပြောတာလဲ'

ရှိကျိ က....

'ကျုပ်ပြောတာ ရှင်းရှင်းလေးပဲ၊ မင်းကိုကူညီခဲ့တာကိုမှ မင်းက မသိဟန်ဆောင်နေလို့ပြောတာ'

ဝတ်စုံပြာက ရယ်မောလိုက်ပြီး....

'ဘာလဲ ဒီလူငါးယောက်ကို ကျုပ်ကမနိုင်ဘူးများထင်နေသလား၊ ကျုပ်က သနားလို့ မတိုက်ပဲနေတာ ကျုပ်ရဲ့သိုင်းတစ်ကွက်နဲ့ ဒီလူငါးယောက်စလုံးကိုသတ်ပစ်နိုင်တယ်ဗျ'

ရှိကျိ နှာခေါင်းရှုံ့လိုက်သည်။

ဝတ်စုံပြာလူငယ်က....

'မင်းတို့ မသိရင်မှတ်ထား၊ ကျုပ် တင်းမိန် ကြောက်ရမယ့်လူ သိုင်းလောကထဲမှာမရှိသေးဘူး'

သူသည် စကားဆုံးသည်နှင့် လမ်းကြားလေးထဲမှ လှစ်ခနဲ ပြေးထွက်သွားသည်။

သူ၏မြင့်မားသော ကိုယ်ဖော့ပညာကို ပြသသွားခြင်းပင် ဖြစ်ပါသည်။



လျှုဝမ်ဟန့်က ခေါင်းတစ်ဆတ်ဆတ်ညိတ်လိုက်သည်။

'တကယ်ကောင်းတဲ့ ကိုယ်ဖော့ပညာပဲ'

ကောင်းကင်တစ်ခုလုံး မီးပုံးပျံများပြည့်နေသည်။

လျှုဝမ်ဟန့်၏ အနီရောင်မီးပုံးပျံသည်လည်း ကောင်းကင်ပေါ်သို့ရောက်ရှိနေပြီ ဖြစ်သည်။

လေစီးကြောင်းနှင့်အတူ များပြားလှသော မီးပုံးပျံများသည် ရွေ့လျားနေကြပေသည်။

ကြည်လင်သောကောင်းကင်ဝယ် အရောင်အသွေး စုံလင်လှသော မီးပုံးပျံများအားကြည့်ရသည်မှာပျော်ရွှင်ဖွယ်ကောင်းလှပေသည်။

လျှုဝမ်ဟန့်သည် ကောင်းကင်အား မော့ကြည့်ရင်းမှ သူ့အား တစ်စုံတစ်ယောက်ကကြည့်နေသလို ခံစားလိုက်ရ၏။

ထို့ကြောင့် ချာခနဲလှည့်ကြည့်လိုက်၏။

ထိုအခါ တင်းမိန်ဆိုသောလူငယ်အား တွေ့လိုက်ရ၏။

တင်းမိန်သည် သူ့အား စိုက်ကြည့်နေ၏။

လျူဝမ်ဟန့်က ပြုံးပြလိုက်၏။

တင်းမိန်က သူ့ထံ လျှောက်လာပြီး—

'ခင်ဗျားတို့က ချင်းမိန်ဂိုဏ်းက ဟုတ်လား'

ရှိကျူိက....

'ဟုတ်ပါတယ်'

တင်းမိန်က....

'ဒါဆိုရင် ခင်ဗျားတို့က ပြိုင်ဘက်ကင်းတဲ့သူတွေပေါ့'

လျူဝမ်ဟန့်က....

'မဟုတ်ပါဘူး၊ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ လူရယ်လို့ မရှိကြပါဘူး'

တင်းမိန်က....

'ကျုပ်က တင်းမိန်ပါ၊ ကျုပ်အနေနဲ့ ငယ်စဉ်ကစပြီး— သိုင်းပညာ လေ့ကျင့်ခဲ့တယ်၊ တစ်နေ့မှာ အလွန်ကြီးကျယ်တဲ့ တင်းမိန်ဂိုဏ်းတစ်ခုတည်ထောင်ဖို့ စိတ်ကူးထားပါတယ်'



လျူဝမ်ဟန့်က....

'အလွန်ကောင်းပါတယ်မိတ်ဆွေ၊ အကူအညီလိုရင်ပြောပါ ကျုပ်တို့ အတတ်နိုင်ဆုံး ကူညီပါ့မယ်'

တင်းမိန်က....

'မလိုပါဘူး၊ ခင်ဗျားတို့ကူညီမှ ကျုပ်က လုပ်ကိုင်နိုင်မှာ မဟုတ်ဘူး'

ရှိကျူိက ...

'ဂိုဏ်းချုပ်၊ ဒီလူနဲ့ စကားပြောမနေပါနဲ့'

သူက ဒေါသထွက်နေ၏။

တင်းမိန်က နှာခေါင်းရှုံ့လိုက်ပြီး....

'အခု ကျုပ်လာတာက ခင်ဗျားတို့ရဲ့ပညာကို လေ့လာစည်းပူးချင်လို့ပါ၊ မိတ်ဆွေဖွဲ့ဖို့ မဟုတ်ဘူး'

ရှိကျူိ မနည်းပင် ဒေါသထိန်းနေရ၏။

တင်းမိန်သည် တမင် ရန်စနေသည် မဟုတ်ပါလား။

လျူဝမ်ဟန့်ကလက်နှစ်ဖက်ဆုပ်လိုက်ပြီး....

'ကျုပ်တို့ နောင်မှ တွေ့ကြတာပေါ့၊ ကဲ...ရှိကျူိ သွားကြစို့'

သူက လှည့်ထွက်လာခဲ့၏။

တင်းမိန်က နောက်မှ လှော်ပြောင်လိုက်၏။

လျူဝမ်ဟန့်က မကြားဟန်ဆောင်လျက် ဆက်၍ ထွက်လာခဲ့လေတော့သည်။

ရှိကျိုက....

'ဒီလူကို မှတ်လောက်အောင် ဆုံးမသင့်တယ်'

သူက မကျေမနပ်နှင့်ပြောလိုက်၏။

လျူဝမ်ဟန့်က....

'ဒီမှာ ရှိကျို၊ သူတို့လို လူငယ်သိုင်းသမားတွေဟာ ဖြတ်လမ်းနည်းကို အသုံးပြုပြီး နာမည်ကြီးချင်နေတာကွ၊ တ... ကြောင့် သူတို့ကို အခွင့်အရေးပေးမှာလဲ'



ဟု နှစ်သိမ့်လိုက်၏။

ရှိကျိုက....

'ဒီ တင်းမိန်ဆိုတဲ့လူငယ်က ဒီအတိုင်းရပ်နေမယ်မထင်ဘူး'

လျူဝမ်ဟန့်က မခိုးတွန့်လိုက်ပြီး....

'နောက်မှ ကြည့်ရှင်းတာပေါ့၊ ကဲ....ကဲ ပစ္စည်းတွေသိမ်း၊ မနက်ကျရင် ပြန်ကြမယ်'

သူသည် စိတ်အပန်းဖြေရန် ခရီးထွက်လာရာတွင် စိတ်မကြည်သာစရာများ ဖြစ်ရသည် မဟုတ်ပါလား။

ညဉ့်နက်နေပြီဖြစ်၏။

ကျန်းဒုန်မြို့ပြင်တွင် စည်ကားနေဆဲဖြစ်သော်လည်း ကျန်းဒုန်မြို့တွင်း၌မူ တိတ်ဆိတ်နေ၏။

တင်းမိန်သည် မိုင်ပွား တည်းခိုခန်းဆီသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့လေသည်။

သူသည် ယနေ့ညတွင် လျှုဝမ်ဟန် နှင့်ယှဉ်ပြိုင်ဖြစ်အောင် ယှဉ်ပြိုင်မည်ဟု ဆုံးဖြတ်ထားလေသည်။

သူ ပိုင်ဟွားတည်းခိုခန်း မရောက်မီကပင် အရှေ့ဘက်၌ လူရိပ်နှစ်ရိပ် ပြေးလွှားသွားသည်ကို တွေ့လိုက်ရသည်။

တင်းမိန် မျက်မှောင်ကြုတ်သွားသည်။

'သူတို့ပါလား၊ သူတို့ဘာလာလုပ်ကြတာလဲ'

တင်းမိန် ချက်ချင်းပင် ကိုယ်ရိပ်နောက်သို့ လိုက်သွား၏။

အံ့ဩစရာကောင်းသည်က ထိုလူရိပ်နှစ်ရိပ်သည် ပိုင်ဟွားတည်းခိုခန်းမသို့ပင် ဦးတည်သွားနေခြင်း ဖြစ်ပါသည်။

ပေါ့ပါးသောခြေသံကြောင့် ရှိကျိုလန့်နိုးလာသည်။

လျှုဝမ်ဟန်လည်း ခုတင်ပေါ် ထိုင်လျက်သား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။



ရှိကျို နားစွင့်လိုက်သည်။

ခြေသံက ငြိမ်သွားသည်။

ပန်းဥယျာဉ်အတွင်း ဝင်လာခြင်း ဖြစ်သည်။

ရှိကျို ပြတင်းပေါက်မှ အပြင်သို့ အသာချောင်းကြည့်လိုက်သည်။

ပန်းဥယျာဉ်အတွင်းသို့ အဝါရောင် အရိပ်ကြီးတစ်ရိပ်ကျရောက်လာသည်ကို တွေ့လိုက်ရလေသည်။

'ဂိုဏ်းချုပ်'

လျှုဝမ်ဟန်က....

'ငါတွေ့တယ်'

ရှိကျိုက....

'လာမားတစ်ပါးပဲ၊ အင်း....ယွက်ဖန်းရဲ့အရေပဲ ထင်တယ်'

လျှုဝမ်ဟန်က သက်ပြင်းချလိုက်သည်။

'ဒီည ငါတို့တိုက်ပွဲက ရှောင်လွှဲချင်လို့လဲရမယ် မထင်တော့ဘူး'

ရှိကျိုက....

‘သဲကန္တာရ လာမားဟာ လူကောင်းလို့ ပြောလို့မရဘူး၊ ဂိုဏ်းချုပ် သူ့ကိုမညှာတာမှဖြစ်မယ်’

လျှုဝမ်ဟန်က …

‘ကျုပ် နားလည်ပါတယ်’

သူတို့ အချီအချ စကားပြောနေစဉ်မှာပင် အပြင်ဘက်မှ အေးစိမ့်သော စကားသံက ထွက်ပေါ်လာလေသည်။

‘ချင်းမိန်ဂိုဏ်းချုပ် ထွက်လာခဲ့ပါ’

တင်းမိန်သည် ပန်းချုံအကွယ်မှ ချောင်းကြည့်နေသည်။

သဲကန္တာရ လာမားသည် ချင်းမိန်ဂိုဏ်းချုပ်နှင့် တွေ့ဆုံရန် ရောက်ရှိလာခြင်းဖြစ်သည်ကို တွေ့လိုက်ရသဖြင့် အနည်းငယ် အံ့အားသင့်သွားသည်။

ထိုစဉ် ပြတင်းပေါက်တစ်ခု ပွင့်လာပြီး လျှုဝမ်ဟန်နှင့် ရှိကျိုတို့ထွက်လာသည်ကို တွေ့လိုက်ရသည်။



လျှုဝမ်ဟန်က လက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်ပြီး....

‘သဲကန္တာရလားမားနဲ့တွေ့ရတာ ဝမ်းသာပါတယ်’

လာမားကြီးက လျှုဝမ်ဟန့်အား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး....

‘မင်းက ချင်းမိန်ဂိုဏ်းချုပ်လား’

လျှုဝမ်ဟန်က....

‘ဟုတ်ပါတယ်’

လာမားကြီးက....

‘ကဲ....လာ ငါတို့မြို့ပြင်သွားကြရအောင်’

လျှုဝမ်ဟန်က မျက်မှောင်ကြုတ်လျက်....

‘ဘာကိစ္စရှိလို့လဲ’

လာမားကြီးက....

‘မင်း ဒီကို ရောက်လာတာ ငါရဲ့ စိန်ခေါ်မှုကြောင့်ပဲ မဟုတ်လား’

လျှုဝမ်ဟန်က....

‘မဟုတ်ပါဘူး၊ ကျုပ်က မီးပုံးဖျော်ပွဲလာကြည့်တာပါ’

လာမားကြီးက....

'ဘာပဲဖြစ်ဖြစ် ရောက်လာမှတော့ ငါတို့ယှဉ်ကြတာပေါ့'

လျူဝမ်ဟန့်က လားမားကြီးအားစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားနဲ့ကျုပ် ရန်ငြိုးရှိသလား'

'မရှိဘူး'

'ရန်ငြိုးမရှိဘဲနဲ့ ဘာကြောင့်တိုက်ခိုက်ရမှာလဲ'

'မင်းတို့ ချင်းမိန်ဂိုဏ်းရဲ့ပညာ ကျော်ကြားခဲ့တာ ဘယ်လောက် အစွမ်းအစ ရှိသလဲ ဆိုတာကို ငါလေ့လာ ကြည့်ချင်တယ်'

လျူဝမ်ဟန်က....

'ချင်းမိန်ဂိုဏ်းရဲ့ ပညာဟာ ဘာမှ မပြောပလောက်ပါဘူးဗျာ'

လာမားကြီးက စိတ်မရှည်တော့ပါ။

'စကားမများနဲ့တော့ ကျုပ်တို့ယှဉ်ကြစို့'

လျူဝမ်ဟန်က....

'ကျုပ်က အကျိုးမဲ့ တဲ့ယှဉ်ပြိုင်မှု ဘယ်တော့မှမလုပ်ပါဘူး ခွင့်လွှတ်ပါဗျာ'



လာမားကြီးက ဒေါသထွက်သွားသည်။

'ကောင်းပြီ၊ မင်း မခုခံချင် သေရမယ်'

သူသည် စကားဆုံးသည်နှင့် လက်ဝါးချောင်းဖြင့် လျူဝမ် ဟန်၏ခေါင်းအား ကုပ်ဆွဲချလိုက်သည်။

သဲကန္တာရသိန်းငှက်သိုင်းကွက်ပင် ဖြစ်၏။

အလွန်လျင်မြန်ပြီး ကြောက်စရာကောင်းလှသည်။

လျူဝမ်ဟန်က ပခုံးကိုနှိမ့်ကာ ခန္ဓာကိုယ်ဘစ်ဝက်လှည့် လိုက်သည်။

လာမားကြီး၏ တိုက်ကွက်အောက်မှ လွတ်ထွက်သွား၏။

လာမားကြီး ဆက်တိုက်ပင် လက်ဝါးချက်များ ထုတ် ဖော်ကာ တိုက်ခိုက်လိုက်ပြန်သည်။

လျူဝမ်ဟန်က နောက်ကျွမ်းပစ်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လာမားကြီးနှင့် ဝါးတစ်ရိုက်ခန့် အကွာအဝေးသို့ ကျရောက်သွားသည်။

'ရပ်လိုက်၊ ခင်ဗျားတိုက်ခိုက်ချင်ပေမယ့် ကျုပ်က တိုက် ခိုက်မှာ မဟုတ်ဘူး'

လာမားကြီး မကျေမနပ် ဖြစ်သွားသည်။

သူ၏တိုက်ခိုက်မှုများကို လျူဝမ်ဟန်က အလွယ်တကူပင် ရှောင်တိမ်းသွားနိုင်ခဲ့သည်။

တစ်ဖန် ယခုလောက်အကွာအဝေးတွင် သူက လျူဝမ်ဟန်အား လိုက်လံတိုက်ခိုက်နိုင်မည်မဟုတ်ပါ။

လာမားကြီးသည် ရိုကျိုအား တွေ့မြင်သွားသည်။

သူ၏မျက်လုံးများ တောက်ပသွားသည်။

'အင်း….ဒီကောင်ကိုသတ်လိုက်ရင်တော့ ချင်းမိန်ဂိုဏ်းချုပ်ငါနဲ့မတိုက်ဘဲ နေနိုင်မှာ မဟုတ်တော့ဘူး'

သူသည် အတွေးတွေးမိသည်နှင့် ချက်ချင်းပင် ရိုကျိုထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ရိုကျို ရင်ထိတ်သွားသည်။

သူသည် ချက်ချင်းပင် လာမားကြီးအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

လာမားကြီး၏ သိန်းငှက်သိုင်းကွက်များက ကြောက်စရာကောင်းလှသည်။

ရိုကျိုမှာ အပြင်းအထန်ပင် ပြန်လည်ခုခံတိုက်ခိုက်နေရလေတော့သည်။



လျူဝမ်ဟန့်တို့ ဆက်ပြင်းချလိုက်သည်။

တိုက်ပွဲကား ရှောင်လွှဲ၍ ရမည်မထင်ပါ။

ရိုကျိုသည် လာမားကြီးအား အနိုင်ရမည် မဟုတ်ချေ။

သူမတိုက်ခိုက်၍ မရတော့ပါ။

'ရိုကျို နောက်ဆုတ်လိုက်'

ရိုကျို ချက်ချင်းပင် နောက်ဆုတ်လိုက်တည်။

ရိုကျို၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များထွက်နေသည်။

သူက လေသံဖြင့် သတိပေးလိုက်သည်။

'ဂိုဏ်းချုပ်သတိထား'

လျူဝမ်ဟန့်က ခေါင်းညိတ်လျက် လာမားကြီးရှေ့သို့ လျှောက်သွားလိုက်သည်။

လာမားကြီးက ရယ်မောလိုက်ပြီး….

'ဒီလိုမှပေါ့ကွ'

လျူဝမ်ဟန့်က….

'ကျုပ်က အကျိုးမရှိတဲ့ ယှဉ်ပြိုင်မှုမျိုး မပြုလုပ်ချင်ပါဘူး၊ ဒါပေမယ့် မလွှဲရှောင်သာတော့လဲ ယှဉ်ပြိုင်ရတော့မှာပေါ့'

လာမားကြီးက....

'ဟဲ...ဟဲ...ဟဲ... စိတ်ချ မင်းဒုက္ခိတဘဝရောက်သွားမယ် ဆိုရင်တော့ ယှဉ်ပြိုင်ရတဲ့အရသာကို ပိုပြီးသိမှာပေါ့'

သူသည် စကားဆုံးသည်နှင့် လျူဝမ်ဟန်အား တရကြမ်း ပင် တိုက်ခိုက်လိုက်လေသည်။

လျူဝမ်ဟန်ကလည်း လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

တစ်ခဏအတွင်းမှာပင် ပြင်းထန်လှသော တိုက်ပွဲ တစ်ခု စတင်ဖြစ်ပေါ်လာလေတော့သည်။

တင်းမိန်သည် ချုံကွယ်မှကြည့်နေသည်။

သဲကန္တာရ လာမားကြီးကို သူသိသည်။



သဲကန္တာရ လာမားကြီး၏ သိုင်းပညာသည် အတော်ပင် အဆင့်မြင့်မားသည်။

ထိုလာမားကြီးသည် ပြည်မမှ နာမည်ကျော်များကို တစ် ယောက်ပြီး တစ်ယောက် ယှဉ်ပြိုင်အနိုင်ယူနေသူလည်း ဖြစ်၏။

တင်းမိန်မှာလည်း တစ်နေ့တွင် သဲကန္တာရလာမားကြီးနှင့် ယှဉ်ပြိုင်မည်ဟု စိတ်ကူးထားခဲ့သည်။

သူသည် လာမားကြီးအားအနိုင်ရရန် မသေချာသေးသဖြင့် နောက်ဆုံးမှ ယှဉ်ပြိုင်ရန် မှတ်ထားခဲ့သည်။

ယခု လျူဝမ်ဟန်သည် လာမားကြီးနှင့် ယှဉ်ပြိုင်တိုက်ခိုက် နေသည်။

လာမားကြီး၏ ပြင်းထန်လှသော တိုက်ကွက်များသည် လျူဝမ်ဟန်အား မည်သို့မျှ ဒုက္ခပေးနိုင်စွမ်းမရှိသည်ကို တွေ့ နေရသည်။

လျူဝမ်ဟန်၏သိုင်းပညာသည် သူထင်ထားသည်ထက်ပင် လွန်စွာမှမြင့်မားနေကြောင်း မနာလိုစွာဖြင့်သိရှိလိုက်ရသည်။

သူသည် တိုက်ပွဲကိုအာရုံစိုက်လိုက်သည်။

သဲကန္တာရလာမားကြီးသည် သိုင်းကွက် ၂၀ ခန့် တိုက် ခိုက်ပြီးသည်အထိ လျူဝမ်ဟန်အား မထိခိုက်သော အခါ ဒေါသထွက်သွားသည်။

သူသည် ချက်ချင်းပင် သိုင်းကွက်ကိုပြောင်းလဲလိုက်လေတော့သည်။

လျူဝမ်ဟန့် ရင်ထိတ်သွားသည်။

သူက ရှောင်တိမ်းနေရုံဖြင့် မခုနိုင်တော့ကြောင်းနား လည်လိုက်သည်။

လျူဝမ်ဟန့် သက်ပြင်းချလိုက်ပြီး လက်ဝါးသိုင်းကွက်များ ပြန်လည်ထုတ်ဖော်လိုက်လေသည်။

လျူဝမ်ဟန့်၏သိုင်းကွက်ထုတ်ဖော်လိုက်သည်နှင့် လာမားကြီး၏ ကြောက်စရာကောင်းလှသော တိုက်ခိုက်မှုများ ပြိုကွဲသွားလေသည်။

နောက်ထပ် သိုင်းကွက် ၁၀ ကွက်ခန့် အရောက်ဝယ်....

'ဝုန်း'

သဲကန္တာရလာမားကြီးသည် နောက်သို့ ယိုင်ထွက်သွား၏။

လျူဝမ်ဟန့်၏ လက်ဝါး တစ်ချက် ထိမှန် သွားခြင်းပင်ဖြစ်၏။

သူ၏မျက်နှာနီရဲသွားသည်။

လျူဝမ်ဟန့်က လက်နှစ်ဖက် ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။



'ဒီလောက်ဆိုရင် ကျေနပ်နိုင်မယ်ထင်ပါတယ်'

လာမားကြီးသည် ဘာစကားမျှမပြောတော့ပါ။

သူ၏တပည့် ရင်စွေ့ကိုခေါ်ကာ ပြေးလွှားထွက်သွားလေတော့သည်။

လျူဝမ်ဟန့်ကား သက်ပြင်းချပြီး ချုံတစ်ခုသို့လှမ်းကြည့်လိုက်သည်။

ထိုပန်းချုံနောက်ကွယ်တွင် လူတစ်ယောက် ပုန်းကွယ်နေကြောင်း သူသိသည်။

သူက မသိဟန်ဆောင်ကာ တည်းခိုခန်းတွင်းပြန်ဝင်လာခဲ့လေတော့သည်။

ညသည် တိတ်ဆိတ်နေ၏။

တင်းမိန့်သည် လမ်းကြားကလေးအတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

သူသည် လျှူဝမ်ဟန်၏ သိုင်းပညာကို မျက်ဝါးထင်ထင် တွေ့လိုက်ရပြီ ဖြစ်သည်။

သူ့စိတ်ထဲတွင် မကျေမနပ် ဖြစ်နေသည်။

'သူနဲ့ ငါ အရွယ်ချင်းလဲ မကွာဘူး၊ ဒါပေမယ့် သူက ငါ့ထက် သိုင်းပညာ သာနေတယ်၊ ဒါ့အပြင် ငါ့ထက်လဲ ကျော်ကြားနေတယ်၊ ဂိုဏ်းတစ်ခုလဲ တည်ထောင်ထားပြီးပြီ ငါက သူ့လောက် ဘာလို့မတော်ရတာလဲ'

တင်းမိန် ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်နေလေသည်၊

သူသည် ချမ်းသာကြွယ်ဝသော မျိုးရိုးမှဆင်းသက်လာသူ ဖြစ်သည်။

ငယ်စဉ်ကပင် သိုင်းပညာကို ဝါအနှာပါခဲ့ပြီး လေ့ကျင့် ဆည်းပူးသင်ကြားခဲ့သည်။

သူ၏ ပညာသည် ပြိုင်စံရှားပြီဟုယူဆပြီး သိုင်းလောက အတွင်း ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် သူ့ထက် သိုင်းပညာသာလွန်သူများ ရှိနေခဲ့ချေပြီ။

'တောက်'

တင်းမိန် ခံပြင်းနေသည်။



'ငါဘယ်လောက်ကြိုးစား၊ကြိုးစား သူ့လောက်အောင်မြင်ပါမလား'

'ငါကြိုးစားမယ်၊ ချင်းမိန်ဂိုဏ်း ဘယ်လိုကျော်ကြားလာတယ်ဆိုတာ ငါသိတာပဲ၊ ငါမအောင်မြင်သေးတဲ့ ရှေ့မှာ အိပ်မက်သိုင်းကွက်ကိုအောင်မြင်အောင် လေ့ကျင့်မယ်'

သူသည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် အမှောင်ထုအတွင်း ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

တစ်နှစ်ဟူသောကာလ လွန်မြောက်သွားခဲ့ပြီဖြစ်သည်။

ချင်းမိန်ဂိုဏ်း၏ဂုဏ်သတင်းကား တစ်နေ့တခြား မွှေးပျံ့လာသည်။

ချင်းမိန်ဂိုဏ်းသည် သိုင်းလောကတွင်း တစ်သီးတခြား ရပ်တည်ခဲ့သည်။

သူတို့သည် သိုင်းလောကအတွင်း၌ ဒုစရိုက်သမားများကို ရှင်းလင်းဖယ်ရှားခြင်းကိစ္စ တစ်ခုသာဆောင်ရွက်ပြီး ရှေ့တန်းထွက်လေ့မရှိပါ။

ဂုဏ်ပကာသနတွင် သာယာခြင်း မရှိပါ။

ဩဇာစကားကို အရေးမထားကြပါ။

ထို့ကြောင့်လည်း သိုင်းလောကသားများကို ပို၍လေးစားလာခဲ့ကြလေသည်။

ချင်းမိန်ဂိုဏ်း၏ ဆောင်ပုဒ်ကား ပြည်သူအများအေးချမ်းသာယာရေးအတွက်ကူညီရန်ဟူ၍ပင် မဟုတ်ပါလား။

အရက်ဆိုင်ကလေးတစ်ခု....

အရက်ဆိုင်ကလေးထဲမှ လူငယ်တစ်ယောက် အရက်ထိုင်၍သောက်နေလေသည်။

ထိုလူငယ်ကား တင်းမိန်ပင် ဖြစ်သည်။



တင်းမိန်သည် လျူဝမ်ဟန်နှင့်တွေ့ခဲ့ပြီးနောက် သူ၏ဓားပညာကို ပြန်လည်လေ့ကျင့်ခဲ့သည်။

ထို့နောက် ချင်းမိန်ဂိုဏ်းကဲ့သို့ပင် ဒုစရိုက်သမားများကို ရှာဖွေသုတ်သင်ရှင်းလင်းခဲ့သည်။

ဝင်နှစ်အတွင်း ရွှေဓားဟူသော အမည်က အတော်ပင်ကျော်ကြားမှုကို ရရှိခဲ့၏။

ဂေဟာတင်ခုလုံးတွင် ရောင်စုံမီးများ ထွန်းညှိထားသည်။

ယနေ့သည် ချင်းမိန်ဂိုဏ်း၏ ငါးနှစ်မြောက် နှစ်ပတ်လည်နေ့ပင် ဖြစ်သည်။

ပျော်ရွှင်စွာစားသောက်ပွဲများကိုကျင်းပရန် စီစဉ်ထား၏။

ပြင်ပဧည့်သည်ဖိတ်ကြားခြင်း မရှိပါ။

ချင်းမိန်ဂိုဏ်းသားများသာ တက်ရောက်မည့် ညစာစားပွဲပင်ဖြစ်ပါသည်။

ညနေကတည်းကပင် ဂေဟာတံခါးကို ပိတ်ထားလိုက်၏။ အားလုံးတက်ရောက်ကြမည်ဖြစ်၍ အစောင့်တာဝန် မချထားတော့ပါ။

ဧည့်ခန်းမအတွင်း၌ဝယ်စားပွဲရှည်တစ်လုံးခင်းကျင်းထားပြီး စားသောက်ဘွယ်ရာများ အလျှံပယ် တင်ထားသည်။

လျှို့ဝမ်ဟန့်က ...

'ကဲ...သွေးသောက်တို့ ပျော်ပျော်ပါးပါးစားသောက်ကြပါစို့'

ဟုပြောရင်း အရက်ခွက်တစ်ခွက်သောက်ကာ ညစာစားပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ချင်းမိန်ဂိုဏ်းသားများသည် ပျော်ရွှင်လွတ်လပ်စွာဖြင့် စားသောက်လိုက်ကြလေသည်။

ထိုစဉ် ပြတင်းပေါက်မှ နွားခေါင်းရှို့သံတစ်ချက် ကြားလိုက်ရသည်။

ရိုကျိုက....

'ဘယ်သူလဲ'

ဟု အော်ငေါက်လိုက်သည်။

'ဝုန်း'

သူ့စကားမဆုံးမီ ပြတင်းပေါက်မှာ ကျိုးပဲ့သွားသည်။

ပြတင်းပေါက်အပြင်ဘက်တွင် လူတစ်ယောက် ရပ်နေသည်ကိုတွေ့လိုက်ရလေသည်။

ရိုကျို ဒေါသထွက်သွားသည်။



'မင်းကိုး'

သူသည် တင်းမိန်အားချက်ချင်းပင် မှတ်မိလိုက်သည်။

ချင်းမိန် ဂိုဏ်းသား များသည် ကျူးကျော် လာသော တင်းမိန်အား ဒေါသမျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။

တင်းမိန်က ပြတင်းပေါက်မှ ခုန်ဝင်လာသည်။

ထို့နောက်....

'ကျုပ်ကိုမဖိတ်ကြားဘူးလားဗျ'

ရိုကျိုက....

'မင်းက ဒီကိုလာသောင်းကျန်းဝံ့သလား'

သူသည် စိတ်မထိန်းနိုင်တော့ပေ။

တင်းမိန်ထံ ပြေးဝင်ကာ တိုက်ခိုက်လိုက်သည်။

တင်းမိန်က ရှောင်တိမ်းပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

'ဝုန်း'

ရိုကျို နောက်သို့ ယိုင်ထွက် သွားရလေသည်။

ရိုကျို ရှုံးနိမ့်သွားသည်ကိုတွေ့သောအခါ ချင်းမိန်ဂိုဏ်းသားများသည် မခံမရပ်နိုင် ဖြစ်သွားကြပြီး တင်းမိန်အား တိုက်ခိုက်ရန် ဝိုင်းရံလိုက်ကြသေသည်။

လျှူဝမ်ဟန်က ဟန့်တားလိုက်သည်။

'အားလုံးရပ်လိုက်'

ချင်းမိန်ဂိုဏ်းသားများ မကျေနပ်နှင့် နောက်ဆုတ်သွားရသည်။

လျှူဝမ်ဟန့်က တင်းမိန်အား ကြည့်လိုက်ပြီး....

'မိတ်ဆွေက ဘာကြောင့် ကျုပ်တို့ဂေဟာထဲ ကျူးကျော်ဝင်လာနှောင့်ယှက်ရတာလဲ'

တင်းမိန်က....

'ရှင်းပါတယ်၊ ကျုပ်တင်းမိန်ရဲ့ ဓားပညာဟာ မင်းတို့ချင်းမိန်ဂိုဏ်းရဲ့ ပညာထက်သာလွန်ကြောင်းပြချင်လို့ပါ'

လျှူဝမ်ဟန့်က...

'ကျုပ်တို့ ချင်းမိန်ဂိုဏ်းရဲ့ပညာ ဘာမှ မဟုတ်ပါဘူး၊ ဘာကြောင့် မင်းက ကျုပ်တို့ကိုရန်လိုနေရသလဲ'

တင်းမိန်က....

'ဒီမှာ လျှူဝမ်ဟန်၊ ဒီကနေ့ ခင်ဗျား ကျုပ်နဲ့ယှဉ်မလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့ ချင်းမိန်ဂိုဏ်းကို တင်းမိန်ဂိုဏ်းလို့ အမည်ပြောင်းမလား'



လျှူဝမ်ဟန် မျက်နှာတင်းမာသွားသည်။

'တင်းမိန် မင်းသိပ်စော်ကားလွန်းနေပြီ'

ချင်းမိန်ဂိုဏ်းသားများလည်း တစ်ယောက်တစ်ပေါက်နှင့် ဆူညံလာ၏။

လျှူဝမ်ဟန့်က....

'ကောင်းပြီ၊ ဒီကနေ့ မင်းက ကျုပ်တို့ဂေဟာထဲ ကျူးကျော်ဝင်ရောက်ခဲ့တယ်၊ ကျုပ်တို့ရဲ့ ညစာစားပွဲကို ဖျက်ဆီးခဲ့တယ်၊ ဒီအတွက် မင်းကို ကျုပ်ကဆုံးမရလိမ့်မယ်'

သူသည် ခန်းမ အလယ်ကို လျှောက်သွားကာ ရပ်တန့်လိုက်ပြီး....

'မင်း ကြိုက်ရာလက်နက်အသုံးပြုနိုင်တယ်'

တင်းမိန် သဘောကျသွားသည်။

'ဒီလိုမှပေါ့ဗျာ'

လျှူဝမ်ဟန်က....

'စကားမရှည်နဲ့ မင်း တိုက်ခိုက်နိုင်ပြီ'

တင်းမိန်က....

'စိတ်ချ၊ ကျုပ်ရဲ့ ရွှေဓားပညာကို ခင်ဗျား အခုပဲ တွေ့ရမယ်'

သူသည် ရှေ့ခေါ်းကိုဆွဲထုတ်ကာ လျှုဝမ်ဟန်အားတိုက်ခိုက်လိုက်လေသည်။

ရှေ့ရောင်အလင်းတန်းများသည် လျှုဝမ်ဟန်၏ ခန္ဓာကိုယ်တစ်ခုလုံး ဖုံးလွှမ်းသွားလေတော့သည်။

❦

တင်းမိန် မျက်နှာပြုံးရွှင်သွားသည်။

သူ၏ ရှေ့ခေါ်းသိုင်းကွက်သည် မလှုပ်သာအောင်ချုပ်ထားနိုင်ပြီ မဟုတ်လား။

နောက်ထပ် ခေါ်းကွက် ၁၀-ကွက်ခန့်အတွင်း လျှုဝမ်ဟန် လဲကျသွားရမည်ဟုလည်း ယုံကြည်ထားသည်။

သူက အတွင်းအားကို အပြည့်အဝအသုံးပြုကာ တိုက်စစ်အရှိန်ကို ပို၍မြှင့်တင်လိုယ်လေသည်။

သို့သော် သူ၏အထင်နှင့်အမြင် တက်တက်စင်အောင် လွဲမှားသွားခဲ့သည်။



နောက်ထပ် ခေါ်းကွက် ၂၀-ခန့်ရောက်ရှိသွားသော်လည်း လျှုဝမ်ဟန်၏အကျိုစကိုပင် မထိခဲ့ပါ။

ထိုစဉ် လျှုဝမ်ဟန်သည် တင်းမိန်၏ ခေါ်းကွက် သဘောတရားများကို နားလည်သိရှိသွားခဲ့ပြီဖြစ်သည်။

သူသည် တင်းမိန်၏ခေါ်းကွက်ကြားမှ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'ချွမ်း'

တင်းမိန်မှာ ခေါ်းတခြား လူတခြား လွင့်စဉ် ထွက်သွားသည်။

တင်းမိန် လူးလဲထရပ်လိုက်၏။

သူသည် လျှုဝမ်ဟန်အား မယုံကြည်နိုင်စွာကြည့်လိုက်၏။

လျှုဝမ်ဟန်က....

'တင်းမိန် မင်းသွားနိုင်ပြီ၊ နောက်တစ်ကြိမ်ဆိုရင်တော့ မင်းကို ကျုပ်က သက်ညှာနိုင်တော့မှာ မဟုတ်ပါဘူး'

တင်းမိန် ဘာမှမပြောတော့ပါ။

ကြမ်းပြင်ပေါ်ကျနေသော ခေါ်းကိုပင် ကောက်ယူမနေတော့ဘဲ ပြတင်းပေါက်မှ ကျော်လွှားထွက်ခွာသွားလေတော့သည်။

❦

ဝါးတောလေးတစ်ခု....

တင်းမိန်သည် ဝါးတောအတွင်း ပြေးဝင်လာ၏။

ဝါးတောအတွင်း၌ ဝါးအိမ်ကလေးတစ်လုံး ရှိ၏။

တင်းမိန်သည် ဝါးအိမ်ကလေးရှေ့တွင် ဒူးထောက်လိုက်၏။

ဝါးအိမ်ထဲမှ စကားသံ ထွက်ပေါ်လာ၏။

'တင်းမိန်၊ မင်း ပြန်လာပြီလား'

'ဟုတ်ကဲ့... ဘိုးဘိုး'

ဝါးအိမ်ကလေးအတွင်းမှ အဘိုးအိုတစ်ယောက် ထွက်လာ၏။

ထိုအဘိုးအိုသည် အသက်ရှစ်ဆယ်ခန့်ရှိပြီး ဆံပင်များ မုတ်ဆိတ်များ ဆွတ်ဆွတ်ဖြူနေ၏။

အဘိုးအိုသည် တင်းမိန်အား စိုက်ကြည့်လိုက်ပြီး....

'မင်းကြည့်ရတာ ဝမ်းနည်းနေသလိုပဲ'

တင်းမိန်က....

'ဟုတ်ကဲ့....ကျွန်တော် လူတစ်ယောက်ကို ရှုံးလာခဲ့လို့ပါ'

'ဘယ်သူလဲ'

'ချင်းမိန်ဂိုဏ်းချုပ် လျူဝမ်ဟန်ပါ'



အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'လျူဝမ်ဟန်လား၊ သူက လူတော်တစ်ယောက်ပဲ၊ သူက ကျော်ကြားသလောက် ကျွန်တော်က မကျော်ကြားဘူး၊ အခု သူ့ကို ကျွန်တော် ရှုံးပြန်ပြီ'

အဘိုးအို ရယ်မောလိုက်၏။

'ဟား... ဟား... ဟား ငါ့မြေးက သူ့ကို မနာလိုဖြစ်နေတာကိုး'

'မနာလိုဖြစ်တာ မဟုတ်ဘူး၊ ဘိုးလို့ရတဲ့ ပညာတစ်ခုလို မဟုတ်ဘူးဆိုတာကို အခုမှသိရလို့ ဝမ်းနည်းနေတာပါ'

'ဘာ'

အဘိုးအို စွေ့စွေ့ခုန်သွား၏။

'ဘာပြောတယ်ကွ၊ ငါတို့ ရှေးဓားပညာဟာ သိုင်းလောကမှာ လက်မထောင်နိုင်တဲ့ပညာကွ'

တင်းမိန်က ...

'ဘိုးဘိုးရယ် အချင်းချင်း ကြွားမနေပါနဲ့ အခု ဒီဓားပညာနဲ့ သိုင်းလောကထဲဝင်တာ ရှုံးပွဲမနည်းတော့ဘူး'

အဘိုးအိုက ...

'ဒါက မင်း ပညာမစုံသေးလို့ပါ'

'ကျွန်တော့်ကို ထပ်ပြီး သင်ပေးပါလား'

အဘိုးအို သက်ပြင်းချလိုက်၏။

သူသည် မြေးဖြစ်သူ တင်းမိန့်စိတ်ထားကို မကြိုက်သဖြင့် ရွှေခေါးပညာ၏ အထွတ်အထိပ်သိုင်းကွက်များကို မသင်ကြားပေးခဲ့ခြင်း ဖြစ်၏။

တင်းမိန့်က....

'ဘိုးဘိုးက ရွှေခေါးပညာသာ ထပ်မသင်ပေးရင်တော့ ကျွန်တော်တို့ရဲ့ မျိုးရိုးခေါးပညာဟာ သိုင်းလော[illegible]မှာ လူကဲ့ရဲ့စရာဖြစ်မှာ သေချာတယ်'

အဘိုးအို သက်ပြင်းချလိုက်ပြန်၏။

'တင်းမိန့်....တင်းမိန့်'

တင်းမိန့်က အဘိုးအိုအား ဒူးထောက်လျက်....

'ကျွန်တော့်ကို ထပ်ပြီး သင်ကြားပေးပါနော် ဘိုးဘိုး'

'ကောင်းပြီလေ၊ ငါ မကြာခင် ဝါဆန်းတောင်တန်းမှာ တရားအားထုတ်တော့မယ်၊ မင်း လိုက်ခဲ့ပါ၊ ငါ အားလုံးသင်ကြားပေးမယ်၊ ဒါပေမယ့် မင်းဘက်က ကတိတစ်ခုတော့ ပေးရမယ်'



တင်းမိန့် ဝမ်းသာသွား၏။

'ဟုတ်ကဲ့၊ ကျွန်တော် ဘာကတိပေးရမလဲ ဘိုးဘိုး'

အဘိုးအိုက...

'ဒီခေါးပညာနဲ့ မတရားမှုတွေမပြုဖို့ပဲ'

'စိတ်ချပါ ဘိုးဘိုး'

အဘိုးအို မျက်မှောင်ကြုတ်သွား၏။

'တင်းမိန့်'

'ဗျာ'

'မင်းရဲ့ရွှေခေါးကော'

တင်းမိန့်မှာ မျက်နှာပျက်သွားသည်။

ကျွန်တော် ချင်းမိန့်ဂိုဏ်းမှာရှုံးရစ်ခဲ့တယ်'

အဘိုးအို သက်ပြင်းချလိုက်သည်။

'အင်း....မင်းလက်ထက်မှ ငါတို့ ရွှေခေါးပညာနာမည်ပျက်ရတော့မှာပါလား၊ ကဲ....မင်း ရွှေခေါးပြန်ရှာ နောက်ငါးရက်အတွင်း ပြန်လာခဲ့၊ ငါတို့ခရီးထွက်မယ်'

'ဟုတ်ကဲ့ ဘိုးဘိုး'

တင်းမိန်သည် ချင်းမိန်ဂိုဏ်းဂေဟာရှေ့သို့ နောက်တစ်ကြိမ် ရောက်ရှိလာသည်။

ဂေဟာရှေ့ ခြေချလိုက်သည်နှင့် ချင်းမိန်ဂိုဏ်းသားများက တင်းမိန်အား ဝိုင်းရံထားလိုက်လေသည်။

ရှိကျိက....

'မင်း ဘာလာလုပ်တာလဲ၊ ဒီတစ်ကြိမ် မင်းကို ကျုပ်တို့က ညှာနိုင်မှာမဟုတ်ဘူးဆိုတာ သိထားပါ'

တင်းမိန်က လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး....

'ကျုပ် အနှောင့်အယှက်ပေးဖို့ ရောက်လာတာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ဂိုဏ်းချုပ်နဲ့တွေ့ပါရစေ'

'ကိစ္စအရင်ပြော'

တင်းမိန် မျက်နှာသေနှင့် ပြောလိုက်သည်။

'ကျုပ်က ဂိုဏ်းချုပ်ကို အမျိုးမျိုး စော်ကားခဲ့တယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ဟာ ကျုပ်ကိုအပြစ်မယူဘဲ ညှာတာခဲ့ပါတယ်၊ ဒါဆိုပြန်တွေးရင် ကျုပ်တစ်ကယ်ပဲ ရှက်မိတယ်၊ ဂိုဏ်းချုပ်ကို တောင်းပန်ချင်တဲ့ စိတ်ကြောင့် လာခဲ့တာပါ၊ ကျုပ်ခင်ဗျားကိုကို ဒုက္ခပေးနိုင့်ခွင့်မရှိပါဘူး'

ရှိယုက တစ်ချက်စဉ်းစားလိုက်ပြီး....



'ကောင်းပြီ၊ ကျုပ်တို့နဲ့လိုက်ခဲ့ပါ'

ရှိယုနှင့် ရှိကျိတို့သည် တင်းမိန်အားခြံရံကာ ဂေဟာထဲသို့ ခေါ်ဆောင်သွားသည်။

လျူဝမ်ဟန်က ချင်းမိန်အား သီးသန့်ခန်းတွင် တွေ့ဆုံလိုက်သည်။

လျူဝမ်ဟန်၏သီးသန့်ခန်းသည်ဂိုဏ်းချုပ်တစ်ဦး၏သီးသန့်ခန်းဖြစ်သော်လည်း ရိုးရိုးအခန်းတစ်ခုနှင့် မခြားပါ။

ခမ်းနားသော အဆောင်အယောင် မရှိပါ။

အခန်းအတွင်း၌ ထူးခြားချက်ဟူ၍ စင်မြင့်ကလေးပြုလုပ်ပြီး မှန်ပုံးကလေးထဲတွင် ကျောက်စိမ်းပြားတစ်ခုကို သိမ်းဆည်းထားခြင်းသာ ရှိပေသည်။

တင်းမိန်သည် လျူဝမ်ဟန်ရှေ့တွင်ဒူးထောက်လျက် နဖူးနှင့်ကြမ်းပြင်ထိအောင်ပင် ဂါရဝပြုလိုက်သည်။

'ကျုပ် တင်းမိန်ဂိုဏ်းချုပ်ကို ဂါရဝပြုပါတယ်'

လျူဝမ်ဟန်က ဖေးမထူလိုက်သည်။

'ထပါ....ထပါ'

တင်းမိန်က....

'ကိစ္စမရှိပါဘူးဗျာ'

'ကျုပ်တကယ်ပဲမှားခဲ့တယ်၊ ဂိုဏ်းချုပ်ကိုစော်ကားမိတယ်၊ ဒါတွေကိုပြန်တွေးရင် ဝမ်းနည်းမဆုံးပါဘူး'

သူသည် လျှုဝမ်ဟန် အားနှာလာအောင်ပင် အနူး အညွတ် တောင်းပန်နေသည်။

သူ၏ ယဉ်ကျေးသော အပြုအမူ အပြောအဆိုတို့ကြောင့် အားလုံးကလည်း သူ့အားခွင့်လွှတ်လိုက်ကြသည်။

ထိုည သူတို့စကားကောင်းသွားကြပြီး ညဥ့်အတော်နက် သွားသည်။

ထို့နောက် တင်းမိန်အား ညစာပါကျွေးမွေးပြီး ထိုစ်ည တာတည်းခိုရန် စီစဉ်ပေးလိုက်၏။

တင်းမိန်ကျန်ရစ်ခဲ့သော ရွှေခြားကိုလည်း ပြန်ပေးလိုက်၏။

လျှုဝမ်ဟန်လည်း ရန်သူတစ်ယောက် လျော့ပါးသွားပြီ ဟူသောအတွေးဖြင့် အတော်ပင် စိတ်ပေါ့ပါးသွားခဲ့သည်။

သို့သော် ထိုစိတ်ပေါ့ပါးခြင်းကား တစ်နှစ်သာသာ ဖြစ် သည်ကို ထိုစဉ်က သူတို့မသိခဲ့ပါချေ။



နောက်တစ်နေ့နံနက်....

ချင်းမိန်ဂိုဏ်းတစ်ခုလုံး ပွက်လောရိုက်သွားသည်။

ချင်းမိန်ဂိုဏ်း၏ အထိမ်းအမှတ်ကျောက်စိမ်းပြား ပျောက် ဆုံးသွားသည်။

ထိုအထိမ်းအမှတ် ပျောက်ဆုံးသွားခြင်း၏ တရားခံသည် တင်းမိန်သာဖြစ်ကြောင်း အားလုံးနားလည်လိုက်သည်။

ချက်ချင်းပင် တင်းမိန်အား တွေ့သည့်နေရာတွင် ရှာဖွေ သုတ်သင်ရန် အမိန့်ပေးလိုက်၏။

ဂိုဏ်းသား ၂၀-ကိုလည်း နေရာအနှံ့လွှတ်ကာ သတင်း စုံစမ်းနေသည်။

သို့သော် တင်းမိန်သည် သိုင်းလောကအတွင်း စုပ်စမြုပ်စ ပျောက်ကွယ်သွားခဲ့လေသည်။

အချိန်များသာကုန်လာခဲ့သည်။

တစ်နှစ်ကျော် ကြာသည်အထိ တင်းမိန်အား ရှာမတွေ့ ပါချေ။

နောက်ဆုံးတွင် လျှုဝမ်ဟန်တို့လက်လျော့လိုက်ရ၏။

သူတို့ဂိုဏ်း၏ အထိမ်းအမှတ် မရှိတော့သဖြင့် ညီသည် အခန်းအနားတို့မှာလည်း ကျင်းပနိုင်ခြင်းမရှိတော့ပါချေ။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

ငါးနှစ်တာ ကာလ လွန်မြောက်ခဲ့ပြီး နေ့တစ်နေ့ဝယ် တင်းမိန်၏ သတင်းက ရုတ်ခြည်း ပေါ်ထွက်လာခဲ့လေတော့သည်။

နွေဦးရာသီ...

သာယာသော နေ့တစ်နေ့ ဖြစ်၏။

မြင်းစီးသမားတစ်ယောက်သည် ချင်းမိန်ဂေဟာ ရှေ့သို့ ရောက်ရှိလာသည်။

မြင်း ရပ်တန့်သွား သည်နှင့် မြင်းစီးသမား များလည်း အောက်သို့ပြုတ်ကျလာလေသည်။

အစောင့်နှစ်ဦး ထိတ်လန့်သွားသည်။

'အစ်ကို နံပါတ်ရှစ်'

သူတို့သည် ချက်ချင်းပင် နံပါတ်ရှစ်ကိုပွေ့ချီကာ ဂေဟာတွင်းသို့ ခေါ်ဆောင်သွားလေသည်။



ရှီကျိုသည် ချက်ချင်းပင်နံပါတ်ရှစ်ကိုပွေ့ချီကာ ဂေဟာတွင်းသို့ ခေါ်ဆောင်ခဲ့သည်။

ရှီကျိုက....

ရှီယုသည် ချက်ချင်းပင် နံပါတ်ရှစ်အား ကုသစစ်ဆေးကြည့်လိုက်သည်။

နံပါတ်ရှစ်ရရှိထားသော ဓားဒဏ်ရာကား ကြီးမားလွန်းလှသည်။

ထူးခြားသော ဓားခုတ်ချက်တစ်ခုရှိသည်။

နံပါတ်ရှစ်၏ အသက်ကို ကယ်တင်နိုင်မယ် မထင်တော့ပါ။

သူသည် နံပါတ်ရှစ်အား တိုက်ခိုက်လိုက်သူကို သိချင်မိ၏။

ထို့ကြောင့် နံပါတ်ရှစ်သည် ပြန်လည်လာအောင် အမျိုးမျိုးကြိုးစားလိုက်သည်။

နံပါတ်ရှစ်မှာ ညည်းညူရင်း သတိရလာသည်။

ရှီယုက...

'နံပါတ်ရှစ် မင်း ဘာသတင်းပို့စရာရှိသလဲ'

ဟု အလောတကြီး မေးလိုက်၏။

နံပါတ်ရှစ်က အားယူကာ ပြောလိုက်၏။

'တင်း....တင်းမိန်'

ရိုကျို အံ့အားသင့်သွားသည်။

'ဘာ... တင်းမိန် ဟုတ်လား၊ မင်းကို တိုက်ခိုက်တာ တင်းမိန်လား'

နံပါတ်ရှစ်က....

'ဟုတ်တယ်'

'တောက်...သူဘယ်မှာလဲ'

ရိုကျို အလွန်ခံပြင်းသွားသည်။

နံပါတ်ရှစ်သည် စကား အနည်းငယ် ပြောလိုက်သည်နှင့် အလွန်မောပန်းနေသည်။

သူ၏မျက်လုံးများလဲ ပြာဝေလာသည်၊

သူကြာရှည်နေရတော့မည် မဟုတ်ပါ။

နံပါတ်ရှစ် အံကြိတ်ကာ အားတင်းလိုက်တည်။

'အိတ်....အိတ်ထဲမှာ'

သူစကားမဆုံးလိုက်ပါ။



သူ၏ ဇက်မှာ တစ်ဖက်သို့လည်ကာ စောင်းကျသွားလေတော့သည်။

❦

လျှူဝမ်ဟန်နှ အံကြိတ်လိုက်သည်။

ရိုကျိုက....

'ကဲ.... ရှိယု ခင်ဗျားပဲ စာကိုဖတ်လိုက်ပါဗျာ'

ရှိယုက စာရွက်ကိုဖြန့်ကာဖတ်လိုက်သည်။

'ချင်းမိန်ဂိုဏ်းချုပ်'

'ကျောက်စိမ်းပြား ပြန်လည် အလိုရှိလျှင် လဆန်း(၇) ရက်နေ့ ရှန့်မူတောင်ပေါ် တစ်ယောက်တည်း လာခဲ့ပါ၊ ကျုပ်ရဲ့ ရွှေဓားပညာနဲ့ ချင်းမိန်ပညာ 'အကဲဖြတ်ရအောင် တင်းမိန်'

'တောက်'

လျှုဝမ်ဟန့် ထောက်ခေါက်လိုက်သည်။

'တယ် ရှိင်းပျပါလား'

ရှိကျိုက....

'ဒီ တင်းမိန်ဆိုတဲ့လူဟာ ကောက်ကျစ်ယုတ်မာတဲ့ စိတ်ထားရှိမှာ သေချာပါတယ်'

ရှိယုက....

'ဟုတ်တယ်၊ သူ့ကိုသတိထားရလိမ့်မယ်'

လျှုဝမ်ဟန့်က....

'သူနဲ့ကျုပ်တို့ကြားမှာ ဘာရန်ငြိုးမှမရှိဘူး၊ ဘာကြောင့်သူက ကျုပ်တို့အပေါ် ဘာကြောင့် အမုန်းပွားနေရတာလဲ'

ရှိယုက....

'ဂိုဏ်းချုပ်ချိန်းဆိုတာကို သွားမှာလား'

လျှုဝမ်ဟန့်က....

'ငါတို့ ဂိုဏ်းရဲ့ အထိမ်းအမှတ် ကျောက်စိမ်းပြားဟာ ပြင်ပလူလက်ထဲ ရောက်နေတာ ငါးနှစ်ရှိပြီ၊ တကယ်ဆိုရင် ကျုပ်ဟာ ဂိုဏ်းချုပ်တာဝန်ထမ်းဖို့တောင် မသင့်တော့ဘူး'

ရှိယုက....

'ကျွန်တော်တို့လိုက်ခဲ့မယ်'



လျှုဝမ်ဟန့်က....

'သူ့စာထဲမှာက'

ရှိယုက....

'သူက တောင်ပေါ်သာ တစ်ယောက်တည်းခေါ်တာပါ၊ ကျုပ်တို့ တောင်ခြေအထိ လိုက်ခဲ့ပါရစေ'

လျှုဝမ်ဟန့် တွေဝေသွားသည်။

ရှိကျိုက....

'ဒီ လူကို ကျုပ်မယုံဘူး၊ သူ အကောက်မကြံဘူးလို့လဲ ဘယ်သူပြောလို့ရနိုင်မှာလဲ'

လျှုဝမ်ဟန့် သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်တို့အတူသွားကြတာပေါ့၊ ဘယ်သူတတိပျက်ပျက် ကိုယ်မပျက်ဖို့က အရေးကြီးတယ်၊ မင်းတို့တောင်အောက်မှာစောင့်ကြပါ'

'ကောင်းပါပြီ ဂိုဏ်းချုပ်'

ရှန့်မူတောင်....

လျူဝမ်ဟန့်သည် ရှန့်မူတောင်ပေါ်သို့ ရောက်ရှိလာသည်၊ ရှန့်မူတောင်ပေါ်တွင် တင်းမိန်အားမတွေ့ရပါ။

လျူဝမ်ဟန့်က အသံပြုလိုက်သည်။

'ကျုပ် လျူဝမ်ဟန့်ရောက်ရှိလာပါပြီ'

သူ့စကား အဆုံးတွင် ကျောက်တုံးများ နောက်ဘက်မှ ရယ်မောသံ ထွက်ပေါ်လာသည်။

'ဟဲ့...ဟဲ...ဟဲ.... ကျုပ်တို့ မတွေ့ကြတာ နှစ်အတော်ကြာသွားပြီနော်'

အသံနှင့်အတူ တင်းမိန် ထွက်ပေါ်လာ၏။

ထိုစဉ် ဝတ်စားထားပုံအတိုင်း ဖြစ်သည်။

သို့သော် လှုပ်ရှားမှုကမူ ထိုစဉ်ကထက်များစွာပေါ့ပါးနေသည်ကို သတိပြုလိုက်မိလေသည်။

လျူဝမ်ဟန့်သည် တင်းမိန်အား ကြည့်လိုက်သည်။

'မင်းဟာ အလွန်ကောက်ကျစ်ယုတ်မာတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး'

တင်းမိန်က ပြုံးလျက် —



'ခင်ဗျားကတွေ့တာနဲ့ ပြစ်တင်စကားပြောနေပါလား'

လျူဝမ်ဟန့်က....

'ကျုပ်တို့ကျောက်စိမ်းပြားပြန်ပေးပါ၊ မင်းနဲ့ကျုပ်ကြားဖြစ်ပျက်ခဲ့သမျှ ကျုပ်အားလုံးသင်ပုန်းချေပေးပါ့မယ်'

တင်းမိန်က....

'ဒီလိုလွယ်လွယ်နဲ့ပြန်ရမလားဗျ'

'ဘာ'.

လျူဝမ်ဟန့် ဒေါသထွက်သွားသည်။

သူ့မျက်နှာ အလွန်ခက်ထန်တင်းမာသွားသည်။

'ဒီမှာ တင်းမိန်၊ မင်းကျူးလွန်တဲ့အပြစ်ဟာ အလွန်ကြီးလေးတယ်၊ ကျုပ်ကသေဒဏ်မပေးတာဘဲ ကျေးဇူးတင်ပါဦး၊ ကဲ... စကားမရှည်နဲ့ ကျုပ်ရဲ့ ကျောက်စိမ်းပြားပေးပါ'

တင်းမိန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒီမှာ လျူဝမ်ဟန့်၊ ကျုပ်စကားကို သေသေချာချာနားထောင်ပါ၊ ခင်ဗျားအနေနဲ့ ကျောက်စိမ်းပြားကိုလိုချင်ရင် ကျုပ်နဲ့ယှဉ်ပြိုင်ပြီး အနိုင်လုမှဖြစ်မယ်'

လျူဝမ်ဟန့်က ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ဒါဆိုလဲယှဉ်ပြိုင်ကြတာပေါ့'

တင်းမိန်က လက်ကာပြလိုက်သည်။

'ခဏနေဦး၊ ကျုပ်စကား ဆုံးသေးဘူး'

'မင်း ဘာပြောချင်သေးလို့ပဲ'

'ပြိုင်ပွဲတစ်ခုဆိုတာ . စည်းကမ်း သတ်မှတ်ထားသင့်တယ်၊ လျူဝမ်ဟန့် စိတ်မရှည်ပါ။

'ဘာစည်းကမ်းလဲ မြန်မြန်ပြောစမ်းပါ'

တင်းမိန်က...

'ခင်ဗျား အနေနဲ့ ဒီကျောက်စိမ်းပြားကို ရရှိဖို့ အတွက် ကျုပ်နဲ့ သုံးကြိမ်တိတိယှဉ်ပြိုင်ဖို့ အခွင့်အရေးရမယ်၊ ငါးနှစ်တစ်ကြိမ်ဆိုပါတော့'

လျူဝမ်ဟန့်က နှာခေါင်းရှုံ့လိုက်ပြီး....

'မင်းက ကျုပ်ရှုံးမယ်လို့များတွက်ထားသလား'

တင်းမိန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒါကြောင့် သုံးကြိမ်အခွင့်အရေးပေးခဲ့တာ သုံးကြိမ်ပြီးရင် နောက်တစ်ကြိမ် မရှိတော့ဘူး'

'ကောင်းပြီ'



'နေဦး၊ တကယ်လို့ ခင်ဗျားရှုံးပြီဆိုရင် ချင်းမိန်ဂိုဏ်းကို သိုင်းလောကထဲက ထုတ်ပစ်ရမယ်'

'ဘာ'

'ချင်းမိန်ဂိုဏ်းရဲ့ အထိမ်းအမှတ်ကျောက်စိမ်းပြား မရှိဘဲနဲ့ ဂိုဏ်းချုပ်ကို ဆက်လက်တည်ဆောင်ထားတာဟာ ရှက်စရာကောင်းပါတယ်' .

လျူဝမ်ဟန့်၏မျက်နှာ နီရဲသွားသည်။

'ဒီကျောက်စိမ်းပြားကို မင်းဦးသွားတာပဲ'

တင်းမိန်က....

'ခင်ဗျား ဒီစည်းကမ်းချက်တွေကို သဘောတူပြီလား'

လျူဝမ်ဟန့်က....

'ငါက အနိုင်ရရင်ကော'

'ဟုတ်သားပဲ၊ ခင်ဗျား အနိုင်ရရင် ကျုပ်ဘယ်တော့မှ သိုင်းလောကထဲမဝင်ဘူး၊ ခင်ဗျားရဲ့ ချင်းမိန်ဂိုဏ်းလုံးဝပျက်စီးသွားပြီဆိုမှ ကျုပ်သိုင်းလောကထဲဝင်မယ်'

လျူဝမ်ဟန့်သည် တင်းမိန်အား စိုက်ကြည့်လိုက်သည်။

'မင်းက ဘာ့ကြောင့် ငါတို့ ချင်းမိန်ဂိုဏ်းကိုဖျက်ဆီးပစ်ချင်နေရတာလဲ၊ မင်းနဲ့ ငါတို့ ဘာများ ရန်ငြိုးရှိသလဲ'

တင်းမိန်က....

'ဒီမယ် လျှုဝမ်ဟန် ခင်ဗျားနဲ့ကျုပ်ဟာ ရှယ်တူတွေပါ၊ ခင်ဗျားကျတော့ ကျော်ကြားတယ်၊ ဂိုဏ်းချုပ်တစ်ယောက် ဖြစ်တယ်၊ ကျုပ်ကျတော့ ဘာမှမဖြစ်ဘူး၊ ဒါတရားသလားဗျ'

လျှုဝမ်ဟန့်က....

'ဘာဆိုင်လို့လဲ၊ မင်းကျော်ကြားချင်ရင် ဂိုဏ်းချုပ် ဖြစ်အောင် မင်းဘာသာကြိုးစားပေါ့'

တင်းမိန်က....

'စိတ်ချ ချင်းမိန်ဂိုဏ်း သိုင်းလောကထဲက အပြီးတိုင်ထွက်သွားပြီး မကြာမီ ခင်ဗျားရဲ့ တင်းမိန်ဂိုဏ်း ပေါ်ပေါက်လာမယ်၊ ကျုပ် ခင်ဗျား အပေါ် မတရားရာခဲ့တော့ကျတယ်၊ ဒါကြောင့်လဲ ကျုပ်ခင်ဗျားအတွက် အခွင့်အရေး သုံးကြိမ် ပေးခဲ့တယ်၊ ချင်းမိန်ဂိုဏ်းကိုယ်စားပြုပြီး ငါးနှစ်တစ်ကြိမ်မှာ ယှဉ်ကြတာပေါ့၊ ဒီတစ်ကြိမ် ခင်ဗျားနိုင်ရင်တော့ ကိစ္စပြီး ပြတ်ပြီပေါ့'

လျှုဝမ်ဟန်က အံကြိတ်လိုက်သည်။

'စိတ်ချ တင်းမိန်၊ မင်းကို ကျုပ်ညှာတာမယ့် စိတ်ထားလုံးဝမရှိတော့ဘူးဆိုတာ နားလည်ပါ'



တင်းမိန် ရယ်မောလိုက်သည်။

'ဟဲ... ဟဲ.... ဟဲ.. ကြိုးစားစမ်းပါလေ'

'ချွမ်း'

သူသည် ရွှေဓားကိုဆွဲထုတ်ကာ အသင့်ပြင်လိုက်လေသည်။

လျှုဝမ်ဟန့်လည်း ဓားကိုဆွဲထုတ်လိုက်သည်။

ယခုတိုက်ပွဲသည် သူ၏ ပုဂ္ဂလိကတိုက်ပွဲ မဟုတ်ပါ။

ချင်းမိန်ဂိုဏ်းအတွက် အဆုံးအဖြတ် တိုက်ပွဲတစ်ခုဖြစ်သည်။

ထို့ကြောင့် သူက ဓားကိုအသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

❦

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

အလင်းရောင်ပျောက်ကွယ်သွားသည်။

မကြာမီ လဝန်းထွက်ပေါ်လာသည်။

လရောင်အောက်ဝယ် တင်းမိန်နှင့် လျူဝမ်ဟန် တို့သည် အကြိတ်အနယ် တိုက်ခိုက်နေဆဲဖြစ်သည်။

သိုင်းကွက် ၂၀၀ ကျော်လာခဲ့ပြီဖြစ်သည်။

မည်သူမျှ အသာမရကြသေးပါ။

ဇွဲကောင်းကောင်းနှင့်တိုက်ခိုက်နေကြဆဲဖြစ်၏။

သူတို့၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးများ ရွှဲရွှဲစိုနေသည်။

နှစ်ယောက်စလုံး မောပန်းနေကြပြီ ဖြစ်၏။

လျူဝမ်ဟန် အံကြိတ်လိုက်သည်။

ငါးနှစ်တာကာလအတွင်း တင်းမိန်၏ဓားပညာ အလွန်ပင် တိုးတက်လာသည်ကို သူသိရှိလိုက်သည်။

သို့သော် သူကား အနိုင်ယူရန်အထိ မမြင့်မားသေးဟု ယုံကြည်သည်။

သိုင်းကွက် ၃၀၀ ကျော်လျှင် သူက အနိုင်ရရှိနိုင်သည်ဟုလည်း တွက်ဆလိုက်လေသည်။

ဓားချက်များသည် တစ်စထက်တစ်စ နှေးကွေးလာကြ၏။

အားအင်များလည်း ကုန်ခန်းစပြုလာသည်။

ခုနစ်စင်ကြယ်ပင် အမြီးထောင်သွားခဲ့ပြီ ဖြစ်သည်။



လျူဝမ်ဟန်သည် ယခုထိ တင်းမိန်အား အနိုင်မယူနိုင်သေးပါ။

တင်းမိန်၏ ရွှေဓားသိုင်းကွက်သည် အထူးပင် ကောင်းမွန်နေသည်ကို နားလည်လိုက်သည်။

ထိုစဉ် တင်းမိန်၏အသံထွက်ပေါ်လာသည်။

'လျူဝမ်ဟန် ကျုပ်တို့ ဆက်တိုက်မယ်ဆိုရင် မလွယ်ဘူး၊ ခဏနားပြီး မနက်ဖြန်မှ ပြန်တိုက်ကြမယ်'

လျူဝမ်ဟန် တွေဝေသွားသည်။

သူလည်း အလွန်ပင်ပန်းနေပြီ ဖြစ်သည်။

ဤအတိုင်း ဆက်လက်တိုက်ခိုက်သွားရန် မလွယ်ပါ။

ကြာလျှင် အားပြတ်ပြီး ဒုက္ခရောက်နိုင်သည်။

'ကောင်းပြီ၊ မနက်မှ ဆက်တိုက်ကြစို့၊ မင်းထွက်ပြေးဖို့တော့ စိတ်မကူးနဲ့'

တင်းမိန်က နောက်ဆုတ်သွားပြီး....

'စိတ်ချ၊ ဒီပြိုင်ပွဲမှာ ခင်ဗျားကိုအနိုင်မရရင် ကျုပ်အသက်ပါစွန့်ပစ်ဖို့ ဆုံးဖြတ်ထားတယ်'

ဟု တင်းမာစွာ ပြန်လည်ပြောပြီး ထိုင်ချလိုက်လေသည်။

လျှုဝမ်ဟန့်လည်း နေရာတွင်ပင် တင်ပျဉ်ခွေ ထိုင်ချကာ အမောဖြေရင်း အတွင်းအားများ ပြန်လည်လေ့ကျင့်လိုက်လေတော့သည်။

❀

နေရောင်ထွက်ပေါ်လာပြီ ဖြစ်၏။

'ယား'

'ချမ်း'

နံနက်လင်းကတည်းက တင်းမိန်နှင့် လျှုဝမ်ဟန်တို့ ပြန်လည်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြပြီ ဖြစ်သည်။

နေထွက်လာချိန်အထိ အကြိတ်အနယ် တိုက်ခိုက်နေဆဲ ဖြစ်သည်။

သို့သော် အဖြေကအနည်းငယ်ပေါ်လာသည်။

တင်းမိန်သည် လျှုဝမ်ဟန်၏ တိုက်ခိုက်မှုကို ခုခံရင်းမှ တစ်ခါတရံမှသာ ပြန်လည်တိုက်ခိုက်နိုင်တော့သည်။



အတွင်းအားတွင် လျှုဝမ်ဟန်က ပို၍မြင့်သောကြောင့် ကြာရှည်တိုက်ပွဲတွင် အသာစီးရလာခြင်းပင် ဖြစ်ပါသည်။

တင်းမိန် အံကိုတင်းတင်းကြိတ်လိုက်၏။

သူသည် ငါးနှစ်လုံးလုံး ဓားပညာကို ထပ်မံလေ့ကျင့်ခဲ့သည်။

သို့သော် လျှုဝမ်ဟန့်ကို အနိုင်မရနိုင်ပါ။

သူသည် ဓားကို ဝှေ့ယမ်းရင်း မနည်းပင် ခုခံနေရ၏။

ထိုစဉ် သူ၏ခေါင်းထဲသို့ ကောက်ကျစ်သော အကြံအစည်တစ်ခုက ဝင်ရောက်လာလေသည်။

တင်းမိန် မျက်နှာ ဝင်းလက်သွား၏။

သူသည် တိုက်ခိုက်ရင်းမှ နေလုံးနှင့် မျက်နှာချင်းဆိုင်ဘက်သို့ နေရာပြောင်းယူလိုက်၏။

ထို့နောက် သူ၏ ဓား၏နေရောင်ကိုခံကာ လျှုဝမ်ဟန့်၏ မျက်လုံးကို တို့လိုက်၏။

ဝင်းလက်သော အလင်းပြိုင်တန်းသည် လျှုဝမ်ဟန့်၏ မျက်လုံးကို စူးရှစွာ ရိုက်ခတ်သွားလေသည်။

လျှုဝမ်ဟန့် မျက်လုံး ပြာဝေသွား၏။

တင်ဒင်အတွင်း မျက်လုံးက ဘာမှမမြင်ရတော့ပါ။

သူသည် ထိတ်လန့်သွားပြီး နောက်သို့ အလျင်အမြန် ခုန်ဆုတ်လိုက်၏။

သို့သော် တင်းမိန်က အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်ရာ....

'အား....'

လျှူဝမ်ဟန့်သည် တင်းမိန်၏ ခေါးချက် ထိမှန်ကာ မြေပေါ်လူးလိမ့်ထွက်သွားရလေတော့သည်။

လျှူဝမ်ဟန့် လူးလဲကာ ပြန်ထလိုက်၏။

သို့သော် မတ်မတ် မရပ်နိုင်ပါ။

အနီးမှ ကျောက်တုံးတစ်တုံးတွင် မှီလိုက်၏။

သူ၏ရင်ဝတွင် သွေးများ ခြင်းခြင်းနီရဲနေ၏။

လျှူဝမ်ဟန့်က တင်းမိန်အား စက်ဆုတ်စွာ ကြည့်လိုက်ပြီး

'မင်း....မင်း လူယုတ်မာ'

တင်းမိန်က....

'ကျုပ် ခေါးက ရွှေခေါးဖြစ်နေတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် ပယ်ခင်ဗျား ရှုံးသွားပြီ၊ ချင်းမိန်ဂိုဏ်းကို သိုင်းလောကထဲက ပယ်ထုတ်လိုက်ပါ၊ နောက် နှစ်ကြိမ်အတွင်း ကျုပ်ကို အနိုင်ရအောင် ကြိုးစားပေါ့ ဟုတ်လား'



သူသည် ရိုထေ့လိုက်ပြီးနောက် ရှန့်မူတောင်ပေါ်မှ ပြေးဆင်းသွားလေတော့သည်။

လျှူဝမ်ဟန့်သည် ရှန့်မူတောင်ပေါ်မှ ဆင်းလာပြီးနောက် ချင်းမိန်ဂိုဏ်းအား ဇာတ်မြုတ်လိုက်၏။

သိုင်းလောကအတွင်း ချင်းမိန်ဂိုဏ်း ရုတ်တရက် ပျောက်ကွယ်သွားသောကြောင့် သိုင်းလောကသားများအဖို့ ပဟေဠိဖြစ်ခဲ့ရ၏။

လျှူဝမ်ဟန့်သည် ဒဏ်ရာသက်သာလာပြီး အသက်မသေခဲ့သော်လည်း သိုင်းပညာကို မြင့်မားစွာ အသုံးပြုနိုင်ခြင်း မရှိတော့ပါ။

ထို့ကြောင့် သူသည် သူ၏ ပညာအမွေ ဆက်ခံမည့်သူတစ်ဦးကို ရှိယုန့်နှင့် ရိုကျိုတို့အား ရှာဖွေခိုင်းခဲ့သည်။

ထိုအခါ မီဘမဲ့ ကလေးငယ် တစ်ယောက် ဖြစ်သော ဖူဝမ်စင်းသည် ချင်းမိန်ဂိုဏ်းသို့ ရောက်ရှိလာခဲ့ရလေသည်။

ဖူဝမ်စင်း သိုင်းပညာသင်နေစဉ် ဒုတိယအကြိမ် အဖြစ် ယှဉ်ပြိုင်ရန် ရက်ချိန်းစေ့ရောက်ခဲ့သဖြင့် ရှီယုက တာ၀န်ယူကာ သွားရောက်ယှဉ်ပြိုင်ခဲ့၏။

သို့သော် ရှီယုသည် တင်းမိန်အား အနိုင်မရခဲ့ပဲ အသက်ဆုံးရှုံးသွားခဲ့ရ၏။

ထိုနောက်ပိုင်းတွင် ချင်းမိန်ဂိုဏ်းသားများသည် ဖူဝမ်စင်းအပေါ် ပိုမိုအားထားလာသည်။

နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ရန်အတွက် ပညာရည်ပြည့်ဝစေရန် အားလုံးက ကြိုးစားလေ့ကျင့်ပေးခဲ့ကြလေတော့သည်။

ဖူဝမ်စင်းတစ်ယောက် အတိတ်ပုံရိပ်များမှ ပြန်လည်နိုးထလာ၏။



သူသည်လည်း တင်းမိန်အား ရှုံးပြီဟု အထင်ရောက်ဟာ ဂိုဏ်းချုပ်သည် ဂိုဏ်းကိုဖျက်ဆီးသွားခြင်း ဖြစ်ရပေသည်။

'ဂိုဏ်းချုပ် ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော် မဖြစ်မနေ တင်းမိန်နဲ့ယှဉ်ပြိုင်ပြီး ချင်းမိန်ဂိုဏ်းကို ပြန်လည်ထူထောင်ပါ့မယ်'

သူသည် ထိုင်ရာမှ ထလိုက်၏။

တင်းမိန်အား သူရှာဖွေရပေမည်။

သူ ယုံကြည် ထားသည်က မကြာမီ သိုင်းလောကထဲ တင်းမိန်ဂိုဏ်း ပေါ်ပေါက်လာမည်ဟုပင် ဖြစ်၏။

ထိုအခါ သူကတုံ့ပြန်ရပေမည်။

ဖူဝမ်စင်း အံကိုတင်းတင်းကြိတ်ကာ တောင်ပေါ်မှပြေးဆင်းလာခဲ့လေတော့သည်။

ဝမ်ကျားပေါင်က....

'ကဲ မိုးယက္ခ ဒီဖိတ်စာတွေ မင်း လိုက်ဝေပေးပါ'

မိုးယက္ခက....

'ငါပြန်လုပ်ပေးရမှာ ဒါပဲလား'

'ဟုတ်တယ်'

မိုးယက္ခက ဖိတ်စာများကိုကြည့်လိုက်သည်။

ဝမ်ကျားပေါင်က....

'အခု တင်းမိန်ဂိုဏ်း စတင်တည်ထောင်တော့မယ်၊ ဒီလူတွေကို အလိုရှိတယ်၊ ဒါတွေကို မင်းအချိန်မီရောက်အောင် ပို့ပေးရမယ်'

မိုးယက္ခက....

'ကျုပ်လုပ်ပေးရမှာ ဒီလောက်လွယ်မယ် မထင်ဘူးဗျ'

ဝမ်ကျားပေါင်က....

'တင်းမိန်ဂိုဏ်းဟာ မကြာခင်မှာ အလွန် ကြီးကျယ်တဲ့ ဂိုဏ်းတစ်ခု ဖြစ်လာလိမ့်မယ်၊ မင်းအနေနဲ့ တင်းမိန်ဂိုဏ်းမှာ နေရာတစ်ခုရအောင်ပါ ကျုပ်ဖန်တီးပေးနိုင်တယ်'

မိုးယက္ခက ရယ်မောလိုက်၏။



'ကောင်းတယ် ကောင်းတယ်၊ ကဲ... ကျုပ် သွားလိုက်ဦးမယ်

သူသည် ဖိတ်စာထုပ်ကိုကိုင်ကာ ဝမ်ကျားပေါင်၏ အိမ်ကလေးထဲမှ ထွက်လာခဲ့လေတော့သည်။

ဖူဝမ်စင်းသည် တောင်ပေါ်မှ ဆင်းလာပြီး နောက်မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့သည်။

ယနေ့ ညနေစောင်းအချိန်ဖြစ်ပြီး ငမ်းဗိုက်လည်း ဆာလောင်နေသည်မို့ နီးရာစားသောက်ဆိုင်တစ်ခုအတွင်း လှမ်းဝင်လိုက်သည်။

ထို့နောက် အရက်နှင့်စားသောက်ဘွယ်ရာများကိုမှာကြားကာ စားသောက်လိုက်၏။

ထိုစဉ် စားသောက်ဆိုင်အတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာပြီး စားပွဲတွင်ဝင်ထိုင်လိုက်ကာ အရက်နှင့် စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

'ဟေ့ အချက်နဲ့ စားစရာ မြန်မြန်ယူလာစမ်း'

ထိုလူ၏အသံကိုကြားလိုက်ရသောအခါ ဖူဝမ်စင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက်တုန်ခါသွားသည်။

ထိုအသံကို သူကောင်းစွာသိ၏။

သူ မမေ့နိုင်သောအသံတစ်ခု ဖြစ်၏။

အသံရှင်ကို လှမ်းကြည့်လိုက်၏။

ကျောပေးထားသောကြောင့် ကောင်းစွာမမြင်ရပါ။

ဖူဝမ်စင်း ချက်ချင်းပင် ထလိုက်ပြီး ထိုလူ၏ စားပွဲရှေ့သို့ ပတ်ကာလျှောက်သွားလိုက်သည်။

စားပွဲရှေ့ရပ်လိုက်သည်နှင့် ထိုလူကမော့ကြည့်ဆိုမိသွား၏။

ဖူဝမ်စင်း၏မျက်နှာ တင်းမာခက်ထန်သွား၏။

ထို့အတူ ထိုလူ၏မျက်နှာမှာလည်း သရဲသဘက်အား တွေ့လိုက်ရသည့်အလား ဖြူရော်သွားသည်။

'ဟင်...မင်း...မင်း'

ဖူဝမ်စင်းက...

'ဟွန်း မှတ်မိသေးသကိုး၊ ဒီမယ် မိုးယက္ခ ခင်ဗျားနဲ့ကျုပ် ရန်ငြိုးမရှိဘဲနဲ့ ဘာကြောင့် ကျုပ်ကို ချောက်ချရတာလဲ'



မိုးယက္ခသည် ချက်ခြင်းကူမြွေဆည်လိုက်၏။

'ငါ့တူ လူမှားနေပြီ ထင်တယ်၊ မင်းဘာတွေလာပြောနေတာလဲ အေးအေးဆေးဆေး ထွက်သွားစမ်း'

ဖူဝမ်စင်း ဒေါသထွက်သွားသည်။

'စိတ်ချ ခင်ဗျားကို ဆုံးမပြီးမှ ထွက်မယ်'

မိုးယက္ခ မဲ့ပြုံး ပြုံးလိုက်သည်။

သူသည် တူတစ်ချောင်းကို ကောက်ယူကာ ဖူဝမ်စင်းကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

'ဝှစ်'

သူသည် ဖူဝမ်စင်းအား အလွယ်တကူ လှဲသိပ်နိုင်မည်ဟု ထင်ခဲ့သည်။

သို့သော် အထင်နှင့်အမြင်လွဲမှားသွားသည်။

'ဖြန်း'

သူ၏ပါးပြင်တစ်ခုလုံး ထူပူသွားလေသည်။

ဖူဝမ်စင်းက အသာရှောင်တိမ်းပြီး ပါးပြန်ရိုက်လိုက်သည် မဟုတ်ပါလား။

ဖူဝမ်စင်းက....

'ကျုပ်မှာထရားစွပ်စွဲခံရတယ်၊ ဒါကို ခင်ဗျားပြန်ရှင်းပေးဖို့ ကျုပ်နဲ့လိုက်ခဲ့ပါ'

ဟု အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

မိုးယက္ခ ထိတ်လန့်သွား၏။

သူသည် ရုတ်ခြည်းပင် စားပွဲကိုတွန်းထုတ်လိုက်သည်။

'ဝုန်း'

ထို့နောက် နောက်ကျွမ်းပစ်ကာ ဆိုင်ထဲမှ ပြေးထွက်လိုက်သည်။

'မပြေးနဲ့'

ဖူဝမ်စင်းက အော်ငေါက်ရင်း မိုးယက္ခနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူလိုက်၍မရပါ။

အကြောင်းမှာ ဆိုင်ရှင်နှင့် ဆိုင်လုလင်များက ဟန့်တားထားသောကြောင့် ဖြစ်ပါသည်။

ဆိုင်ရှင်က....

'မင်းကို ဒီလိုရန်ဖြစ်ချင်ယောင်ဆောင်ပြီး စားထားတာတွေ ငွေမပေးဘဲ ပြေးလို့ရမယ် ထင်သလား'



ဆိုင်လုလင်ကဲ....

'ခင်ဗျားကျသင့်ငွေရှင်းပေးပြီးမှ သွားပါ'

အားလုံးကဝိုင်းကြည့်နေရာ ဖူဝမ်စင်း ရှက်သွား၏။

သူသည် ကျသင့်ငွေကိုအလျင်အမြန်ပေးလိုက်ပြီး ဆိုင်ထဲမှ ထွက်ဟန်ပြင်လိုက်သည်။

ဆိုင်လုလင်က....

'နေဦး၊ ဒီမှာ ခင်ဗျားလူရဲ့အထုပ်'

မိုးယက္ခကျန်ခဲ့သော အဝတ်ထုပ်ကို လှမ်းပေးလိုက်၏။

ဖူဝမ်စင်းသည် ထိုအထုပ်ကိုယူကာ အပြင်သို့ထွက်လာခဲ့၏။

လမ်းမပေါ်ရောက်သောအခါတွင် မိုးယက္ခအား မတွေ့ရတော့ပါချေ။

ဖူဝမ်စင်းသည် မိုးယက္ခ ကျန်ရစ်ခဲ့သောအထုပ်ကို ဖြည်ကြည့်လိုက်ရာတွင် တင်းမိန်ဂိုဏ်းတည်ထောင်ရန် ဖိတ်ကြားစာများကို တွေ့ရှိလိုက်ရလေသည်။

ဖူဝမ်စင်း၏မျက်နှာ ပို၍တင်းမာသွားသည်။

'တွေ့ကြသေးတာပေါ့ကွာ'

သူသည် အားရပါးရ ကြုံးဝါးလိုက်၏။

ထို့နောက် တင်းမိန်ဂိုဏ်းတည်ထောင်မည့် မြို့လေးဆီသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

❦

မိုးယက္ခသည် ဖူဝမ်စင်းလက်မှ လွတ်မြောက်အောင် ပြေးလာခဲ့ပြီး နောက်မှ သူ၏ အထုပ်ကျန်ရစ်ခဲ့သည်ကို သတိရလိုက်သည်။

သူသည် စားသောက်ဆိုင်သို့တစ်ခေါက်ပြန်လာပြီး စုံစမ်းလိုက်လေသည်။



ထိုအခါ ဖိတ်စာထုပ်ကို ဖူဝမ်စင်းယူသွားကြောင်းသိလိုက်ရသည်။

မိုးယက္ခ စိတ်ဓာတ်ကျသွားသည်။

ဖူဝမ်စင်းထံမှ အထုပ်ပြန်ယူရန် သူစိတ်မကူးဝံ့ပါ။

ထိုအထုပ်ပြန်မရလျှင် ဝမ်ကျားပေါင်ခိုင်းသည်ကို လုပ်ကိုင်ပေးနိုင်တော့မည် မဟုတ်ပါ။

ထိုအခါ ဝမ်ကျားပေါင်က အပြစ်ပေးမည်မှာ သေချာလှပေသည်။

မိုးယက္ခမှာတွေးရင်း ဇောချွေးများပင် ပြန်လာလေသည်။

သူဘာလုပ်ရမှန်း မသိတော့ပါ။

နောက်ဆုံးတွင် သူသည် ဝမ်ကျားပေါင်လက်မှ လွတ်အောင်ပြေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူသည် ယင်းပယ်နယ်ဘက်သို့ ဦးတည်ထွက်လာခဲ့၏။

ယင်းပင်နယ်သည် အေးချမ်းသာယာပြီး လယ်သမားများသာများသည်။

ယင်းပင်နယ်ထဲတွင် ဇာတ်မြှုပ်နေထိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

❦

ချောင်းတစ်ခု…

ရေစီးသန်လှသော ချောင်းတစ်ခု ဖြစ်သည်။

မိုးယက္ခသည် တစ်ညလုံးပြေးလွှားခဲ့ရာ မောပန်းနေ၏။

လူသည် ထိုချောင်းကလေးကို ရောက်သောအခါ အမောဖြေ အနားယူလိုက်သည်။

သူအနားယူလိုက်ခြင်းက သူ့အတွက်ကံဆိုးခြင်းပင် ဖြစ်၏။

အကြောင်းမှာ မြင်းစီးသမားနှစ်ယောက်သည်လည်း ခရီးပြင်းနှင်နေရာမှ ချောင်းကိုတွေ့သောအခါ ခေတ္တအနားယူရန် ဝင်လာကြသောကြောင့်ပင် ဖြစ်သည်။

ထိုမြင်းစီးသမားအနက် တစ်ဦးကို တွေ့လိုက်ရသောအခါ မိုးယက္ခ အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားသည်။

'ဟိုင်ချို'

မှန်ပါသည် မြင်းစီးသမားကား မင်းသားလေးဟို့ကွမ်း၏ ကိုယ်ရံတော်ဟိုင်ချိုပင်ဖြစ်ပါသည်။

ဟိုင်ချိုက ရယ်မောလိုက်သည်။

'ဟား… ဟား… အခန့်သင့်လိုက်လေ၊ မိုးယက္ခ မင်းကို ကျုပ်က ဝေးဝေးလိုက်မရှာတော့ဘူးပေါ့'

မိုးယက္ခ မျက်နှာပျက်သွားသည်။



သူသည် ရုတ်ခြည်းပင် ရှောင်ထွက်ဟန်ပြင်လိုက်သည်။

သို့သော် ဟိုင်ချိုနှင့်အတူ ပါလာသော မြင်းစီးသမားက မိုးယက္ခ၏ ပြေးလမ်းကို လျှင်မြန်စွာ ပိတ်ဆို့ ထားလိုက်လေသည်။

မိုးယက္ခက…

'ဟိုင်ချို ဒါက ဘာသဘောလဲကွ'

ဟိုင်ချိုက…

'မင်းက ကျားသစ်ကိုရှင်းနိုင်ရန် ငါ့လက်ကလွတ်ပြီများထင်သလား မိုးယက္ခ'

မိုးယက္ခက…

'ကျုပ် ခင်ဗျားတို့ကို ဘာများဒုက္ခပေးခဲ့သလဲ၊ အခုလို ကျုပ်ကိုရှင်းပစ်ဖို့ကြံစည်တာ မသင့်ပါဘူးဗျာ'

ဟိုင်ချိုက…

'မင်းကကော ဘာကြောင့် မင်းသားလေးကိုခိုးခြောက်ခဲ့တာလဲ'

မိုးယက္ခက…

'ကျုပ် ခြိမ်းခြောက်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ အကျိုးအတွက် ကျုပ်ဆောင်ရွက်ပေးခဲ့တယ်၊ ဒါပေမယ့် ခင်ဗျား

တို့က သစ္စာဖောက်ပြီး ကျုပ်ကို ရှင်းပစ်ဖို့ ကြံစည်တယ်၊ ဒါကောင်းသလားဗျ'

ဟိုင်ချိက...

'ဘယ်ကိစ္စမဆို သိတဲ့လူနည်းလေ ကောင်းလေပဲ'

မိုးယက္ခ မျက်နှာဖြူရော်သွားသည်။

သူသည် ချက်ချင်းပင် ဒူးထောက်ကာတောင်းပန်လိုက်၏။

'ကျုပ် ဒီကိစ္စကို ဘယ်တော့မှ ဖွင့်မပြောဘူးလို့ ကတိပေးပါတယ်၊ ကျုပ်အသက်ကို ချမ်းသာပေးပါဗျာ'

ဟိုင်ချိက....

'မင်းသားလေးက မှားထားတယ်ဗျ'

'ဘာများလဲ'

'လူသေတစ်ယောက်ရဲ့ပါးစပ်ကသာ စိတ်အချရဆုံးတဲ့'

မိုးယက္ခ ဒေါသခြောင်းခြောင်းထွက်သွားသည်။

သူသည် ဝုန်းခနဲ ထရပ်လိုက်သည်။

'တော် ခင်ဗျားတို့က ဒီလိုလား၊ ကောင်းပြီ ဒီကိစ္စကို ကျုပ်ကမြို့စားကြီးတို့ ထန်ကျူးဆီသွားပြီး ဝန်ခံမယ်'

ဟိုင်ချိက ရယ်မောလိုက်သည်။



'မင်း ဒီနေရာကနေ ခြေတစ်လှမ်းတောင်မှ သွားခွင့်မရတော့ပါဘူး'

သူသည် အဖော်ဖြစ်သူအား လှမ်းပြောလိုက်သည်။

'မီးနဂါး သူ့ကိုရှင်းပစ်လိုက်တော့'

မီးနဂါးက အေးစက်စွာရယ်မောလိုက်ပြီး မိုးယက္ခထံသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

မိုးယက္ခ အံကိုတင်းတင်းကြိတ်လိုက်သည်။

သူသည် ဓားကိုအသင့်ထုတ်ကိုင်ထားလိုက်သည်။

ယခုတိုက်ပွဲတွင် သူအစွမ်းကုန် ထိုးဖောက် ထွက်ပြေးရန်သာ စိတ်ကူးထားလိုက်လေသည်။

သူ့ပြေးမရလျှင်မူ ဟိုင်ချိတို့ကိုပါ ငရဲပြည်သို့ အဖော်ခေါ်သွားမည်ဟုလည်း ဆုံးဖြတ်ထားလိုက်လေသည်။

❦

မီးနဂါးသည် မိုးယက္ခအား ပြင်းထန်စွာတိုက်ခိုက် နေ၏။

တိုင်ချိသည် လက်နှစ်ဖက် နောက်ပစ်ကာ အေးအေးဆေးဆေးပင် တိုက်ပွဲကိုကြည့်နေသည်။

မီးနဂါးအနေနှင့် မိုးယက္ခအား အလွယ်တကူအနိုင်ယူနိုင်သည်ဟု ကောင်းစွာယုံကြည်ထားလေသည်။

မှန်သည်းမှန်၏၊ ယခုလည်း မီးနဂါးသည် မိုးယက္ခအား တစ်ဖက်သတ်ဖိအာ တိုက်ခိုက်နေသည် မဟုတ်ပါလား။

ထို့ပြင် မီးနဂါးသည် မိုးယက္ခထက် သိုင်းပညာများစွာမြင့်သည်။

မိုးယက္ခအား သိုင်းကွက် ၂၀-ခန့်နှင့်အနိုင်ယူနိုင်စွမ်းရှိ၏။

သို့ရာတွင် မိုးယက္ခသည် သေရမည်ကိုသိနေသဖြင့် အသက်ကိုပင်ခနမထားဘဲ ရဲရဲဝံ့ဝံ့ ပြန်လည်တိုက်ခိုက်နေသည့်အတွက်ကြောင့် သိုင်းကွက် ငါးဆယ်ခန့် ရောက်သည်ထိ အနိုင်မရသေးပဲ ဖြစ်နေသည်။

မိုးယက္ခသည် ဓားကိုတရကြမ်း ဝှေ့ယမ်းရင်း သူသေကိုသေ ဓားကွက်များကို ရွေးချယ်အသုံးပြုနေ၏။

သို့သော်လည်း မီးနဂါးက သူ၏ဓားကွက်များကိုအလွယ်တကူ ဖယ်ရှားပစ်နိုင်ခဲ့သည်။



သိုင်းကွက်ငါးဆယ်ကျော်လာသောအခါတွင် မိုးယက္ခမှာမည်သို့မျှတိုက်စစ်မဆင်နိုင်တော့ပါ။

မီးနဂါး၏ ပြင်းလှန်လှသော ဓားကွက်များကို အသေအလဲပင် ခုခံနေရသော အနေအထားသို့ ရောက်ရှိလာရလေသည်။

မိုးယက္ခ၏ တစ်ကိုယ်လုံးတွင် ချွေးများစို့ရွှဲလာသည်။

သူမည်သို့မျှပြေး၍မရတော့ကြောင်း နားလည်ပြီး အလွန်ခံပြင်းနေသည်။

သိုင်းကွက် ၆၀-ခန့်ရောက်သောအခါ....

'အား

မိုးယက္ခမှာ နာကျင်စွာအော်ဟစ်ရင်း နောက်သို့ယိုင်ထွက်သွားသည်။

သူ၏ရင်မှသွေးများ ယိုစီးကျလာ၏။

မီးနဂါးက အေးစက်စွာ ရယ်မောရင်း လက်ခံတိုက်ခိုက်လိုက်ပြန်၏။

မိုးယက္ခသည် ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ခုခံလိုက်၏။

သို့သော် ပြင်းထန်လှသော မီးနဂါး၏ ဓားချက်များကို မခုခံနိုင်ပါ။

'ချွမ်း'

မိုးယက္ခ၏လက်ထဲမှဓားကအဝေးသို့ လွင့်စဉ်သွား၏။

'အား'

သူ၏ပခုံးတွင် ဓားဒဏ်ရာဘစ်ချက်ပေါ်လာပြန်၏။

ဟိုင်ချိက ရယ်မောရင်း....

'မီးနဂါး သူ့ကို ရှင်းသာပစ်လိုက်တော့'

မီးနဂါးက....

'စိတ်ချ'

သူသည် မိုးယက္ခအား ဓားသုံးချက်တိတိ ဆင့်ကာ ခုတ်ချလိုက်၏။

မိုးယက္ခ ထိတ်လန့်စွာဖြင့် ရှောင်တိမ်း လိုက်၏။ သို့သော် မီးနဂါး၏ဓားချက်မှ မလွတ်ခဲ့ပါချေ။

'အား'

မိုးယက္ခမှာ နာကျင်စွာအော်ဟစ်ရင်း နောက်သို့ လွင့်စဉ်သွားသည်။



'ဝုန်း'

ထို့နောက် သူ၏ ခန္ဓာကိုယ်သည် ရေစီးသန်လှသော ချောင်းရေနှင့်အတူ မျောပါသွားလေတော့သည်။

ဟိုင်ချိက....

'သူလွတ်သွားပြီ'

မီးနဂါးက...

'ဒီလောက် ဒဏ်ရာရထားတယ်၊ ဒီလောက် ရေစီးသန်တဲ့ ချောင်းထဲကျတယ်၊ ဒီလူ အသက်ဆယ်ချောင်းရှိရင်တောင်မှ အသက်မရှင်နိုင်ပါဘူးဗျာ'

ဟိုင်ချိကစဉ်းစားပြီး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်လေ၊ လာတို့ပြန်ကြစို့၊ သူ့ကိုရှင်းပစ်နိုင်တဲ့အတွက် မင်းသားလေးက ဆုကောင်းကောင်း ချီးမြှင့်မှာသေချာပါတယ်'

မီးနဂါးက သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက် မြင်းပေါ်ပြန်တက်ကာ ထွက်ခွာသွားလေတော့သည်။

လမ်းမကြီးတစ်ခု....

အရိပ်အာဝါသ ကင်းမဲ့သော လမ်းမကြီး ဖြစ်၏။

ဟန်ကြူးမြို့နှင့် ဟန်လိုမြို့သို့ဆက်သွယ်ထားသော လမ်းမကြီးပင် ဖြစ်သည်။

လမ်းအရှည်မှာ ၅-မိုင်ခန့်ရှိ၏။

လမ်းတွင်ရွာမရှိပါ။

တစ်မြို့နှင့်တစ်မြို့ သိပ်မဝေးလှသောကြောင့်လည်း လမ်းတွင် စားသောက်ဆိုင်များလည်း မရှိပါချေ။

နေ့လည်ခင်းအချိန်မို့ နေကခြစ်ခြစ်တောက်ပူနေသည်။

လမ်းပေါ်တွင် ဖုန်မှုန့်များသည် နီရဲနေသည်ဟုထင်ရသည်။

ထိုအချိန်တွင် လမ်းမအတိုင်း သူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုလူ၏အင်္ကျီဘွင်ချေးများစိုရွှဲနေပြီး ဖုန်များလည်း ကပ်ငြိနေသည်။

ထိုလူသည် ပူပြင်းလှသော နေရောင်ကို ဂရုမထားဘဲ လမ်းအတိုင်း တစ်လှမ်းချင်း လျှောက်သွားနေလေတော့သည်။



လမ်းမကြီးတစ်နေရာတွင် ကြီးမားသောသစ်ပင်ကြီး တစ်ပင်ရှိသည်။

ထိုသစ်ပင်ကြီး၏ အရွက်အခက်များက ဝေဆာနေပြီး အရိပ်အာဝါသကောင်းတစ်ခုအဖြစ် ဖန်တီးပေးနေသည်။

သစ်ပင်ကြီးပေါ်တွင် ကျေးငှက်ကလေးများ၏ အသံက တစာစာနှင့်ပေါ်ထွက်နေသည်။

ထိုအရိပ်အာဝါသ ကောင်းလှသော သစ်ပင်ကြီးအောက်ဝယ် လူတစ်ယောက်သည် ငိုက်မြည်းနေပေသည်။

ထိုလူသည် ကြီးမားသော ခမောက်တစ်ခု ဆောင်းထားသဖြင့် သူ၏မျက်နှာကိုမူ ကောင်းစွာမမြင်တွေ့ရပါ။

သို့ရာတွင် သူ၏လက်များက အရေအနည်းငယ်တွန့်စပြုနေ၍ အသက်အရွယ်ကြီးသူတစ်ယောက်ဖြစ်သည်ကိုမူ သိနိုင်ပေသည်။

ထိုလူသည် ပူပြင်းလှသော နေရောင်ကြောင့် သစ်ပင်ကြီးအောက်တွင် ဝင်၍ အနားယူနေခြင်းဖြစ်သည်။

ထိုစဉ် လမ်းမပေါ်တွင် လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရသောအခါ ထိုလူ၏ခေါင်းက ဆတ်ခနဲ ထောင်သွားသည်။

လျှောက်လာနေသူကို လှမ်းကြည့်လိုက်သည်။

ပူပြင်းလှသော နေရောင်၊ ထောင်းထောင်းထနေသောဖုန်ကြောင့် ထိုခရီးသွားကိုသေချာစွာမမြင်ရပါ။

သစ်ပင်အောက်မှ လူကြီးက သက်ပြင်းချလိုက်သည်။

'ဒီလောက်ပူပြင်းတဲ့ နေရောင်အောက်မှာ အကာ အကွယ်မပါဘဲ ခရီးသွားနေတာ အရူးပဲဖြစ်မယ်'

ဟု ရေရွတ်လိုက်သည်။

ပြီးမှတစ်ဖန်....

'အင်း....လူတစ်ယောက်ဟာ ပူခြင်း၊ အေးခြင်းကို မခံနိုင်ဘူးဆိုရင် အလွန်အရေးကြီးတဲ့ကိစ္စရှိလို့လဲ ဖြစ်နိုင်တယ်'

ဟု မှတ်ချက်ချလိုက်ပြန်၏။

ထို့နောက် သူသည် ထိုခရီးသွားကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုနေလေတော့သည်။

ခရီးသွားသည် မချပ်မနား လျှောက်နေခြင်း ဖြစ်၏။

ထို့ကြောင့် ခမောက်နှင့် လူရှိရာ သစ်ပင်ကြီးအနီးသို့ တဖြည်းဖြည်း ရောက်ရှိလာလေသည်။



ခမောက်နှင့်လူသည် ခရီးသွားကို တစ်စထက်တစ်စ သဲကွဲစွာ မြင်လာရသည်။

သူ၏မျက်လုံးအစုံမှာ တစ်စထက်တစ်စ ပြူးကျယ်လာ၏။

'ဟာ'

လွှတ်ခနဲ တအံ့တဩ ရေရွတ်လိုက်၏။

'ဒင်းကိုး'

တစ်ဆက်တည်းပင် ဒေါသတကြီး ရေရွတ်လိုက်ပြန်၏။

လူကလည်း သစ်ပင်ကိုမှီကာ လဲလျောင်းနေရာမှ ရုတ်ခြည်းပင် ခုန်ထလာ၏။

ထို့နောက် သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ လမ်းမပေါ် လျှောက်လာနေသော ခရီးသွားထံသို့ ခုန်ဝင်သွားလေတော့သည်။

ခရီးသွားသည် ပူပြင်းသော နေရောင်ကို ကြံ့ကြံ့ခံကာ မနားတမ်း ခရီးဆက်နေ၏။

ထိုစဉ် ရုတ်တရက် သူ့ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာ၏။

'သေလိုက်စမ်း ဖူဝမ်စင်း'

ဝေါက်ခနဲပြီး လက်နှစ်ဖက် စုံတွန်းထုတ်လိုက်၏။

ခရီးသွားကား ဖူဝမ်စင်းပင် ဖြစ်ပါသည်။

ဖူဝမ်စင်းမှာ မမျှော်လင့်တဲ့ လူတစ်ယောက် ရောက်ရှိလာပြီး တိုက်ခိုက်လာသောအခါ ထိတ်လန့်သွား၏။

သူသည် ကမန်းကတန်းပင် နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

ခမောက်နှင့်လူက ဘာမှမပြောပါ။

လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ တရကြမ်းပင် တိုက်ခိုက်လိုက်ပြန်လေသည်။

ဖူဝမ်စင်းက ရှောင်တိမ်းလိုက်၏။



သို့သော် ခမောက်နှင့်လူ၏ လက်ဝါးက ဆက်တိုက်ကပ်၍ ပါလာရာ မတတ်သာတဲ့ လက်ဝါးနှင့် ပြန်လည်ခုခံပေးလိုက်ရ၏။

'ဝုန်း'

လက်ဝါးနှစ်ဖက် ဆုံတွေ့သွားပြီး နှစ်ယောက်စလုံး နောက်သို့ ဆုတ်သွားရလေသည်။

ဖူဝမ်စင်း အံ့သြတုန်လှုပ်သွား၏။

သူ့အား တိုက်ခိုက်လာသူ၏သိုင်းကွက်မှာ သူတို့ ချင်းမိန်ဂိုဏ်းမှ သိုင်းကွက် ဖြစ်နေသည် မဟုတ်ပါလား။

သူက အံ့သြနေစဉ် ထိုလူက အလွန်ပင် လျင်မြန်လှသော အရှိန်အဟုန်ဖြင့် ထပ်မံတိုက်ခိုက်လာပြန်၏။

ထိုလူ ယခုတစ်ကြိမ် အသုံးပြုလိုက်သော သိုင်းကွက်သည် ဂိုဏ်း၏ အဆင့်မြင့် သိုင်းကွက်ပင် ဖြစ်သည်။

ဖူဝမ်စင်းအနေနှင့် ထိုသိုင်းကွက်ကို သိရှိထား၍သာ အချိန်မီ လွတ်အောင် ရှောင်တိမ်းလိုက်နိုင်ခြင်း ဖြစ်၏။

မဟုတ်လျှင် ထိုလက်ဝါးချက်ဖြင့် မသေလျှင်သော်မှ ဒုက္ခိတ ဖြစ်သွားရမည်မှာ သေချာလှပေသည်။

ဖူဝမ်စင်း ဒေါသထွက်သွား၏။

'ခင်ဗျား ရမ်းကားလှချည်လား၊ အချင်းချင်း ဘာကြောင့် ဒီလောက် တိုက်ခိုက်နေရတာလဲ'

ထိုလူက ဘာစကားမျှ မပြောပါ။

ဖူဝမ်စင်းအား အငြိုးကြီးစွာပင် တိုက်ခိုက်နေ၏။

ထိုလူ၏တိုက်ကွက်တိုင်းက ပြင်းထန်လှ၏။

ဖူဝမ်စင်းအား အသေသတ်ပစ်ရန် ရည်ရွယ်ထားခြင်းသည်မှာလည်း အလွန်ပင် ထင်ရှားနေပေသည်။

ဖူဝမ်စင်းမှာ ထို ခမောက်နှင့်လူ၏ တိုက်ခိုက်မှုများကို အသည်းအသန် ရှောင်တိမ်းနေရ၏။

နောက်ဆုံး သူက ပြန်လည် မတိုက်ခိုက်၍ မရတော့ဘဲ တုံ့ပြန်တိုက်ခိုက်လိုက်ရလေတော့သည်။



ခမောက်နှင့်လူ၏ သိုင်းပညာက အဆင့်မြင့်၏။

ဖူဝမ်စင်းက ထိုလူဘက်ပင် သိုင်းပညာ အဆင့်မြင့်နေသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်နေရမည် ဖြစ်သည်။

ဖူဝမ်စင်း သိုင်းကွက်သုတ်လိုက်သည်နှင့် ခမောက်နှင့်လူ၏ တိုက်ကွက်များ ပြိုကွဲသွားရ၏။

ခမောက်နှင့်လူမှာ ထိတ်လန့်စွာဖြင့် နောက်ပြန်ဆုတ်သွားရ၏။

သို့ရာတွင် ဖူဝမ်စင်း၏ လက်ဝါးမှ ထွက်ပေါ်လာသော လေအရှိန်ကြောင့် ထိုလူ၏ ခမောက်မှာ လွင့်စဉ်သွားလေသည်။

ခမောက်နှင့်လူ၏ မျက်နှာက ထင်ရှားစွာ ပေါ်ထွက်လာ၏။

'ဟင်'

ဖူဝမ်စင်း မျက်လုံး ပြူးကျယ်သွား၏။

အလွန်အံ့ဩသွား၏။

ချက်ချင်းပင် သူသည် ဒူးထောက်ရှိခိုးလိုက်လေသည်။

'ဘဘ....ရှိကျို'

ခမောက်နှင့်လူကား ချင်းမိန်ဂိုဏ်း၏ ဘယ်လက်ရုံး ရှိကျို ဖြစ်နေသည် မဟုတ်ပါလား။

ရှိကျိုသည် ဖူဝမ်စင်းအား မုန်းတီးစွာ ကြည့်လိုက်၏။

'မင်းကို ငါမသတ်နိုင်ခဲ့ဘူး'

ဟု အလွန်နာကျည်းခံပြင်းသော လေသံဖြင့် ပြောလိုက်၏။

ဖူဝမ်စင်းက ...

'ဘဘ'

'သွား....မင်း ငါ့ကို ဘဘမခေါ်နဲ့၊ မင်းဟာ သစ္စာမရှိတဲ့ လူ'

'ဘဘ အထင်လွဲနေပြီ၊ ကျွန်တော် ရှင်းပြပါရစေ'

ရှိကျိုက မဲ့လိုက်ပြီး....

'ဘာတွေရှင်းမှာလဲ၊ ဘာမှ ရှင်းစရာမလိုတော့ဘူးကွ'

ဖူဝမ်စင်းက....

'မဟုတ်ဘူးဘဘရယ်.... ကျွန်တော် ရှင်းပြပါရစေ'



'သွားကွာ... သွားစမ်း၊ မင်းအပေါ် ငါတို့ ဘယ်လောက် အားကိုး မျှော်လင့်ခဲ့တယ်ဆိုတာ မင်းသိတယ်၊ ဒါပေမယ့် မင်းဟာ အလွန်သူရဲဘောကြောင်ခဲ့တယ်၊ မင်းမျက်နှာ ငါ မကြည့်ချင်ဘူး'

သူသည် စကားအဆုံးတွင် ချာခနဲ လှည့်ကာပြေးသွား၏။

သို့သော် ဖူဝမ်စင်းက လျင်မြန်စွာ ရှိကျို၏ ပြေးလမ်းကို ပိတ်ဆို့ထားလိုက်မလသည်။

ရှိကျိုက....

'ဘာလဲ၊ မင်းက ငါတို့သင်ပေးထားတဲ့ပညာနဲ့ ငါတို့ကို ပမာမခန့် လုပ်နေတာလား'

ဖူဝမ်စင်းက....

'မဟုတ်ပါဘူး'

ရှိကျိုက....

'ဒီမှာ ဖူဝမ်စင်း၊ မင်းကို တွေ့တဲ့နေရာမှာ အသေသတ်ဖို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် မင်းရဲ့ပညာက ငါတို့ သတ်နိုင်တဲ့ အနေအထား မရှိတော့ဘူး၊ ငါတို့ လူရွေး မှားခဲ့တယ်'

ဖူဝမ်စင်းက....

'ဘဘ...ကျွန်တော် အဖြစ်မှန် ရှင်းပြပါရစေ'

ရိုကျို့က....

'ရှင်းနေတာ ဘာလို့ရှုပ်အောင် ထပ်ရှင်းမှာလဲ၊ မင်းဟာ တင်းမိန်နဲ့တွေ့ရင် သေမှာကြောက်တယ်၊ ဒါကြောင့် သွားပြီး မပြိုင်ခဲ့ဘူး၊ ငါတို့မျှော်လင့်ချက်တွေပျက်ရတယ်၊ ဒါပဲမဟုတ်လား'

ရိုကျို့မှာ ပြောရင်း အသားများဆတ်ဆတ်တုန်လာအောင်ပင် ဒေါသထွက်လာ၏။

ဖူဝမ်စင်းက အံကြိတ်လိုက်၏။

'ဒီမယ်ဘဘ၊ ဖူဝမ်စင်းဆိုတဲ့ ကျုပ်ဟာ ဘယ်တော့မှ သေရမှာကို ကြောက်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး'

သူသည် ရိုကျို့ရှေ့တွင် ဒူးထောက်လိုက်ပြီး....

'ကျွန်တော် အဖြစ်အပျက်တွေကို ရှင်းပြပါရစေ၊ ပြီးမှ ကျွန်တော့်ကို သတ်မယ်ဆိုရင် ကျွန်တော် လုံးဝမခုခံဘဲ လည်စင်းပေးပါ့မယ်'

ဟု ပြတ်သားသော လေသံဖြင့် ပြောလိုက်သည်။



ရိုကျို့ မျက်မှောင်ကြုတ်သွား၏။

ဖူဝမ်စင်း၏ မျက်နှာထားက တည်ကြည်လှ၏။

သူက ဘာမှမပြောဘဲ ငြိမ်နေ၏။

ဖူဝမ်စင်းက....

'ကျွန်တော်ဟာ ချင်းမိန်ဂိုဏ်းရဲ့ ပေးအပ်တဲ့ တာဝန်ကို ...မ်းဆောင်ဖို့ ရှန့်မူတောင်ကို သွားခဲ့ပါတယ်၊ ဒါပေမယ့် ...ုံစန်းမြို့ကိုရောက်တဲ့အခါမှာ မမျှော်လင့်ဘဲ ပြဿနာတက်ခဲ့ရ...ါတယ်'

သူသည် လုံစန်းမြို့တွင် ရှန်းကျဲ၊ ရှန်းမေတို့နှင့် တွေ့ဆုံခဲ့ပုံ....

သူမတို့ သားအမိအား မင်းသားလေး ဟို့ကွမ်း၏ စနက်...ြင့် မတရား စွပ်စွဲခံရပြီး အကျဉ်းချ ခံရပုံတို့ကို ပြောပြ...ိုက်၏။

'သူတို့ ထောင်ချင်းအပြောင်းအရွှေ့မှာ ကျွန်တော် အလွတ်...ုန်းပြေးခဲ့ပါတယ်၊ ရဲမက်တွေရဲ့လက်ချက်ကြောင့် ကျွန်တော် ...ဏ်ရာရခဲ့ပြီး သတိမေ့သွားခဲ့တယ်၊ လူတစ်ဦးရဲ့ကူညီမှုကြောင့် ...အသက်ရှင်ခဲ့ရတယ်'

'ကျွန်တော် သတိရလာချင်းပဲ ရှန့်မူတောင်ကို အရောက် ...သွားခဲ့ပါတယ်၊ ဒါပေမယ့် အတော်ကို ရက်က လွန်နေခဲ့...ါပြီ'

ရှိကျို တွေဝေသွား၏။

'ဖူဝမ်စင်း... မင်း တကယ်ပြောတာလား'

ဖူဝမ်စင်းက....

'ကျွန်တော်မလိမ်တတ်ဘူးဆိုတာကို ဘဘသိပါတယ်'

ရှိကျို ဘာပြောရမှန်းမသိ ဖြစ်နေ၏။

ဖူဝမ်စင်းအဖြစ်အပျက်ကလည်း အပြစ်တင်ရန် မကောင်းလှပါ။

ဖူဝမ်စင်းက....

'ကျွန်တော်လဲ ရှန့်မူတောင်မှာ တင်းမိန်နဲ့ မတွေ့ဆုံရတာကြောင့် ချင်းမိန်ကို အမြန် ပြန်လာခဲ့တယ်၊ ဒါပေမယ့် ကျွန်တော် တောင်ပေါ်ရောက်တော့ ဘယ်သူမှ မရှိတော့ဘဲ မီးလောင်မြင်ပဲ တွေ့ရ တော့တယ်၊ ဘယ်သူ့ လက်ချက်လဲ တင်းမိန်ပဲလား'

ရှိကျိုက ခေါင်းခါယမ်းလိုက်၏။

'မဟုတ်ဘူး'

'ဒါဆိုဘယ်လိုဖြစ်တာလဲ ဘဘ'



'အင်း.... ယှဉ်ပြိုင်တဲ့ရက် ကျော်လာတဲ့အချိန်အထိ အရှုံးအနိုင် သတင်းမရသေးဘူး၊ မင်းရဲ့သတင်းလဲ ဘာမှမကြားခဲ့ရဘူး၊ ဒီအချိန်မှာပဲ တင်းမိန်ထံက စာပို့လာတယ်'

ဖူဝမ်စင်းက....

'သူကဘာတဲ့လဲ'

ရှိကျိုက....

'ချင်းမိန် ကိုယ်စားလှယ်ဟာ သူ့ကို ကြောက်လို့ ရောက်မလာဘူးတဲ့၊ ဒါကြောင့် ချင်းမိန်ဂိုဏ်းကို ဖျက်သိမ်းလိုက်ပါ၊ မဟုတ်ရင် သူက တစ်ယောက်မကျန် ရှင်းပစ်မယ်တဲ့'

'တောက်'

ဖူဝမ်စင်း ခံပြင်းစွာတောက်ခေါက်လိုက်၏။

ရှိကျိုက ဆက်ပြောလိုက်သည်။

'ဂိုဏ်းချုပ်အလွန်စိတ်ဓာတ်ကျသွားတယ်၊ တင်းမိန်နဲ့ယှဉ်နိုင်တဲ့လူ ဘယ်သူမှမရှိဘူး၊ အားလုံးဟာ မင်းကို အားထားခဲ့တယ်၊ မင်းကို အတွင်းအားတွေ လွှဲပေးခဲ့ကြတယ်၊ မင်းတစ်ယောက်တည်း တင်းမိန်ကိုရှင်းပစ်နိုင်ပယ်လို့ ယုံကြည်ထားခဲ့ကြတယ်၊ ဒါပေမယ့် မင်းက တင်းမိန်ကိုသွားပြီး မယှဉ်ခဲ့

ဘူး၊ ဒါကြောင့် နောက်ဆုံး ချင်းမိန်ဌာနချုပ်ကို မီးရှို့ဖျက်ဆီးလိုက်တယ်၊ အားလုံးဇာတ်မြှုတ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်'

ဖူဝမ်စင်းက....

'အခု ဂိုဏ်းချုပ်ဘယ်မှာလဲ'

ရိုကျိုက....

'အားလုံး ခေချတောင်ကြားထဲမှာ တစ်သက်လုံး နေဖို့သွားဖို့ ထွက်သွားပြီ ကျုပ်...ကျုပ်သာ'

ဖူဝမ်စင်းက နားထောင်နေသည်။

ရိုကျိုက အံ့ကိုတင်းတင်းကြိတ်လိုက်ပြီး....

'ကျုပ် ဂိုဏ်းချုပ်မသိအောင် ထွက်ပြေးလာတာ၊ ကျုပ်အသက်သေချင်သေပါစေ၊ တင်းမိန်ကို လက်စားချေမလို့ကွ'

ဖူဝမ်စင်းက ...

'ဒီအတွက် ဘာဘာ မပူပါနဲ့၊ တင်းမိန်ကို ကျွန်တော်ရှင်းပစ်ပြီး ချင်းမိန်အထိမ်းအမှတ် ကျောက်စိမ်းပြားကို အရပြန်ယူဖို့ ဆုံးဖြတ်ထားတယ်၊ အခုလဲ တင်းမိန်နဲ့ စာရင်းရှင်းဖို့ ထွက်လာတာပါ'



ရိုကျိုက....

'တင်းမိန် ဘယ်မှာရှိတယ်ဆိုတာ မင်းသိလို့လား'

ဖူဝမ်စင်းက အိတ်ထဲမှဖိတ်စာကိုထုတ်ပြလိုက်၏။

'သူက အခု တင်းမိန်ဂိုဏ်းတည်ထောင်တော့မယ်လေ'

ရိုကျို မျက်နှာတင်းမာသွားသည်။

မျက်လုံးများလည်း ဝင်းဝင်းတောက်သွားသည်။

'ဘယ်တော့မှ တင်းမိန်ဂိုဏ်း မပေါ်လာစေရဘူး'

ဖူဝမ်စင်းက....

'ဟုတ်တယ်၊ တင်းမိန်ဂိုဏ်းဖွင့်ပွဲ မလုပ်ခင်မှာ ဖြိုခွဲပစ်ဖို့ ကျွန်တော်ခရီးပြင်းနှင်လာတာ'

ရိုကျိုက လက်ဝါးဖြန့်လိုက်ပြီး....

'မင်းနဲ့ ကျုပ် လက်တွဲစို့'

ဖူဝမ်စင်းက ရိုကျို၏လက်ဝါးကို ဆုပ်ကိုင်လိုက်ပြီး....

'ချင်းမိန်ဂိုဏ်းအတွက် ကျွန်တော် အသက်စွန့်ပါ့ပါတယ် ဘာဘာရယ်'

ရှိုကျွိသည် ဖူဝမ်စင်းအားသိုင်းဖက်လိုက် ပြီး....

'ငါတို့ရဲ့အိမ်မက်တွေကို မင်းပဲလက်တွေ့သုပ်ပြနိုင်မှာ'

ဟု အလွန်အားကိုးသော လေသံဖြင့် ပြောလိုက်လေတော့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် လက်ချင်း မြဲမြဲတွဲကာ ယန်ထိုက်မြို့သို့ ဦးတည်ထွက်ခွာသွားကြသည်။

အလွန်ပူပြင်းသော နေရောင်ခြည်သည် သူတို့၏ ပြင်းထန်သော စိတ်ဓာတ်ကို စိုးစဉ်းမျှပင် အနှောင့်အယှက်မပေးနိုင်ခဲ့ပါချေ။

အနီရောင်ဆေး ခြယ်သထားသော ခြံစည်းရိုးလေးအတွင်း ဝယ် လှပသော အိမ်ကလေးတစ်လုံးရှိ၏။

အိမ်ကလေးမှာ အနည်းငယ် သေးသယောင်ရှိသော်လည်း ဆောက်လုပ်ထားပုံမှာ လှပပြီး ချစ်စရာ ကောင်းလှ၏။



အိမ်ကလေး၏ရှေ့တွင် ပန်းဥယျာဉ်ငယ်တစ်ခုရှိ၏။

ပန်းဥယျာဉ်အတွင်းတွင် ရောင်စုံပန်းကလေးများ ဝေဆာစွာ ပွင့်ဖူးနေလေသည်။

သင်းပျံ့မွှေးကြိုင်သော ပန်းရနံ့သည် လေပြည်ကလေးနှင့်အတူ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေ၏။

အိမ်ကလေး၏ ဘယ်ညာနှစ်ဖက်ရှိ ကွက်လပ်တွင်မူ ဟင်းသီးဟင်းရွက် စိုက်ခင်းလေးရှိ၏။

အတန်းလိုက် စိုက်ပျိုးထားသည်မှာ သိသာလှ၏။

အိမ်ကလေးအမိုးပေါ် မီးခိုးတိုင်မှ မီးခိုးငွေ့ကလေးကတလူလူ လွင့်တက်နေ၏။

'မေမေ သမီး ရေသွားခပ်လိုက်ဦးမယ်'

ဟင်းရွက်စိုက်ခင်း ပြုပြင်နေသော အမျိုးသမီးကြီးက ...

'အေး....အေး၊ ရှန်းမေ နေပူတော့မယ်၊ ခမောက် ဆောင်းသွား'

ထိုသားအမိနှစ်ယောက်ကား ရှန့်ကျဲနှင့်ရှန်းမေပင်ဖြစ်သည်။

ရှန်းမေသည် ခမောက်ဆောင်းလိုက်ပြီး ရေထမ်းကို ပခုံးတွင် အသာထမ်းကာ အိမ်နံဘေးသို့ ဆင်းလာ၏။

အိမ်ကလေး၏ညာဘက် ကိုက် ၂၀၀ ခန့်တွင် စမ်းချောင်းကလေးတစ်ခုက ကွေ့ပတ်စီးဆင်းနေသည် မဟုတ်ပါလော။

ရှန်းမေသည် စမ်းချောင်းကလေးအတွင်းဆင်းကာ ရေကိုခတ်လိုက်၏။

ထိုအခိုက် သူမ မျက်လုံးများက စမ်းချောင်းအတွင်းကိုင်းကျနေသော သစ်ကိုင်းဘက် ရောက်သွား၏။

သူမ၏ မျက်မှောင်များ ကြုတ်သွား၏။

'ဟင်'

စမ်းချောင်းနှင့် သစ်ကိုင်း ထိစပ်နေသော နေရာတွင် အရာတစ်ခု ငြိတွယ်နေလေသည်။

ထိုအရာသည် လူတစ်ယောက်နှင့် တူလှပေသည်။

သူမက ချက်ချင်းပင် ရေပုံးကိုချကာ ထိုသစ်ကိုင်းဘက်သို့ သွားကြည့်လိုက်၏။ အမှန်ပင် လူတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'လူတစ်ယောက်ပါလား'

'သေ... သေနေပြီလား မသိဘူး'

သူမ ထိတ်လန့်သွား၏။



သူမ ချက်ချင်းပင် ထိုလူအား ကမ်းပေါ်သို့ ဆွဲတင်လိုက်၏။

လူကြီးတစ်ယောက် ဖြစ်၏။

ခန္ဓာကိုယ်တွင် ဒဏ်ရာများက မြင်မကောင်းပါ။

မျက်နှာက သွေးမရှိဘဲ ဖြူရော်နေ၏။

ခန္ဓာကိုယ်ကလည်း ခြစ်ခြစ်တောက် ပူနေ၏။

မသေသေးသည်မှာ ထင်ရှားနေ၏။

'တော်တော်အသက်ပြင်းတဲ့လူပဲ'

သူမသည် ထိုလူကြီးအား ပခုံးပေါ် ပွေ့တင်လိုက်၏။

'ရှင်က အသက်ပြင်းတယ်၊ ကျွန်မနဲ့တွေ့တော့ အသက်ရှင်ဖို့များသွားတာပေါ့'

ဟု ရေရွတ်ရင်း အိမ်ဘက်သို့ လှည့်ပြန်လာခဲ့လေတော့သည်။

'မေမေ....မေမေ'

ရှန်းမေက တကြော်ကြော်အော်ရင်း အိမ်ထဲပြေးဝင်ကာ ထိုလူကြီးအား ခုတင်ပေါ်တွင် လဲလျောင်းစေ၏။

ရှန်းကျဲက....

'သမီး....ဘာဖြစ်လာတာလဲ'

ရှန်းမေက....

'သမီး ရေသွားခပ်ရင်း တွေ့တာ၊ အသက်တော့ မသေသေးဘူး၊ အခြေအနေ သိပ်ကောင်းပုံမရဘူး၊ သမားတော် မြန်မြန်ပင့်မှ ဖြစ်မယ်'

ရှန်းကျဲက....

'လူကောင်းမှန်းမသိ... လူဆိုးမှန်းမသိ'

'ဩော်....မေမေရယ်... ဒုက္ခရောက်နေတဲ့လူပဲ'

ရှန်းကျဲက ဘာမှမပြောဘဲ သမီး ကယ်တင်လာသူကို အနီးကပ် ကြည့်လိုက်၏။

သူမ၏ ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက် တုန်ခါသွား၏။

သူမ၏မျက်နှာသည် ထိုဒဏ်ရာရနေသော လူ၏ မျက်နှာ ထက်ပင် ပို၍ ဖြူရော်သွားလေသည်။



ရှန်းကျဲ အံ့ကြိတ်လိုက်၏။

'သမီး'

'ရှင်....မေမေ'

'ဒီလူကို ချောင်းထဲက ဆယ်လာတာ ဟုတ်လား'

'ဟုတ်ပါတယ်မေမေ'

'ဒါဆို ချောင်းထဲ မြန်မြန် ပြန်ချထားလိုက်'

'ရှင်....'

ရှန်းမေ အံ့ဩသွား၏။

'မေမေ... ဘယ်လိုပြောလိုက်တာလဲ၊ ဒီလူဟာ ဒုက္ခရောက်နေတဲ့လူ၊ ချောင်းထဲပြန်ချထားရင် သေသွားမှာပေါ့'

ရှန်းကျဲက....

'ဒီလူက လူဆိုးထစ်ယောက် ဖြစ်နေရင်....'

ရှန်းမေက....

'သူဟာ လူဆိုးပဲဖြစ်ဖြစ်... လူကောင်းပဲဖြစ်ဖြစ် အခုအချိန်မှာတော့ သူဟာ သမီးတို့မကယ်ရင် သေတော့မယ့်လူပဲ'

သူမက ထိုလူအားကြည့်ရင်း အလွန် သနားနေ၏။

သူမသည် မိခင်ဖြစ်သူအား ဒူးထောက်လိုက်ပြီး....

'မေမေ၊ သူ့... သူ့ကို သမားတော်နဲ့ ပြပါရစေနော်'

ဟု ခွင့်တောင်းလိုက်လေသည်။

ရှန်းကျဲ အံကြိတ်လိုက်၏။

'ကောင်းပြီ မင်းသဘောပဲ၊ သူ တကယ်လို့ မသေရင် ဒီအချက်ချင်း ထွက်သွားနိုင်းပါ'

ရှန်းမေက ဘာမှပြောမနေတော့ပါ။

ချက်ချင်းပင် အိမ်ထဲမှ ပြေးထွက်သွား၏။

သူမ အချိန်မီ သမားတော်ပင့်ရဦးမည် မဟုတ်ပါလား။

နောက် ၃ ရက်အကြာ....

'ဘာဘာ.... သတိရပြီလား'

ရှန်းမေ ဝမ်းသာအားရ မေးလိုက်၏။

သူကယ်တင်လာသော လူကြီး သတိရလာပြီ မဟုတ်ပါလော။



'အား ကျွတ် ကျွတ်'

ထိုလူကြီးက ညည်းညူရင်းက ဟန်ပြင်လိုက်၏။

ရှန်းမေက....

'ဘာဘာ မထနဲ့လေ၊ ထိုင်နေ အိပ်နေ ဘာဘာကိုယ်မှာဒဏ်ရာတွေက မနည်းဘူးရှင့်'

ထိုလူကြီးက....

'ကျုပ်....ကျုပ် မသေဘူးနော်'

'ဟုတ်ပါတယ် ဘာဘာရဲ့'

'ကျုပ် ဘယ်ရောက်နေတာလဲ'

ရှန်းမေက....

'ယင်းပေ့တဲ့၊ ဘာဘာ ခဏနေဦး၊ သမီးဆန်ပြုတ်သွားယူလိုက်ဦးမယ်'

သူမက သွက်လက်စွာပြောရင်း အခန်းထဲမှ ပြေးထွက်သွားလေသည်။

မကြာမီပင် ရှန်းမေသည် အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်ကိုကိုင်ကာ ပြန်ရောက်လာ၏။

ထိုလူကြီးအားယူပေးပြီး ဆန်ပြုတ်ကိုကိုယ်တိုင် တိုက်ကျွေးလိုက်၏။

'ကျေးဇူးပါပဲ သမီးရယ်'

ရှန်းမေက....

'ဘဘက ဘယ်သူလဲ၊ ဘယ်လိုလုပ် အခုလို ဒုက္ခရောက်ခဲ့တာလဲဟင်'

ထိုလူကြီးက-

'ဘဘနာမည်က မိုးယက္ခပါ၊ ဘဘကို ဓားပြတွေကစိုင်းပြီး တိုက်ခိုက်ခဲ့ကြတာ၊ သမီးနဲ့တွေ့လို့သာ အသက်ရှင်ခွင့်ရတာပဲ၊ သမီးလေးကို ကျေးဇူးတင်ပါတယ်ကွယ်'

မိုးယက္ခသည် အလွန် သွက်လက် ချက်ချာသော ရှန်းမေအား တကယ်ပင် ချစ်မြတ်နိုးမိ၏။

တစ်ဆက်တည်းပင် သူ၏ သမီးလေးကို သတိရလာ၏။

'အင်း ငါ့သမီးလေးက အသက် ဘယ်လောက်ရှိပြီလဲ၊ ဒီမိန်းကလေးအရွယ်လောက် ရှိပြီလား'

ရှန်းမေက....

'ကဲ....ဘဘ အေးအေးဆေးဆေးနားနေဦးနော်'



မိုးယက္ခက....

'ခဏလေး သမီး'

'ဘာလဲ ဘဘ'

'ဒီမှာ သမီး တစ်ယောက်တည်းလား'

'မဟုတ်ဘူး သမီး၊ မေမေလဲ ရှိပါတယ်'

'ဘဘကိုကယ်တင်တာ ကျေးဇူးပါပဲကွယ်၊ ဘဘ သက်သာတာနဲ့ ဒီက ထွက်သွားပါ့မယ်'

ရှန်းမေက ပြုံးလိုက်ပြီး....

"ဘဘကိုပြုစုရလို့ သမီး မပင်ပန်းပါဘူး၊ ဘဘ ဒဏ်ရာပျောက်တဲ့အထိသာ နေထိုင်ပါ၊ အားမနာပါနဲ့'

သူမက မိုးယက္ခအား နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားလေသည်။

မိုးယက္ခသည်ခုတင်ပေါ်တွင် ပြန်လည် လဲလျောင်းနေ၏။

အစဉ် ကြမ်းတမ်းခက်ထန်သော သူ၏ စိတ်တို့သည် ယခုအခါ အလွန်ပင် သိမ်မွေ့နူးညံ့နေ၏။

သူသည် သေခြင်းတရားနှင့်လည်း နီးကပ်စွာ တွေ့ကြုံခဲ့ပြီးဖြစ်သည်။

နောင်တတို့လည်း ရလာခဲ့ပြီ ဖြစ်၏။

သူ ဆက်လက် မမိုက်ချင်တော့ပါ။

ဘဝကို အေးအေးချမ်းချမ်း နေလိုလှသည်။

မိသားစုဘဝလေးကို ပြန်လည် တမ်းတမိ၏။

သူ၏ ဇနီးနှင့် သူ၏သမီးကို မတွေ့တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

ရှန်းမေသည် လှပသွက်လက်ပြီး ချစ်စရာကောင်း၏။

သူ၏ သမီးသည်လည်း ရှန်းမေကဲ့သို့ဆိုလျှင် အလွန်ပင် ပျော်စရာ ကောင်းမည်ဟု တွေးနေမိလေသည်။

'သမီး'

ဆေးကျိုနေသော ရှန်းမေက ဆတ်ခနဲ မော့ကြည့်လိုက်၏။

မီးဖိုဆောင် တံခါးဝတွင် ရှမ်းကျဲကို တွေ့လိုက်ရ၏။

ရှန်းမေက....

'မေမေ....ဟိုလူကြီး သတိပြန်ရလာပြီ၊ သူ့နာမည်က ရယ်စရာကြီး၊ မိုးယက္ခတဲ့၊ မေမေ သွားကြည့်လိုက်ပါဦး'



ဟု ဝမ်းသာအားရ ပြောလိုက်၏။

ရှန်းကျဲက....

'သမီးကိစ္စ မေမေ ဝင်မပါဘူး ပြောထားတယ် မဟုတ်ဘူး၊ သူ သတိရလာပြီဆိုရင် ထွက်သွားခိုင်းလိုက်ပါ'

သူမအသံက အေးစက်လှ၏။

ရှန်းမေက....

'အို....မေမေရယ်.... သူ အခုမှ သတိရကာစပါ၊ လမ်းလျှောက်နိုင်သေးပါဘူး'

ရှန်းကျဲက....

'ကောင်းပြီ၊ နောက် ၃ ရက်ထိ နေခွင့်ပေးမယ်၊ ၃ ရက်ပြည့်တာနဲ့ သူ့ကို ထွက်သွားခိုင်းပါ'

ရှန်းမေက....

'နောက်၃ရက်နဲ့ ဘာဖြစ်မှာလဲ၊ သူ့ကို သေတွင်းထဲက ဆယ်တင်ခဲ့ပြီး သေတွင်းထဲပြန်ပို့သလို ဖြစ်နေမှာပေါ့၊ ၇ရက်လောက် နေခွင့်ပြုသင့်ပါတယ်'

ရှန်းကျဲက ဆက်ပြင်းချလိုက်ပြီး သမီးဖြစ်သူအား ကြည့်လိုက်၏။

သူမက လက်မခံလျှင် လွန်ရာကျမည်ကို သိလိုက်၏။

ထို့ကြောင့် ဘာမျှမပြောတော့ဘဲ လှည့်ထွက်သွားလိုက်လေတော့သည်။

ရှန်းမေက ...

'မေမေဟာ ကိုကြင်နာပြီး စေတနာကောင်းတဲ့လူပါ၊ အခု ဒီလူကြီးကျမှ ဘာ့ကြောင့် လက်မခံချင်တာလဲ မသိဘူး'

သူမ ကြာကြာ မတွေးအားပါ။

မိုးယက္ခအား ဆေးတိုက်ရဦးမည် မဟုတ်ပါလား။

ငါးရက်။

ငါးရက် ဟူသော အချိန်မှာ အလွန်ပင် တိုတောင်းလှ၏။

သို့သော် ထိုငါးရက်အတွင်း မိုးယက္ခနှင့် ရှန်းမေတို့သည် အလွန်ပင် ရင်းနှီးခဲ့ကြ၏။



တစ်ဦးကိုတစ်ဦး သံယောဇဉ်တွယ်ခဲ့ရ၏။

ရှန်းမေက မိုးယက္ခအား ဖခင်တစ်ယောက်ကဲ့သို့ ပြုစုသလို မိုးယက္ခကလည်း ရှန်းမေအား သမီးတစ်ယောက်ကဲ့သို့ ကြင်နာလေသည်။

ငါးရက်အတွင်း မိုးယက္ခမှာ ထူထူထောင်ထောင်ရှိလာ၏။

သို့သော် ဒဏ်ရာများက မကျက်သေးပါ။

ထို့ကြောင့် လမ်းကောင်းကောင်းလျှောက်၍မရပါ။

ရှန်းမေက တွဲ၍လမ်းလျှောက်ပေးရလေသည်။

ယနေ့ညနေတွင်လည်း ပန်းဥယျာဉ်လေးထဲတွင် မိုးယက္ခအား ရှန်းမေက တွဲကာ လမ်းလျှောက်ပေးနေသည်။

မိုးယက္ခ အလွန်ပျော်နေလေသည်။

'ဘဘ သိပ်ပျော်တာပဲ၊ ဒီလို အေးချမ်းပျော်ရွှင်တဲ့ ဘဝမျိုးနဲ့ နေသွားလိုက်ချင်တယ်'

ဟု ခံစားမှုကိုထိန်းမရဘဲ ပြောလိုက်သည်။

ရှန်းမေက....

'ဒါဆိုလဲ ဒီမှာပဲနေလိုက်ပါလား၊ ဘဘ သမီးတို့အတွက် လူတစ်ယောက်ပိုလို့လဲ ဘာမှဂနိမလေးပါဘူး'

မိုးယက္ခက ပြုံးလိုက်ပြီး....

'ဒါနဲ့ သမီးတို့အိမ် ဘဘရောက်ကတည်းက သမီး မေမေ ကိုတစ်ခါမှ မတွေ့ရသေးဘူးနော်'

သူက အမှတ်ရသွားပြီး မေးလိုက်၏။

ရှန်းမေက သက်ပြင်းအသာချလိုက်ပြီး....

'မေမေ မအားလို့ပါ ဘဘ'

မိုးယက္ခထ....

'သမီး မေမေက မကြိုက်ဘူးထင်တယ်'

'မ....မဟုတ်ပါဘူး ဘဘ'

'အင်း ဘဘ လမ်းလျှောက်နိုင်တာနဲ့သွားမှာကွယ်'

ရှန်းမေက....

'ဘဘမှာအိမ်လဲမရှိဘူးဆို၊ ဘယ်သွားမှာလဲ'

မိုးယက္ခက....



'ဘဘရဲ့ သမီးလေး တစ်ယောက်ရှိတယ်၊ သူတို့ကို တွေ့အောင်လိုက်ရှာမှာပေါ့'

ရှန်းမေက....

'ဘဘရဲ့ သမီးလေးကိုရှာတွေ့ပါစေလို့ သမီး ဆုတောင်းပေးပါ့မယ် ဘဘ'

'ကျေးဇူးပါပဲကွယ်'

'နည်းနည်း အေးလာပြီ၊ အိမ်ထဲ ပြန်ဝင်ရအောင်နော် ဘဘ'

မိုးယက္ခ ခေါင်းအသာညိတ်လိုက်၏။

သူတို့အိမ်ဘက်ပြန်လျှောက်လာသည်။

ထိုအခိုက် ပြတင်းပေါက် လိုက်ကာတစ်ခု လှုပ်ရှားသွားသည်ကို မိုးယက္ခ သတိပြုမိလိုက်သည်။

ရှန်းမေ၏မိခင်ဖြစ်ရမည်ဟု နားလည်လိုက်မိလေသည်။

ည…

မိုးယက္ခ အိပ်မပျော်နိုင်ပါ။

သူသည် မိသားစုကို အလွန်ပင်အတိရနေသည်။

သူ၏ အပြစ်များကား ခွင့်လွှတ်ချင်စရာပင် မကောင်းလှပါ။

သူ့မိသားစုကိုတွေ့လျှင် တောင်းပန်မည်၊ ကျေနပ်အောင်ကို တောင်းပန်မည်ဟုဆုံးဖြတ်လိုက်၏၊

အိပ်မပျော်သောအခါ လဲလျောင်းနေရသည်မှာ ပူသလို ခံစားနေရလေသည်။

လူသည် အိပ်ရာမှထရင်း ရေတကောင်းကို ယူဓာ့ လိုက်သည်။

ရေမရှိတော့ပါ။

ရေမရှိမှ ရေက ပိုငတ်လာသလို ခံစားလိုက်ရသည်။

ရေသောက်ရန် အခန်းထဲမှ ထွက်လာခဲ့သည်။

ဓားကိုအသာထိန်းရင်း တစ်လှမ်းချင်း လျှောက်လာခဲ့၏။



အခန်းတစ်ခုအနီးအရောက်တွင် အထဲမှစကားပြောသံများကြောင့် သူ၏ခြေလှမ်းများ အလိုလိုရပ်တန့်သွားသည်။

'ကဲ– သမီး(၇)ရက်ပြည့်ပြီ'

ရှန်းမေက....

'သူ ကောင်းကောင်း ကျန်းမာတာမှ မဟုတ်သေးဘဲ မေမေရယ်'

ရှန်းမေက....

'မလိုချင်ဘူး၊ သူအခုအချိန် ထွက်သွားလို့လဲ မသေနိုင်တော့ဘူး'

'မေမေ ဘာကြောင့် သူ့ကို လက်မခံနိုင်တာလဲ'

'ရှန်းမေလဲ ချစ်လို့အလိုလိုက်ထားတာ စကားရှေ့ည်နဲ့'

'မဟုတ်ပါဘူး မေမေရယ်'

'တော်ပြီ၊ ငါထပ်မကြားချင်ဘူး၊ မနက်ဖြန် လူတို့ ဒီက ထွက်သွားခိုင်းဖို့ ပြောမှာလား'

'ညည်းမပြောရင် ငါမောင်းထုတ်ပစ်မယ်'

'ဒီလိုတော့မလုပ်ပါနဲ့ မေမေရယ်၊ သမီး တောင်းပန်ပါတယ်၊ သူကဒဏ်ရာကြီးနဲ့ ပြီးတော့ အားကိုးစရာလဲ မရှိတဲ့လူပါ'

ရှန်းမေအသံမှာ ငိုသံပါလာသည်။

ရှန်းကျဲက...

'မလိုချင်ဘူး၊ မနက်ဖြန် သူဒီမှာရှိနေမယ်ဆိုရင် ငါဒီကထွက်သွားရလိမ့်မယ် ဒါပဲ'

သူမ၏ ပြတ်သားသော စကားကြောင့် ရှန်းမေ အတွန့်မတက်ရဲတော့ပါ၊ ငိုရှိုက်ရင်း အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

မိုးယက္ခ အလွန်ပင် စိတ်ထိခိုက်သွား၏။

ရှန်းမေ သူ့အပေါ်ကောင်းလှသော်လည်း သူမ မိခင်က သူ့အား မလိုလားပါ။

ရှန်းမေအတွက် သူပြန့်ငဲ့ညှာရပေသည်။

နံနက်လင်းသည်နှင့် ဤနေရာမှ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် သေးလံသော ခြေလှမ်းများဖြင့် သူ၏အခန်းဆီတို့ ပြန်လာခဲ့လေတော့သည်။



အာရုဏ်ဦး အလင်းရောင် ပေါ်ထွက်လာပြီဖြစ်သည်။

မိုးယက္ခ တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

သူအလွန်ပင် စိတ်ထိခိုက်မိ၏။

ထို့ကြောင့် သူ၏ ဒဏ်ရာများ ပြန်နာကျင်လာသလိုပဲ ခံစားလိုက်ရသည်။

အာရုဏ်ဦး၏အလင်းရောင်ထွက်လာသည်နှင့် သူက အခန်းလေးထဲမှ ထွက်လာခဲ့၏။

သူ ရှန်းမေကို မနှုတ်ဆက်တော့ပါ။

ရှန်းမေအား ဝေဒနာမပေးချင်ပါ၊ စိတ် မထိခိုက်စေချင်ပါ။

တိတ်တိတ်ကလေးထွက်သွားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် သူထွက်လာရာ ခြံဝင်းတံခါးအနီးရောက်တွင် မမျှော်လင့်ဘဲ ခဲလုံးတစ်လုံးကို ခလုတ်တိုက်ကာ ချော်လဲကျသွားသည်။

လမ်းကောင်းကောင်း မလျှောက်နိုင်သေးသည်မို့ လဲကျသွားသောအခါ အလွန်ပင် နာကျင်သွား၏။

မနည်းပင် ရုန်းကာ ပြန်ထလိုက်၏။

သို့သော် ပေါင်မှ ဒဏ်ရာက သွေးများပြန်လည် ယိုစီးကျလာပြီး မတ်မတ်ပင် မရပ်နိုင်အောင် ဖြစ်နေရလေသည်။

မိုးယက္ခ အံကိုတင်းတင်း ကြိတ်လိုက်၏။

သူသည် ပင်ကိုတရွတ်တိုက်ကာ ရအောင်သွားလိုက်၏။

ထိုစဉ်မှာပင်....

'ဘဘ'

အော်သံနှင့်အတူ ရှင်းမေက ပြေးလွှားရောက်ရှိလာ၏။

'ဟင်... သွေးတွေ....ဘဘ ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲ'

မိုးယက္ခက....

'ဘဘ သွားတော့မယ်သမီး'

'မဟုတ်တာ....ဘဘမှ လမ်းမလျှောက်နိုင်သေးတာ'

'ကိစ္စမရှိပါဘူးကွာ၊ ဘဘကို ဒီလောက် အသက်ရှင်အောင် ပြုစုကုသပေးခဲ့တာကိုပဲ ကျေးဇူးတင်ပါပြီ'

ရှင်းမေက....



'ဘဘမသွားရဘူး'

သူမက မိုးယက္ခအား အဘင်းပင် ဆွဲသားလိုက်၏။

ထိုမြင်ကွင်းတစ်ခုလုံးကို ရှန်းကဲ့ တွေ့နေရ၏။

သူမရင်ထဲက အလွန်နာကျင်သွား၏။

သူမ ချက်ချင်းပင် ခြံထဲ ဆင်းလာခဲ့လေသည်။

မိုးယက္ခမှာ ရှန်းမေအား တွေ့လိုက်ရသောအခါ အလွန်ပင် ထိတ်လန့်အံ့ဩသွားရလေသည်။

'ဟင်.... မင်း....မင်း'

ရှန်းကဲ့က....

ရှင် ဘာမှ မပြောပါနဲ့၊ နောက်မှ ရှင်နဲ့ကျွန်မ စကားပြောကြမယ်'

'ကဲ....သမီး ညည်းဘဘကို ပြန်ခေါ်သွားပြီး ဆေးထည့်ပေးလိုက်ပါ'

'သူ လမ်းလျှောက်နိုင်တဲ့အထိ ခေါ်ထားချင်ထားဖို့ မေမေခွင့်ပြုပါတယ်'

ရှန်းမေ ဝမ်းသာသွား၏။

'မေမေ တကယ်ပြောတာလား'

'တကယ်ပြောတာပါ၊ ကဲ ကဲ အထဲဝင်ကြတော့'

'ကျုပ် အခုလို မင်းနဲ့ ပြန်ဆုံရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ ရှန်းမေဟာ ကျုပ်ရဲ့သမီးပဲပေါ့'

မိုးယကွချုံချစ်လုံက ဝမ်းသာအားရ ပြောလိုက်၏။

ရှန်းကျဲက...

'ဟုတ်တယ်၊ ဒါပေမယ့် ရှင် သမီးကို ခေါ်ခွင့်မရှိဘူး'

မိုးယကွချုံချစ်လုံက....

'ကျုပ်အပြစ်တွေကို ကျုပ် ဝန်ခံတောင်းပန်ပြီးပြီပဲ၊ မင်း ကြိုက်သလိုလုပ် အပြစ်ပေးပါကွာ'



ဟု တောင်းပန်လိုက်၏။

ရှန်းကျဲက....

'ရှင့်ရဲ့ အရင်အပြစ်တွေခွင့်လွှတ်နိုင်ပေမယ့် ခွင့်မလွှတ်နိုင်တဲ့ အပြစ်တစ်ခု ကျန်သေးတယ်ရှင့်'

မိုးယကွအာ....

'ဘာအပြစ်လဲ'

ရှန်းကျဲက...

'လုံစန်း မြို့ဝန်ရုံးမှာ ရှင်ကဖူဝမ်စင်းဆိုတဲ့လူငယ်ကို မတရား ဘက်ခ သတ္တက်ဆိုပြီးတော့ အပြစ်ရအောင် လုပ်ခဲ့တယ်'

မိုးယကွ အံ့ဩသွား၏။

'ဖူဝမ်စင်း.... အဲဒါ ဘာဖြစ်လို့လဲ'

ရှန်းကျဲ မဲ့လိုက်၏။

'ဘာဖြစ်ရမှာလဲ၊ အဲဒီ ဖူဝမ်စင်းဆိုတဲ့ လူငယ်က ရှင့်သမီးကို အရှက်နဲ့ အသက်ပါ ကာကွယ်ပေးခဲ့တဲ့ လူငယ်ရှင့်'

'ဗျာ'

ရှန်းကဲ့တ အဖြစ်အပျက်များကို ရှင်းပြရှိုက်၏။

ထို့နောက်....

'ဒါကြောင့် အပြစ်ပေးတဲ့အနေနဲ့ ရှင်ဒီမှာ နေချင်ရင် နေနိုင်တယ်၊ ဒါပေမယ့် ကျွန်မကို သိကြောင်း မပြောရဘူး၊ ကျွန်မသမီးကိုလဲ သမီးလို့ မပြောရဘူး၊ သူစိမ်းတစ်ယောက်လိုပဲ နေရမယ်၊ ရှင်သဘောတူရင်နေပါ၊ သဘောမတူရင်တော့ ရှင့်ကို တစ်နေရာ မောင်းထုတ်ပစ်မယ်၊ ကျွန်မ ဘာကိုမှ ငဲ့ညှာမှာ မဟုတ်ဘူး'

မိုးယက္ခ မျက်ရည်များ စီးကျလာ၏။

'ငါမှားတယ်၊ ငါအလွန်ကိုမိုက်ခဲ့တယ်၊ ငါ့အပြစ်တွေပါပဲ၊ မင်းကြိုက်တဲ့အပြစ်သာ ပေးပါကွာ၊ ငါလည်စင်းပြီး ခံယူပါမယ်'

ဟု ကြေကွဲသောအသံဖြင့် ပြောလိုက်လေတော့သည်။



ခမ်းနားသော အဆောက်အအုံဘဝ်ခု....

အဆောက်အအုံသည် သင်လွင်တောက်ပနေ၏။

အလုပ်သမားများသည် အဆောက်အအုံကို အမြန်ဆုံး လက်စသတ်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်နေကြလေသည်။

ဖူဝမ်စင်းနှင့် ရိုကျိုတို့သည် ထိုအဆောက်အအုံ ရှေ့သို့ ရောက်ရှိကြလေသည်။

ရိုကျိုက—

'ဖူဝမ်စင်း ဒါပဲ ဖြစ်လိမ့်မယ်'

ဖူဝမ်စင်းက ကြည့်လိုက်၏။

အဆောက်အအုံ၏ နဖူးစည်းနေရာတွင် ရွှေစားပုံ ထွင်းထုထားသော သစ်သားဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။

ဖူဝမ်စင်းက မဲ့လိုက်ပြီး....

'မှာစရာအကြောင်း မရှိပါဘူး'

ရိုကျိုက....

'ဒါဆို ငါ နည်းနည်း လက်ဆော့လိုက်ဦးမယ်'

'လုပ်ချင်တာသာလုပ် ဘာဘ'

ရှိကျူသည် ခဲတစ်လုံးကို ကောက်ယူလိုက်၏။

ထို့နောက် သစ်သားဆိုင်းဘုတ်ဆီသို့ ချိန်ရွယ်ကာ ပစ်လွှင့်လိုက်လေသည်။

'ဝုန်း'

'ခွပ်'

သစ်သားဆိုင်းဘုတ်မှာ ကျိုးပဲ့ကြေမွပြီး တစ်စစီပြုတ်ကျလာလေသည်။

အလုပ်သမားများ ပျာယာခတ်သွား၏။

မည်သူ့လက်ချက်မှန်း မသိလိုက်ကြပါ။

အလုပ်သမားများ ရှုပ်ယှက်ခတ်သွားစဉ် ဖူဝမ်စင်းနှင့် ရှိကျူတို့က အဆောက်အအုံအတွင်းသို့ လှစ်ခနဲ ပြေးဝင်လာခဲ့ကြ၏။

ဂေဟာသည် အပြင်ဘက်မှကြည့်လျှင် ခမ်းနားထည်ဝါသလို အထဲတွင်လည်း ခမ်းနားလှပေသည်။

ကြီးမားသော ဧည့်ခန်းထဲတွင် 'တင်းမိန်ဂိုဏ်း' ဟူသော ပိတ်ဖြင့် နဖူးစီးစာတန်းတစ်ခု ချိတ်ဆွဲထား၏။



ဖူဝမ်စင်း လေထဲသို့ ခုန်တက်သွား၏။

ဓားရောင်များ ဝင်းလက်သွားပြီးနောက် ထိုပိတ်စသည် အစိပ်စိပ် အမွှာမွှာ ဖြစ်သွားရလေသည်။

ရှိကျူက လက်ခုပ်တီးလိုက်ပြီး....

'သိပ်ကောင်းတဲ့ဓားကွက်'

သူတို့သည် အခန်းတစ်ခုချင်းဆီကို ရှာဖွေလိုက်၏။

မကြာမီ သီးသန့်ခန်း တစ်ခုအတွင်း၌ တင်းမိန်ဂိုဏ်း ၏ ထိမ်းအမှတ် ကျောက်စိမ်းပြားကို တွေ့ရှိလိုက်ရ၏။

ရှိကျူက ကျောက်စိမ်းပြားကို တရိုတသေ ယူလိုက်၏။

ဖူဝမ်စင်းက....

'ဒီဂေဟာမှာ ဘယ်သူမှ မရှိသေးဘူးနဲ့တူတယ်'

ရှိကျူက....

'ဖြစ်နိုင်တယ်၊ တင်းမိန်ဂိုဏ်းဟာ အခုမှ ဂိုဏ်းဖွဲ့စည်းဖို့ ငွေကို အသုံးပြု လှုပ်ရှားနေတာပဲ'

သူတို့က အခန်းအပြင်သို့ လှမ်းထွက်လိုက်၏။

ထိုစဉ်မှာပင် အေးစက်သော စကားသံကို ကြားလိုက်ရလေသည်။

'ရိုကျို၊ မင်းတို့က ဆတ္တိရှိရှိ မယှဉ်ရဲဘဲ အခုလိုလာပြီး ခိုးယူလို့ရမယ် ထင်သလား'

ရိုကျိုမျက်နှာ တင်းမာသွား၏။

'တင်းမိန့်'

ခန်းမအတွင်းသို့ တင်းမိန်က တစ်လှမ်းချင်း ဝင်ရောက်လာ၏။

တင်းမိန့်သည် အပြာရောင်ဝတ်စုံကိုဝတ်ထားပြီး ရွှေဓားကို ခါးတွင် ချိတ်ဆွဲထား၏။

အသက်သာ ကြီးသွားသော်လည်း သူ့ပုံစံကမပြောင်းပါ။

တင်းမိန်က....

'မင်းတို့ကို အခွင့်အရေး သုံးကြိမ်ပေးပြီးပြီ၊ မင်းတို့မှာ ဘာအခွင့်အရေးမှ မရှိတော့ဘူး'

ဖူဝမ်စင်းက....

'နှစ်ကြိမ်ပဲ ရှိသေးတယ်၊ သုံးကြိမ်မယှဉ်ရသေးဘူးဗျ'

တင်းမိန်က....

'မင်းတို့ မလာရဲလို့ ပျက်ကွက်ခဲ့တာပဲ မဟုတ်လား'



ဖူဝမ်စင်းက....

'မဟုတ်ဘူး၊ ချင်းမိန်ကိုယ်စားလှယ်ဟာ ကိစ္စတစ်ခုကြောင့် ချိန်းထားတဲ့အချိန် နောက်ကျပြီးမှ ရောက်ရှိခဲ့တာပါ'

တင်းမိန့်က မျက်မှောင်ကြုတ်သွား၏။

'အဲဒီကိုယ်စားလှယ်က မင်းပဲလား'

ဖူဝမ်စင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

သူသည် တင်းမိန်အား ဦးညွှတ်လိုက်ပြီး....

'ကျုပ်ဟာ လမ်းမှာ မတရားမှုဘာတစ်ခုကို တွေ့ရှိရလို့ ဝင်ပြီး ဖြေရှင်းပေးနေရတာနဲ့ နောက်ကျသွားခဲ့ပါတယ်၊ ကျုပ်ကို အခွင့်အရေး ပြန်လည်ပေးဖို့ တောင်းပန်ပါရစေ'

တင်းမိန်က သဘောကျစွာ ရယ်မောလိုက်၏။

'ဟား...ဟား...ဟား၊ ဒီလို ဆပ်ပြီး တောင်းဆိုလို့ မလား'

ဖူဝမ်စင်းက....

'မရရင်လဲ ကိစ္စမရှိပါဘူး၊ ဒီကနေ့မှာ တင်းမိန့်ဂိုဏ်းဟာ

သိုင်းလောကထဲ မဝင်ခင် ပျက်စီးသွားရစေမယ်လို့ သစ္စာဆို ထားပြီးပါပြီ'

ဟု ပြတ်သားစွာ ပြောလိုက်သည်။

တင်းမိန်၏မျက်နှာ တင်းမာသွား၏။

'မင်းက လူငယ်သလောက် အာပြောကြီးပါလား'

ဖူဝမ်စင်းက....

'ခင်ဗျားလို လူတစ်ဖက်သားအပေါ် ယုတ်မာကောက်ကျစ်တဲ့လူမျိုးဟာ ဂိုဏ်းတစ်ခုကို ဦးမဆောင်သင့်သလို အသက်ရှင်ဖို့လဲ မသင့်ပါဘူး'

တင်းမိန် အေးစက်စွာ ရယ်မောလိုက်၏။

'ကောင်းပြီ၊ ဒီကနေ့ ငါက မင်းတို့နှစ်ယောက်ကို သတ်မယ်၊ ပြီးရင် ချင်းမိန်ဂိုဏ်းသားတွေ အားလုံးကို ရှာဖွေသုတ်သင်မယ်'

'ချွမ်း'

သူက စကားအဆုံးတွင် ရွှေဓားကို ဆွဲထုတ်လိုက်ပြီး ဖူဝမ်စင်းအား တိုက်ခိုက်လိုက်လေသည်။

ရှိကျို့က ချက်ချင်းပင် တင်းမိန်အား ဟန့်တား တိုက်ခိုက်လိုက်၏။



'ယား'

'ကျား'

တင်းမိန်၏ ရွှေဓားသိုင်းကွက်များက ပြင်းထန်လှ၏။

သိုင်းကွက် ၁၀ ကွက်အတွင်း ရှိကျို့ အရေးနိမ့်လေလာသည်။

'ဖူဝမ်စင်းက ဘာဘာ နောက်ဆုတ်လိုက်ပါ'

တင်းမိန်၏ ရွှေဓားသိုင်းကွက်များက ပြင်းထန်လှသည်။

သိုင်းကွက် ၁၀-ကွက်အတွင်း ရှိကျို့က အရေးနိမ့်လာလေသည်။

ဖူဝမ်စင်းက....

'ဘာဘာ နောက်ဆုတ်လိုက်ပါ'

ရှိကျို့ ချက်ချင်းပင် နောက်ဆုတ်သွားသည်။

ဖူဝမ်စင်းက ဓားကိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

သူ၏တစ်ကိုယ်လုံးရှိသမျှ အားအင်တို့ကို ဓားကိုင်လက်သို့ ပို့လွှတ်ပေးလိုက်၏။

ချင်းမိန်ဂိုဏ်းအတွက်....

တရားမျှတမှုအတွက်....

ကျေးဇူးတရားအတွက်....

သူက တင်းမိန်၏ ရွှေဓားကို အနိုင်တိုက်ခိုက်ရတော့မည် မဟုတ်ပါလား။

တင်းမိန့်သည် လေ၌လျှင်မြန်ခြင်းမျိုးနှင့်အတူ ဖူဝမ်စင်း ထံတိုးဝင်လာပြီး တိုက်ခိုက်လိုက်၏။

လင်းလက်သောရွှေရောင်အလင်းတန်းများသည် ဖူဝမ်စင်း ထံတိုးဝင်လာပြီး တိုက်ခိုက်လိုက်သည်။

လင်းလက်သောရွှေရောင်အလင်းတန်းများသည် ဖူဝမ်စင်း ထံတိုးဝင်လာလေသည်။

ဖူဝမ်စင်းက အံကိုတင်းတင်းကြိတ်ကာ ဓားကွက် တစ်ကွက် ထုတ်ဖော်လိုက်၏။

'ချွမ်း'

ဓားနှစ်လက် ပြင်းထန်စွာထိတွေ့သွား၏။



ဖူဝမ်စင်း နောက်တစ်လှမ်း ဆုတ်သွားရသလို တင်းမိန် လည်း နောက်သို့တစ်လှမ်းချင်းဆုတ်သွားရလေသည်။

တင်းမိန်ဒေါသထွက်သွား၏။

ချင်းမိန်ဂိုဏ်းချုပ် လျူဝမ်ဟန်နှင့် ညာလက်ရုံး ရှိယု တို့ပင် သူကကောင်းစွာအနိုင်ယူခဲ့၏။

ယခု ဖူဝမ်စင်းလိုလူငယ်အား မျက်စိထဲပင်ထည့်မထားပါ။

သူ၏ဓားကွက်က ချေဖျက်နိုင်မည်။

နောက်ထပ် ဓားကွက် နှစ်ဆယ် မခံဟု ကြုံးဝါးလိုက်ပြီး တရကြမ်းပင် ဆက်တိုက်တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်သော ရွှေနဂါး၏အလင်းရောင်ခန်းမ အတွင်း ဖြိုးဖြိုးဖြက်ဖြက်လက်နေ၏။

ဖူဝမ်စင်းသည် တင်းမိန့်၏ ပြင်းထန်လှသော ဓားကွက် များနှင့် ရင်ဆိုင်နေရသော်လည်း လုံးဝကြောက်ရွံ့ခြင်းမရှိပါ။

သူသည် ချင်းမိန်ဓားပညာကိုသာ အသုံးပြု၍ တစ်ကွက် ချင်း ခုခံတိုက်ခိုက်နေလေတော့သည်။

ရိုကျို့သည် တိုက်ပွဲကိုမျက်တောင်မခတ်ပင်ငေးကြည့်နေ၏၊

သူ၏ရင်ထဲတွင် ထိတ်လန့်နေသည်။

တိုက်ပွဲကား ပြင်းထန်လွန်းလှသည်။

တင်းမိန်၏ ရွှေဓားသိုင်းကွက်များသည်အလွန်ပင်ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဟိုးယခင် သူတွေ့ခဲ့ဖူးသော တင်းမိန် မဟုတ်တော့ပါ။

ထိပ်တန်းဓားသမားတစ်ဦး ဖြစ်နေချေပြီ။

သူသည် တင်းမိန်၏ ဓားကွက် ၃၀-ထက်ပင် ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်း သိရှိလိုက်၏။

ယခုလည်း ဖူဝမ်စင်းအတွက် စိုးရိမ်နေ၏၊

ဖူဝမ်စင်းသည် တင်းမိန်၏ဓားကွက်အောက်သို့ ကျရောက်နေသည်။

ဖူဝမ်စင်း တင်းမိန်အား အနိုင်ရပါဦးမည်လော။

ဖူဝမ်စင်းသာ ရှုံးနိမ့်ခဲ့လျှင်....
အတွေးက ဝင်လာသည်နှင့် အလိုလိုပင် မျက်ရည်များကဝဲလာသေးသည်။



သူ့အလွန်သံယောဇဉ်ကြီးလှသော ချင်းမိန်ဂိုဏ်း ပြန်လည်ထူထောင်ခွင့်ရမည် မဟုတ်တော့ပါ။

ရိုကျို့ အံကိုတင်းတင်းကြိတ်လိုက်သည်။

သူသည် ဓားကိုတင်းတင်းဆုပ်ကိုင်လိုက်သည်။

ဖူဝမ်စင်းရှုံးသည်နှင့် သူက တင်းမိန်အား အသက်စွန့်ပြီး တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ခိုင်မာစွာချလိုက်၏။

သူက တင်းမိန်အားယှဉ်နိုင်မည်မဟုတ်သည်ကို သူသိ၏။

သို့သော် တိုက်ခိုက်၍ သေရမည်က ကောင်းသေးသည်ဟု ခံယူထားမိသည် မဟုတ်ပါလား။

❦

သိုင်းကွက်တစ်ရာ့ငါးဆယ် ကျော်လာခဲ့ပြီ ဖြစ်သည်၊

ဖူဝမ်စင်းသည် ကြံ့ကြံ့ခံ၍ တင်းမိန်၏ ရွှေဓားသိုင်းကွက်များကို ချေဖျက်နေသည်။

ယခုအထိ သူကတိုက်စစ်မထုတ်နိုင်သေးပါ။

တင်းမိန်၏ ပြင်းထန်လှသော ခေါးချက်များကိုသာ သတိထား၍ ခုခံနေရသည်။

သို့သော် အချိန်ကြာလာသည်နှင့်အမျှ ရွှေခေါးသိုင်းကွက်များကို သဘောပေါက်နားလည်လာခဲ့သည်။

ရွှေခေါး သိုင်းကွက်များ၏ ပရိယာယ်ကို သိမြင်လာခဲ့၏။

ထို့ကြောင့် သိုင်းကွက် ၂၀၀– နားကပ်လာချိန်တွင် သူသည် တင်းမိန်၏ပြင်းထန်လှသော ခေါးကွက်များကိုအလွယ်တကူပင် ခုခံချေဖျက်လာနိုင်ခဲ့လေသည်။

ထို့အပြင် သူက ရံဖန်ရံခါပင် ပြန်လည်တိုက်စစ်ဆင်လာနိုင်ခဲ့သည်။

တင်းမိန် အံ့သြသွားသည်။

ဖူဝမ်စင်းသည် အချိန်ကြာလေလေ သူ့ကိုယ်ပင် ဒုက္ခပေးလာနိုင်လေပင်မဟုတ်ပါလား။

သူက သိုင်းကွက် ၂၀၀-ခန့်တိုက်ခိုက်ပြီး၍ မောပန်းလာသော်လည်း ဖူဝမ်စင်းက မောပန်းခြင်းမရှိပါ။

ဆားမာန်အပြည့်နှင့်ပင် ပြန်လည်တိုက်ခိုက်နိုက်၏။



စင်စစ် ဖူဝမ်စင်းသည် ချင်းမိန်ဂိုဏ်း၏ ဝါရင့်ဂိုဏ်းသားများအားလုံးက အတွင်းအား ပို့ပေးထား သောကြောင့် အလွန်ပင်အတွင်းအားကောင်းနေခြင်း ဖြစ်သည်။

တင်းမိန်သည် လွယ်လွယ်နှင့် အနိုင်မရလေ ဒေါသထွက်လေဖြစ်လာသည်။

ထို့ကြောင့် သူ၏ ခေါးကွက်များမှာ အဟွားအယွင်းများ ပါရှိလာလေသည်။

ဖူဝမ်စင်းသည် တင်းမိန်၏ခေါးကွက် နှောင့်နှေးသွားသည့် တစ်ခဏအတွင်း တန်ပြန်တိုက်ခိုက်စစ်ဆင်လိုက်သည်။

ပြင်းထန်လှသော သူ၏ခေါးသံများကြောင့် တင်းမိန်သည် နောက်ဆုတ်သွားရလေသည်။

သူသည် ခေါးချက်ခုနစ်ချက်တိတိဆုတ်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖူဝမ်စင်းက အလွတ်မပေးဘဲ နောက်မှ လိုက်လံတိုက်ခိုက်လိုက်သည်။

အခြေအနေ ပြောင်းလဲသွား၏။

ယခုတစ်ကြိမ်တွင် တင်းမိန်သည် ဖူဝမ်စင်း တိုက်ခိုက်လာသမျှကို ခုခံရသော အနေအထားသို့ ရောက်ရှိသွားလေတော့သည်။

ရှိုကျို့ သက်ပြင်းချလိုက်၏။

သူ၏မျက်နှာပေါ်တွင် အပြုံးပေါ်လာသည်။

ဖူဝမ်စင်း အနိုင်ယူနိုင်တော့မည့် အခြေအနေကို တွေ့မြင်နေရပြီ မဟုတ်ပါလော။

သိုင်းကွက် ၂၀၀-ကျော်လာပြီဖြစ်သည်။

တင်းမိန်၏ နဖူးပေါ်တွင် ချွေးများရွှဲလာ၏။

သူသည် ဖူဝမ်စင်းအား မည်သို့မျှ အနိုင်မယူနိုင်တော့ကြောင်း ကောင်းစွာရိပ်စားမိလိုက်သည်။

ထိုအခါ သူသည် လျူဝမ်အန်နှင့် ဓားအနိုင်ယူခဲ့သော နည်းလမ်းကိုအသုံးပြုရန် ကြံစည်လိုက်သည်။

နေရောင်ကို ရွှေဓားဖြင့် ခံယူ၍ ဖူဝမ်စင်း၏ မျက်လုံးကို ရောင်ပြန်ထိုးလိုက်လေသည်။



ဖူဝမ်စင်း၏ မျက်လုံးပြာဝေသွားသည်။

သို့သော် သူသည် သတိလုံးဝမလွှတ်ဘဲ ဓားကို(၉)ချက် တိတိထုတ်ဆင့်ကာ ဟန့်တားလိုက်သည်။

တင်းမိန်ကား ဖူဝမ်စင်းမျက်လုံးစူးရှသွားပြီး မျက်လုံးပိတ်သွားသည်ကိုတွေ့သည်နှင့် ရှေ့သို့အတင်းတက်လိုက်ပြီး ပွဲသိမ်းတိုက်ခိုက်ရန် ကြံစည်လိုက်သည်။

သို့သော် သူသည် ဖူဝမ်စင်းက ဟန့်တားသည့်သဘောနှင့် တိုက်ခိုက်လိုက်သော ဓားချက်များကိုသတိမပြုမိပါ။

မကောင်းကြံချင်ဇောနှင့် အတင်းရှေ့တိုးလိုက်ရာ…

'အား'

ဖူဝမ်စင်း၏ ဓားချက်ထိမှန်ကာ ကြမ်းပြင်ပေါ်သို့ပုံလျက်သား လဲကျသွားလေတော့သည်။

ရိုကျို အလွန်ပင် ပျော်ရွှင်သွားနေသည်။

'ဖူဝမ်စင်းရဲ့ စွမ်းဆောင်ချက်ကို ဂိုဏ်းချုပ်က ချီးကျူးမှာ သေချာပါတယ်'

ဖူဝမ်စင်းက....

'ဘာပဲပြောပြော ချင်းမိန်ဂိုဏ်းက ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့တာပဲ ကျေးဇူးတင်လှပါပြီ'

ရိုကျိုက....

'လာ ငါတို့ဂိုဏ်းချုပ်ဆီ သွားကြမယ်'

'ကျွန်တော် မလိုက်နိုင်သေးဘူး၊ ဘာဘာပဲသွားပါ'

'ဘာဖြစ်လို့လဲ'

ဖူဝမ်စင်းက သက်ပြင်းချလိုက်ပြီး....

'အခုချိန်မှာ ကျွန်တော်ဟာ ဝရမ်းပြေး တစ်ယောက်ပါ၊ ဒီအမှုကို ပြီးပြတ်အောင် ဖြေရှင်းရပါဦးမယ်'



ဖူဝမ်စင်းက....

'ဒါဆို ကျွန်တော်က သက်သေဖြစ်တဲ့ ရှန်းကျဲနဲ့ ရှန်းမေကို နယ်စားကြီးထံ ခေါ်လာခဲ့မယ်၊ ဘာဘက ဂိုဏ်းချုပ်ကို သတင်းပို့ပြီး လိုက်လာခဲ့ပါ'

'ကောင်းတယ်၊ ကျုပ် ၃ ရက်အတွင်း နယ်စားဂေဟာကို ရောက်နေမယ်လို့ ကတိပေးတယ်'

သူတို့နှစ်ယောက်သည် နှုတ်ဆက်ကာ လမ်းခွဲလာခဲ့ကြ၏။

ဖူဝမ်စင်းသည် ရှမ်းမေ ပေးထားသော ယင်းပေ့သို့ ဦးတည်၍ လျင်မြန်စွာ ခရီးဆက်လာခဲ့လေတော့သည်။

မိုးယက္ခတစ်ယောက် ရှမ်းမေတို့အိမ်သို့ ရောက်ရှိနေသည်မှာ ၁၅ ရက်ခန့် ရှိပြီဖြစ်သည်။

သူသည် ရှန်းမေအား သူ၏သမီးဖြစ်ကြောင်း သိပြီးသည့်နောက်ဝယ် ရှန်းမေအား အမြဲပင် အရိပ်တကြည့်ကြည့် နေခဲ့သည်။

သူ၏ဒဏ်ရာများလည်း အတော်ပင် ပျောက်ကင်းနေပြီ ဖြစ်၏။

ထို့ကြောင့် နေ့စဉ်ပင် ရှန်းမေနှင့်အတူ အိမ်အလုပ်များ ကူညီပေး၏။

ဟင်းရွက်စိုက်ခင်းကိုလည်း ကူညီလုပ်ကိုင်ပေး၏။

ရှန်းမေနှင့် အတူ နေရ၍ အလွန်ပင် ပျော်ရွှင်နေလေသည်။

သမီးဟု ခေါ်ရသည်မှလွဲ၍ အားလုံး ပြီးပြည့်စုံနေပြီ မဟုတ်ပါလား။

သို့သော် သူသည် သမီးဟု ပိုင်ပိုင်နိုင်နိုင် ခေါ်ချင်သည့် စိတ်များကိုမူ မနည်းပင် ချုပ်ထားရသေးသည်။



'ဘဘ... ထမင်းစားမယ်'

မိုးယက္ခက ဟင်းရွက်စိုက်ခင်းကို ပေါင်းသင်နေရာမှ ပြီးလျက် အလုပ်ကို လက်စသတ်လိုက်ပြီး လက်ဆေးကာ အိမ်ထဲ ဝင်လာခဲ့၏။

ထမင်းဝိုင်းတွင် ရှမ်းကဲ့ ရှိ၏။

ရှန်းကဲ့၏ အေးစက်တင်းမာသောမျက်နှာသည် ရှန်းမေ၏ အပြုံးငင်ချက်နှင့်ပင် သူက ခွင့်လွှတ်လဲလှယ်နိုင်ခဲ့၏။

ရှန်းမေက....

'ကဲ....ဘဘ စား၊ ဒီကနေ့ ဟင်းကောင်းတယ်'

ပြောရင်း ဟင်းများကို မိုးယက္ခ ပန်းကန်ထဲ ထည့်ပေးနေ၏။

ရှန်းကဲ့ သက်ပြင်းချလိုက်၏။

သွေးက သားအဖဟု ပြောပြနေသည် မဟုတ်ပါလား။

ထိုစဉ်မှာပင် အိမ်တံခါးခေါက်သံ ထွက်ပေါ်လာ၏။

'ခေါက်....ခေါက်... ခေါက်'

ရှန်းကဲ့ မျက်မှောင်ကြုတ်သွား၏။

'ဘယ်ကဧည့်သည်များပါလိမ့်'

ရှန်းမေက....

'သမီး သွားကြည့်လိုက်မယ်'

သူမက အိမ်ဒရှတံခါးကို ဖွင့်ပေးလိုက်ရာ....

'ဟင်....အစ်ကို'

ရှန်းမေ အလွန်ဝမ်းသာသွား၏။

မမျှော်လင့်ဘဲ ဖူဝမ်စင်းနှင့် တွေ့လိုက်ရသည် မဟုတ်ပါလား။

'လာအစ်ကို အထဲမှာ မေမေရှိတယ်'

သူမက ဖူဝမ်စင်း၏ လက်ကိုဆွဲကာ ထမင်းစားခန်းဆီသို့ ခေါ်ဆောင်လာခဲ့လေသည်။

ဖူဝမ်စင်းသည် မိုးယကွာအား တွေ့လိုက်ရသောအခါ ခြေလှမ်း ရပ်တန့်သွားသလို မိုးယကွာမှာလည်း ဖူဝမ်စင်းအား တွေ့လိုက်ရသဖြင့် ထမင်းစားနေရာမှ ရပ်တန့်သွား၏။

ဖူဝမ်စင်း မျက်နှာ တင်းမာသွား၏။



'အတော်ပဲ၊ လူယုတ်မာက ဒီရောက်နေတာကိုး၊ ဒီတစ်ခါ ခင်ဗျား ကျုပ်လက်က မလွတ်ဘူး'

သူက ပြောပြောဆိုဆို မိုးယကွာအား တိုက်ခိုက် ဟန်ပြင်လိုက်၏။

ရှန်းမေ ထိတ်လန့်သွားပြီး မိုးယကွာရှေ့မှ ကာကွယ်ပေးလိုက်၏။

'အစ်ကို ဘာလုပ်တာလဲ'

ဖူဝမ်စင်းက....

'သူဟာ မင်းသားလေး ဟို့ကွမ်းဘက်ကနေပြီး ကျုပ်ကို မတရား အမှုဆင်ပြီး စွပ်စွဲခဲ့တယ်၊ သူ့ကြောင့် ကျုပ် မတရား သက်သက် ထောင်ကျခံရတယ်၊ အခု ဝရမ်းပြေးဖြစ်ခဲ့ရတယ်'

'ဟင်'

ရှန်းမေ မိုးယကွာဘက် လှည့်ကြည့်လိုက်သည်။

မိုးယကွာက ခေါင်းညိတ်လိုက်၏။

ရှန်းမေက....

'ဘာပဲဖြစ်ဖြစ် ဘာဘဟာ ကျွန်မဧည့်သည်၊ သူ့ကိုယ်စား ကျွန်မ ခုခံမလွှတ်နိုင်ဘူး'

ဖူဝမ်စင်းက...

'ကောင်းပြီလေ၊ ကျုပ် အခုလာတာက ဒီအမှုသို့ နယ်စားကြီးထံမှာ တင်ပြပြီး အဖြစ်မှန် ပေါ်အောင် ဆောင်ရွက်မလို့ပါ၊ ဒီမယ် မိုးယက္ခ ခင်ဗျား မကာရာ:သက်သေ ဘွက်ဆိုခဲ့တယ်ဆိုတာကို ဝန်ခံပေးလို့ ကျုပ် တောင်းပန်ပါတယ်'

မိုးယက္ခ တွေဝေသွား၏။

သူက ဝန်ခံလျှင် မဘာရား သက်သေခံအမှုဖြင့် အပြစ်ကျခံနိုင်ပေသည်။

'ကျုပ်...ကျုပ်'

ကိုစဉ် ရှမ်းကျဲ အသံ ထွက်ပေါ်လာ၏။

'ဒီမယ် ချုံချစ်လုံ၊ ရှင်က အမှန်ကို ဝန်မခံရဲရင်တော့ ကျန်မ ာစ် ‌သ ‌ဲလုံး ရှင့်မျက်နှာ မကြည့်တော့ဘူး'

ရှန်းမေ မျက်လုံးပြူးသွား၏။

မိုးယက္ခက...

'ရှန်းကျဲ၊ ငါ အမှန်ကိုဝန်ခံရင် မင်း ငါ့ကို အရင်အတိုင်း ပြန်ပြီး လက်ခံမှာလား'

ရှန်းကျဲက ပြုံးလျက် ခေါင်းညိတ်လိုက်၏။

'ရှင့်ဇနီးနဲ့ရှင့်သမီးကို သူက ကာကွယ်ခဲ့တယ်၊ ရှင်က သူ့ကို ထောင်ကျအောင် လုပ်မယ်ဆိုရင် ဘယ်သင့်မှာလဲ'



ရှန်းမေက....

'မေမေ၊ ဘဘဟာ ချုံချစ်လုံ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို... ဖေဖေ'

'ဖေဖေ'

သူမက ဝမ်းသာအားရ အော်ဟစ်ရင်း ချုံချစ်လုံအား ပြေးဖက်လိုက်လေသည်။

'သမီး'

ချုံချစ်လုံမှာလည်း မျက်ရည်များလည်လျက် သမီးဖြစ်သူအား သိုင်းဖက်ထားလိုက်လေသည်။

သူ ပြစ်ဒဏ် မည်မျှကျခံရပါစေ မမှုတော့ပါ။

သူ့မိသားစုနှင့် သူ ပြန်ဆုံရတော့မည် မဟုတ်ပါလား။

❦

နောက် သုံးလအကြာ....

အရာရာ အေးချမ်းသွားပြီ ဖြစ်၏။

နယ်စားကြီးသည် အမှုကို အစမှ ပြန်လည်စစ်ဆေးပေးခဲ့၏။

ထိုအခါ မင်းသားလေး ဟို့ကွမ်း၏ မတရားပြုကျင့်မှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာ၏။

တစ်ဖန် နေပြည်တော်မှ ထွက်ပြေးသွားသော ဝရမ်းပြေး မီးနဂါးကို လက်ခံထားခြင်းလည်း ပေါ်ပေါက်ခဲ့၏။

လုံစန်း အုပ်ချုပ်ရေးမှူးကလည်း မင်းသားလေး အလိုကျ အာဏာ အလွဲသုံးစားခဲ့ကြောင်း ပေါ်ပေါက်သွား၏။

နယ်စားကြီးသည် ဖူဝမ်စင်းအား မတရားစွပ်စွဲ အပြစ်ပေးခြင်းကို ပယ်ဖျက်ပေးလိုက်၏။

ထို့နောက် မင်းသားလေး ဟို့ကွမ်းနှင့် အပေါင်းပါအားလုံးကို ထိုက်သင့်သော ပြစ်ဒဏ် ပေးခဲ့လေသည်။

အရာရာ အားလုံး ပြီးဆုံးခဲ့ပြီ ဖြစ်၏။

အမှန်တရားကို မည်သို့မျှ ဖုံးကွယ်ထား၍ မရကြောင်း ထင်ရှားနေပြီ မဟုတ်ပါလော။

❦



ယင်းဝေ့နယ်....

ရှန်းကဲ့၏အိမ်ကလေးတွင် ရောင်စုံမီးများ ထွန်းညှိထား၏။

အိမ်ကလေးထဲတွင် စားပွဲများ ခင်းကျင်းထား၏။

အခမ်းအနားတစ်ခုခု ကျင်းပမည့်ပုံပင် ဖြစ်၏။

ကူညီလုပ်ကိုင်ပေးနေကြသူများသည် အနီရောင်ဝတ်စုံ ဝတ်ဆင်သော ချင်းမိန် ဂိုဏ်းသားများပင် ဖြစ်ပါသည်။

ရှန်းမေနှင့် ရှန်းကဲ့တို့သည် ပြင်ဆင်လုပ်ကိုင်ရင်းမှ မကြာခဏပင် အပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေ၏။

နေရောင်ပင် ပျောက်ကွယ်တော့မည် ဖြစ်သည်။

ရှန်းမေ စိတ်ပူပန်စွာဖြင့် ပြောလိုက်၏။

'မေမေ.... သူတို့ ရောက်ဖို့သင့်ပြီ'

'မကြာခင် ရောက်လာမှာပါ သမီးရယ်'

'အခုထိ မလာသေးဘူး ကြာလိုက်တာ'

ထိုစဉ်မှာပင် မြင်းခွာသံ ထွက်ပေါ်လာ၏။

အပြင်း မောင်းနှင်လာသော မြင်းလှည်း တစ်စီးသည် ရှန်းမေတို့ အိမ်ရှေ့သို့ ထိုးဆိုက် ရောက်ရှိလာ၏။

ထိုမြင်းလှည်းပေါ်တွင် ဖူဝမ်စင်းနှင့် မိုးယကျွဲချုံချစ် လုံ့တို့ လိုက်ပါလာကြ၏။

ဖူဝမ်စင်းသည် ဆောင်မှလှဘ်လာသော မိုးယက္ခချုံချစ်လုံ အား သွား၍ ကြိုဆိုလာခြင်းပင် ဖြစ်ပါသည်။

'မေမေ ပြန်လာပြီ'

ရှန်းမေက ဝမ်းသာအားရ အော်ဟစ်ရင်း ပြေးကာ ဆီးကြို လိုက်၏။

မိုးယက္ခချုံချစ်လုံသည် ဆံမီးကိုပွေ့ဖက်ရင်း ဇနီးဖြစ်သူ ရှန်းကဲ့အား လှမ်းကြည့်လိုက်၏။

ရှန်းကဲ့၏မျက်နှာပေါ်မှ နွေးထွေးသော အပြုံးတို့ကို တွေ့မြင်လိုက်ရသောအခါ သူ၏ရင်ထဲ၌ အလွန်ပင် ပျော်ရွှင် ချမ်းမြေ့သွားလေတော့သည်။

❦

ပြီး၏။

နန္ဒကျော်သူ